htpp://www.dhammadownload.com

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၂၇)

# ကောသလအိပ်မက် နှင့် ယနေ့ကမ္ဘာ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ ❖ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ

htpp://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

# ဦးမောင်အေး + ဒေါ်မြမြစိန်

## သား ၊ သမီး ၊ မြေးများ

## မိသားစု

နတ်လူသာခုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၀၉၃

htpp://www.dhammadownload.com

htpp://www.dhammadownload.com

htpp://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ကောသလအိပ်မက်နှင့် ယနေ့ကမ္ဘာ

htpp://www.dhammadownload.com

**ကွန်ပျူတာစာစီ**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

**ထုတ်ဝေသူ**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ညွှန်ကြားရေးမှူး ဦးဘဟိန်း

မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

**တရားစာအုပ်များကို**

**ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်**

htpp://www.dhammadownload.com

# ကောသလအိပ်မက်နှင့် ယနေ့ကမ္ဘာ
# အပိုင်း—၁

သာသနာတော်နှစ် ၂၅၅၈-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၆-ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀-ရက်၊ ၁၃. ၄. ၂၀၁၅၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာရွာ ဓမ္မသဟာယသာသနစင်တာ ဓမ္မရတိ မဟာဓမ္မသဘာ ဓမ္မာရုံ ကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် နှစ်သစ်ကူး အထူးဓမ္မသဘင်ပွဲ၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊ ကိုဝေဖြိုးအောင် Chairman GMG Co.,Ltd နှင့် မဉ္ဇူမှာကျော်ထွန်း၊ ဗိုလ်ကြီးခိုင်ကျော်ဦး D.S.M.A နှင့် မလွင်ယဉ်မင်း ချစ်မြေးများ ချစ်သူ့ဆွေနှင့် ကြင်သူ့ဆွေမိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော "ကောသလအိပ်မက်နှင့် ယနေ့ကမ္ဘာ"အကြောင်း တရားဒေသနာတော်။

htpp://www.dhammadownload.com



**"ကောသလအိပ်မက်နှင့် ယနေ့ကမ္ဘာ"** ဗုဒ္ဓမြတ်စွာရဲ့ ခေတ်ကာလမှာ မြတ်စွာဘုရားနဲ့ သက်တူရွယ်တူ ပသေနဒိ ကောသလမင်းကြီးဆိုတာ ရှိတယ်၊ မြတ်စွာဘုရားနဲ့ အလွန် ရင်းနှီးတယ်၊ သာဝတ္ထိမြို့မှာ မြတ်စွာဘုရား နှစ်ပေါင်းနှစ်ဆယ် ကျော် သီတင်းသုံးတဲ့အခါ ကောသလမင်းကြီးဟာ ကျောင်း တော်ကို တစ်နေ့သုံးခေါက်လောက် အမြဲတမ်းသွားလေ့ရှိပြီး မြတ်စွာဘုရားနဲ့ အလွန်ရင်းနှီးတဲ့ဘုရင်တစ်ပါး ဖြစ်တယ်၊ ဘယ်လိုပဲ ရင်းနှီးရင်းနှီး ရံဖန်ရံခါ ကောသလမင်းကြီးဟာ မှား မှားယွင်းယွင်း လုပ်ရပ်တွေကို လုပ်လေ့ရှိတယ်၊ သူ့ရဲ့ကြင်ယာ တော်ဖြစ်တဲ့ မလ္လိကာမိဖုရားက ထက်မြက်တယ်၊ ပညာရှိတယ်၊ သို့သော် မင်းမျိုးမင်းနွယ်တော့ မဟုတ်ဘူး၊ ပန်းဥယျာဉ်စိုက်ပျိုး ပြီး အရောင်းအဝယ်လုပ်ရတဲ့မိသားစုက ပေါက်ဖွားလာတဲ့ သတို့သမီးဖြစ်တယ်၊ ပညာအလွန်ထက်မြက်တယ်၊ ကောသလ မင်းကြီးလမ်းမှားပြီဆိုလို့ရှိရင် မလ္လိကာက လမ်းဖြောင့်ပေးလေ့ ရှိတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် သာဝတ္ထိမြို့မှာ သီတင်းသုံးနေတဲ့အချိန် အဖြစ်အပျက်တွေ များစွာ ဖြစ်ပျက်ခဲ့ တာ၊ အဲဒီမှာ ကောသလမင်းကြီးဟာ အိပ်မက်တွေ အမျိုးမျိုး မြင်မက်ခဲ့တယ်၊ ပိဋကတ်မှာ မှတ်တမ်းတင်ရလောက်အောင် မက်တဲ့ သူ့ရဲ့အိပ်မက်တွေဟာ တစ်ဆယ့်ခြောက်မျိုးရှိတယ် ဆိုတာ ကြားဖူးနားဝတော့ ရှိနေကြတာ ဖြစ်တယ်။

htpp://www.dhammadownload.com


အိပ်မက်နဲ့ ပတ်သက်ပြီး မြန်မာစကား 'အိပ်မက်' ဆိုတာ ပါဠိလိုကျတော့ 'သုပိန' လို့ ခေါ်တယ်၊ သို့မဟုတ် '**သုပိနန္တ**'၊ အဲဒီစကားလုံးနှစ်လုံးနဲ့ အသုံးပြုတယ်၊ အိပ်မက်ဆိုတာ အိပ်ပျော်နေတဲ့အချိန်မှာ မြင်မက်လေ့ရှိတဲ့ စိတ်ရဲ့ ခံစားမှုတစ်မျိုးကို အိပ်မက်လို့ ခေါ်တာ၊ အိပ်ပျော်နေတဲ့အချိန်မှာ မြင်မက်လေ့ရှိတယ်၊ တွေ့ကြုံခံစားရလေ့ရှိတယ်။

ဒီနေရာမှာ အိပ်မက်ဆိုတဲ့သဘာဝတရားကို အဘိဓမ္မာသဘောအရ ကြည့်မယ်ဆိုရင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေတဲ့အချိန်မှာ အိပ်မက်မက်တာလားလို့ဆိုတော့ မဟုတ်ဘူးတဲ့၊ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေလို့ရှိရင် 'ဘဝင်စိတ်' လို့ ခေါ်တဲ့ ငြိမ်သက်တဲ့စိတ်သာ ဖြစ်နေတယ်၊ ပဋိသန္ဓေစိတ်လို အတိတ်ကအာရုံတစ်ခုနဲ့ ငြိမ်သက်စွာ ဖြစ်ပေါ်နေတဲ့ ဘဝင်စိတ်တွေ စဉ်ဆက်မပြတ်ဖြစ်နေတဲ့အခါမှာ လူတွေဟာ အိပ်မက်မမက်ဘဲနဲ့ အိပ်မောကျနေတယ်ပေါ့၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်ပေါ့၊ အိပ်မက်မမက်ဘူး။

အိပ်မက်မက်တယ်ဆိုတာ "**ကပိမိဒ္ဓ ပရေတ**"တဲ့၊ စာပေကျမ်းဂန်မှာ "**ကပိမိဒ္ဓ** - မျောက်မြီးငိုက်"လို့ ဘာသာပြန်လေ့ရှိတယ်၊ **ကပိ**-ဆိုတာ မျောက်၊ **မိဒ္ဓ**-ဆိုတာ ငိုက်တာ၊ မျောက်ဆိုတာ အားလုံးသိကြတဲ့အတိုင်း သစ်ပင်ပေါ်နေတဲ့သတ္တဝါ၊ သစ်ပင်ပေါ်နေတဲ့သတ္တဝါဆိုတာဟာ မြေကြီးပေါ်နေရတာလို လွတ်လွတ်လပ်လပ်ကြီး မဟုတ်ဘူး၊ သစ်ပင်ပေါ်က ခြေချော် လက်ချော် အချိန်မရွေးကျနိုင်တယ်၊ ဒါကြောင့်မို့ မျောက်များ

htpp://www.dhammadownload.com



ဟာ အိပ်လိုက်ပြီဆိုရင် ဖျတ်ခနဲအိပ်ပျော်သွားလိုက် ဖျတ်ခနဲ နိုးလိုက်၊ ဖျတ်ခနဲအိပ်ပျော်လိုက် ဖျတ်ခနဲနိုးလိုက်၊ ဒါကို မျောက်မြီးငိုက်လို့ ခေါ်တယ်၊ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော် သွားတာမျိုး မရှိဘူးတဲ့။

အဲဒီလို မျောက်မြီးငိုက်သလို လူဟာ အိပ်ပျော်တစ်ဝက် နိုးတစ်ဝက်ဆိုတဲ့အချိန်မျိုးမှာ ဘဝင်စိတ်ဖြစ်လိုက် ဝီထိစိတ် ဖြစ်လိုက် ဘဝင်စိတ်ဖြစ်လိုက် ဝီထိစိတ်ဖြစ်လိုက် ဖြစ်နေတယ်၊ ဘဝင်စိတ်ဆိုတဲ့ Passive mind လို့ ခေါ်တဲ့ ဘာမှလှုပ်ရှားမှု မရှိတဲ့စိတ် ဖြစ်ပေါ်လာတဲ့အခါ မိန်းမောအိပ်ပျော်သွားပြီး ဝီထိစိတ်ဖြစ်တဲ့အခါမှာ စိတ်လှုပ်ရှားမှုလေးတွေ ပေါ်လာတယ်၊ သို့သော် ဘဝင်စိတ်နဲ့ ဝီထိစိတ်ဟာ အလျင်အမြန် ပြောင်းလဲ ဖြစ်နေသည့်အတွက် အိပ်မက်မက်တာ ဖြစ်တယ်၊ နိုးနေသလို ပီပီပြင်ပြင် action တွေ မရှိဘူး၊ သို့သော် စိတ်ခံစားမှုရှိနေ တယ်၊ အိပ်မက်ဆိုတာ လူတိုင်းမက်ဖူးကြတာ ဖြစ်သောကြောင့် အိပ်မက်အတွေ့အကြုံတွေကတော့ ရှိနေကြတာပဲပေါ့၊ နိုးတစ် ဝက် အိပ်ပျော်တစ်ဝက် မျောက်မြီးငိုက်တဲ့အချိန်မျိုးမှာ အိပ်မက် မက်လေ့ရှိတယ်တဲ့၊ ဒီလိုဆိုတယ်။

ဒီတော့ အိပ်မက်မက်တာဟာ လူတိုင်း အိပ်မက်မက် သလားလို့ဆိုရင် ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ အိပ်မက်မက်လေ့ရှိကြ တယ်၊ တစ်ခါ သောတာပန် သကဒါဂါမ် အနာဂါမ်အဖြစ် ရောက်တဲ့အခါမှာလည်း အိပ်မက်မက်တယ်၊ ရဟန္တာဖြစ်သွား ပြီဆိုရင်တော့ '**ဝိပ္ပလ္လာသ**'လို့ ဆိုတဲ့ အမှတ်မှားတာတွေ အသိ

htpp://www.dhammadownload.com



မှားတာတွေ မရှိတော့ဘူး၊ စိတ်အစဉ်က ကြည်လင်နေတာဖြစ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်များ အိပ်မက်မက်လေ့ မရှိဘူးတဲ့၊ ဒီလိုဆိုတယ်၊ ဘုရားရဟန္တာတွေဟာ အိပ်မက်မမက်ဘူး၊ အိပ်မက်မက်တာဟာ ပုထုဇဉ်နဲ့ သေက္ခလို့ ပြောတယ်၊ ပုထုဇဉ်ပုဂ္ဂိုလ်တွေ အိပ်မက်မက်ကြတယ်၊ သောတာပန် သကဒါဂါမ် အနာဂါမ်ထိအောင် အိပ်မက်မက်မှုတွေ ရှိတတ်တယ်။

လောကကြီးမှာ လူတွေဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တဲ့အခါ ရှိသလို နှစ်နှစ်ခြိုက်ခြိုက် မဟုတ်ဘဲနဲ့ နိုးလိုက် အိပ်ပျော်လိုက်, ဖျတ်ခနဲအိပ်ပျော်လိုက် ဖျတ်ခနဲနိုးလာလိုက်၊ နိုးတာတောင်မှ သိသိသာသာကြီးနိုးတာ မဟုတ်ဘဲနဲ့ ဘဝင်စိတ်ဖြစ်လိုက်, ဝီထိစိတ်ဖြစ်လိုက်ဆိုတော့ သေသေချာချာ နိုးတာမဟုတ်သည့်အတွက်ကြောင့် လူအနေနဲ့ကတော့ ဘာမှသိပ်ပြီးမသိလိုက်ဘူး၊ အိပ်မက်ထဲမှာ တွေ့ကြုံနေရတဲ့အာရုံနဲ့ပဲ လှုပ်ရှားနေတယ်၊ အဲဒီလိုအိပ်မက်ဆိုတာ လူတိုင်းလူတိုင်း ခံစားကြရတာ။

အဲဒီလို ခံစားတဲ့အခါမှာ အိပ်မက်ဆိုတာ ကုသိုလ်လား, အကုသိုလ်လား, ကုသိုလ် အကုသိုလ်မှ တစ်ပါးလားလို့ မေးခွန်းထုတ်စရာ ရှိတယ်ပေါ့၊ အိပ်မက်မက်တဲ့အခါမှာ ရံဖန်ရံခါ အိပ်မက်ထဲမှာ ဒေါသတွေ ထွက်နေတာတို့, တစ်ဦးတစ်ယောက်ကို ရိုက်နှက်သတ်ဖြတ်တာတို့, ဒီလို အိပ်မက်ထဲမှာ ဒုစရိုက်မှုတစ်ခုကို ကျူးလွန်ပြီး လောဘဒေါသတွေ လွှမ်းမိုးဖြစ်နေတယ်၊ တစ်ခါတစ်ရံကျတော့ အိပ်မက်မက်ရင်းက လူ

htpp://www.dhammadownload.com


ဟာ ပေါက်ထွက်လာပြီးတော့ အသံတွေ ဘာတွေ ထွက်လာသည်ထိအောင် ဖြစ်တတ်တယ်ပေါ့နော်၊ စိတ်ခံစားမှုတွေ ပြင်းထန်လာတဲ့အခါ အိပ်မက်တွေက သာမန် စိတ်တင် ဖြစ်ရုံမျှမက အသံထွက်လာသည်ထိအောင် ဖြစ်လာတတ်တာမျိုးတွေလည်း ရှိတယ်ပေါ့။ အကုသိုလ်စိတ်နဲ့ အိပ်မက်ထဲမှာ သတ်တယ် ဖြတ်တယ်, ဒုစရိုက်မှုတွေ လုပ်တယ်ဆိုတာတို့, ကြောက်လို့ ပြေးရတာတို့ တစ်စုံတစ်ယောက် ရန်သူတွေက ကိုယ့်ကို ဝိုင်းလိုက်လို့ ပြေးရတာတို့၊ အဲဒီလိုဟာမျိုးတွေ မကောင်းတဲ့ စိတ်ခံစားမှုတွေနဲ့ မက်တဲ့အိပ်မက်ဟာ အကုသိုလ်ပဲတဲ့။

အဲဒီလို မဟုတ်ဘဲနဲ့ ကြည်လင်အေးမြစွာ တောတောင် ရေမြေ ကြည်ညိုဖွယ်ကောင်းတဲ့ဘုရားပုထိုးတွေ လှည့်လည်ပြီး ရှိခိုးရတယ်၊ စာသင်နေတာတို့ တရားနာနေတာတို့ တရားအားထုတ်နေတာတို့ ဘုရားဖူးနေရတာတို့ စသည်ဖြင့် ဒီလို ကောင်းတဲ့အနေအထားမျိုးတွေနဲ့လည်း အိပ်မက်က မက်တတ်တယ်၊ အဲဒါကျတော့ ကုသိုလ်ဖြစ်တယ်၊ ဆိုလိုတာက ကုသိုလ်စိတ်နဲ့ အိပ်မက်မက်ရင် ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တွေနဲ့ အိပ်မက်မက်လို့ရှိရင် အကုသိုလ်စိတ် ဖြစ်တယ်။

ဒါဖြင့် အဲဒီ ကုသိုလ် အကုသိုလ်ကရော အကျိုးပေးသလား မေးမယ်ဆိုရင် ဘဝတစ်ခုကို ဖြစ်စေတတ်တဲ့ ပဋိသန္ဓေကျိုးကိုတော့ မပေးနိုင်ဘူး၊ ဆိုလိုတာက Rebirth လို့ဆိုတဲ့ ဘဝတစ်ခုမှာ မွေးဖွားမှုကို ဖြစ်စေနိုင်လောက်တဲ့ ကံမျိုးစေ့တော့ မဟုတ်ဘူး၊ အဲဒီအိပ်မက်ထဲက စေတနာနဲ့ ဘဝတစ်ခုမှာ

htpp://www.dhammadownload.com



သတ္တဝါအနေနဲ့ ဖြစ်လောက်အောင် အဲဒီစေတနာက မျိုးစေ့ မအောင်ဘူးတဲ့၊ သို့သော်လည်း ဘဝလို့ ဖြစ်လာပြီးတဲ့အခါ ပဝတ္တိလို့ ခေါ်တဲ့ ဘဝတစ်ခုဖြစ်စဉ်အတွင်းမှာတော့ အိပ်မက်ထဲက အကုသိုလ်, ကုသိုလ်တွေဟာ အကျိုးသက်ရောက်မှုလေးတွေ ရှိတတ်တယ်လို့ ဒီလိုဆိုတယ်နော်၊ ဒီတော့ အိပ်မက်မက်တဲ့အခါမှာ ကောင်းတာတွေ မက်မယ်ဆိုရင် ကောင်းကျိုးချမ်းသာ အကျိုးသက်ရောက်မှုကို ဖြစ်စေတယ်၊ အိပ်မက်က အကျိုးပေးသေးတယ်၊ မကောင်းတာတွေချည်းပဲ အိပ်မက်မက်နေရင် မကောင်းကျိုးတွေကလည်း သက်ရောက်မှု ဖြစ်စေနိုင်တယ်လို့ စာပေကျမ်းဂန်မှာ အဲဒီလိုဆိုထားတယ်၊ ဒါ မှတ်သားစရာပေါ့။

အိပ်မက်ဆိုတာ အားလုံး ကြားဖူးကြလိမ့်မယ်၊ ဗုဒ္ဓရဲ့ မယ်တော်မာယာဒေဝီဟာ ဘုရားလောင်းလေး သန္ဓေ ခတော့မယ်ဆိုတော့ အိပ်မက်မက်ခဲ့တာပဲ၊ နတ်မင်းကြီးလေးပါးက မိမိအိပ်နေတဲ့သလွန်ကို ထမ်းယူပြီး ဟိမဝန္တာတောင်က ငွေတောင်ဘက်ကို သယ်ဆောင်သွားတယ်၊ ငွေတောင်ရှိ လိုဏ်ဂူကြီးအတွင်းမှာ သလွန်ကို ထားပြီးတော့ ရေမိုးချိုးသန့်စင်ပြီး အဲဒီမှာ အိပ်နေရတယ်၊ အနီးနားမှာရှိတဲ့ ရွှေတောင်ကြီးတစ်ခုမှာ ကျက်စားနေတဲ့ ဆွတ်ဆွတ်ဖြူတဲ့ဆင်ဖြူတော်ကြီးဟာ အဲဒီရွှေတောင်ကြီးပေါ်ကနေ ဆင်းလာပြီး ငွေတောင်ဘက်ကို လာပြီးတော့ မယ်တော်မာယာလျောင်းစက်နေတဲ့အခန်းထဲကို ဝင်လာပြီး လက်ယာရစ်လှည့်ပြီး လက်ယာနံပါးကို ဖောက်ထွင်း

htpp://www.dhammadownload.com


ပြီး ဝမ်းထဲ ဝင်သွားတယ်လို့ အိပ်မက်မက်တယ်၊ ဒါ ဘုရား လောင်းလေး သန္ဓေခတုန်းက မက်တဲ့အိပ်မက်။

**အိပ်မက်အကြောင်း ၄-မျိုး**

ဒီလို အိပ်မက်ဆိုတာမျိုးက အမျိုးမျိုးတော့ မက်တတ်ကြတယ်ပေါ့၊ ထူးထူးဆန်းဆန်းတွေလည်း မက်ကြတယ်ပေါ့၊ ဒီတော့ အိပ်မက်မက်တာဟာ ဘာ့ကြောင့်မက်တာလဲ? အိပ်မက်မက်တာဟာ အကြောင်းမဲ့ဖြစ်တာလားဆိုတော့ လောကမှာ အကြောင်းမရှိဘဲနဲ့ ဘာတစ်ခုမှ မဖြစ်ဘူး၊ အိပ်မက်မက်တာလည်းပဲ အကြောင်းရှိတယ်၊ အိပ်မက်မက်ခြင်းရဲ့အကြောင်း လေးမျိုးလို့ ပါဠိစာပေကျမ်းဂန်မှာတော့ ဆိုထားတယ်။

အိပ်မက်မက်ပြီဆိုတဲ့အခါမှာ ဘာ့ကြောင့် မက်တတ်သလဲဆို **နံပါတ်တစ်အကြောင်းကတော့** ကျန်းမာရေးအခြေအနေကြောင့် မက်တာ၊ လူ့ရဲ့ကျန်းမာရေးအခြေအနေနဲ့ ပတ်သက်ပြီး မက်တယ်၊ အဲဒါကို ပါဠိစကားလုံးနဲ့ ပြောရင် **ဓာတုက္ခောဘ**လို့ ခေါ်တယ်၊ **ဓာတု**ဆိုတာ ဓာတ်ကြီးလေးပါး၊ အဲဒီဓာတ်ကြီးလေးပါးဟာ မညီမမျှဖြစ်ပြီး မငြိမ်မသက် ဖြစ်နေတဲ့ အချိန်အခါမျိုးမှာ အိပ်ပျော်နေရင်း စိတ်ခံစားမှုတွေ ပေါ်လာတတ်တယ်တဲ့၊ ကျန်းမာရေးအခြေအနေအရ ဥပမာမယ် - ပထဝီဓာတ်တွေ များပြီးတော့ ခန္ဓာကိုယ်က တောင့်တင်းနေတဲ့အခါမျိုး ရှိတယ်၊ အာပေါဓာတ်တွေ များပြီးတော့ ခန္ဓာကိုယ်က အေးစိမ့်ပြီး အရည်ဓာတ်တွေ များလာတဲ့သဘော ရှိ

htpp://www.dhammadownload.com



တယ်၊ တေဇောဓာတ်တွေ များလာလို့ ခန္ဓာကိုယ်က ပူလောင်နေတဲ့အနေအထားမျိုးတွေ ရှိတယ်၊ ဝါယောဓာတ်တွေ များပြီးတော့ ခန္ဓာကိုယ်ထဲမှာ လေလှုပ်ရှားမှုတွေ ဖြစ်ပေါ်လာတတ်တယ်၊ အဲဒီလိုဖြစ်ပေါ်လာတဲ့အခါမှာ ဓာတ်အခြေအနေ လွန်ကဲမှုကို အကြောင်းပြုပြီးတော့ အိပ်မက်တွေဟာ အမျိုးမျိုး မက်တတ်တယ်ပေါ့။

ဝါယောဓာတ်တွေ လွန်ကဲပြီဆိုလို့ရှိရင် လူဟာ ကောင်းကင်ပြန်တက်သွားရသလို အိပ်မက်မျိုးတွေ မက်တတ်တယ်ပေါ့၊ အာပေါဓာတ်တွေ လွန်ကဲနေပြီဆိုရင် ရေထဲမှာ ရေကူးနေရတဲ့အိပ်မက်မျိုးတွေ မက်တတ်တယ်ပေါ့၊ အဲဒီလို ဓာတ်လေးပါးအခြေအနေအပေါ်မှာမူတည်ပြီးတော့ အိပ်မက်တွေ မက်တတ်တယ်၊ ပထဝီဓာတ်တွေ လွန်ကဲနေပြီဆိုရင် မလှုပ်နိုင် မယှက်နိုင် ဖြစ်နေတာမျိုးတို့ ထလို့ မရတာမျိုးတွေ ဒါမျိုးတွေ မက်တတ်တယ်ပေါ့၊ အဲဒီလို ဓာတ်လေးပါးချောက်ချားပြီးတော့ ကျန်းမာရေးအခြေအနေတစ်ခုကြောင့် မက်တဲ့ အိပ်မက်မျိုးတွေလည်း ရှိတယ်တဲ့၊ ဒါကြောင့်မို့ ဓာတ်လေးပါး မညီမမျှဖြစ်လို့ရှိရင်လည်း အိပ်မက်မက်တတ်တယ်၊ ဒါကြောင့် ကျန်းမာရေးရှုထောင့်က ပြောတဲ့အခါမှာ အိပ်မက်ခဏခဏ မက်တတ်တဲ့ပုဂ္ဂိုလ်ဟာ ကျန်းမာရေးချို့တဲ့တယ်လို့ ဒီလိုဆိုထားတယ်ပေါ့၊ အိပ်မက်တွေ မက်ပါများရင် ကျန်းမာရေးမကောင်းဘူး၊ အဲဒီလို တစ်ချို့က အိပ်မက်တွေ တစ်ညလုံး မပြီးအောင် မက်တဲ့လူတွေလည်း ရှိတယ်။

htpp://www.dhammadownload.com



ကောသလမင်းကြီးက တစ်ခါတည်း အိပ်မက်မက်တာ နည်းတာ မဟုတ်ဘူး၊ သူမက်တဲ့အိပ်မက်တွေကလည်း အများကြီး၊ အဲဒီလို အိပ်မက်မက်ခြင်းအကြောင်း နံပါတ်တစ်က ဓာတ်လေးပါး ချောက်ချားမှု မညီမျှမှုကြောင့် မက်တယ်တဲ့။

နောက်တစ်ခု **ဒုတိယအကြောင်းကတော့ အနုဘူတ-ပုဗ္ဗ**တဲ့၊ တွေ့ကြုံခံစားဖူးတဲ့ နေ့စဉ်ဖြစ်စေ လွန်ခဲ့တဲ့လတွေက လွန်ခဲ့တဲ့နှစ်တွေကဖြစ်စေ အတွေ့အကြုံတွေ စိတ်ထဲမှာ စွဲလာတဲ့ ခံစားချက်တွေ ရှိတယ်၊ အဲဒါတွေကို စွဲပြီးတော့ ညကျ လို့ရှိရင် အိပ်မက်မက်တတ်တယ်၊ တွေ့ကြုံခံစားမှုတွေကို စွဲပြီးတော့ မက်တဲ့ အိပ်မက်မျိုးတွေကိုလည်း လောကလူတွေဟာ မက်လေ့ရှိကြတယ်တဲ့။

**တတိယအကြောင်း**ကတော့ **ဒေဝတောပသံဟာရ** လို့ ပါဠိလို ဆိုတယ်၊ **ဒေဝတာ + ဥပသံဟာရ**၊ **ဒေဝတာ**ဆိုတာ နတ်၊ **ဥပသံဟာရ** ဆိုတာ ဆောင်ပြတာ၊ နတ်တွေ အိပ်မက် ပေးလို့ မက်တဲ့အိပ်မက်မျိုးလည်း ရှိတတ်တယ်၊ သူတို့က အိပ်မက်မက်အောင် ပြတာမျိုးတွေ ရှိလာတတ်တယ်ပေါ့၊ အဲဒီလို နတ်ပြတဲ့အိပ်မက်မျိုးကိုလည်း လူတွေဟာ မက်လေ့ မက်ထ ရှိကြတယ်တဲ့။

နောက် **လေးခုမြောက်အကြောင်းတရား**ကတော့ ဘာတုန်းလို့ဆိုရင် **ပုဗ္ဗနိမိတ္တ**တဲ့၊ **ပုဗ္ဗနိမိတ္တ**၊ ပုဗ္ဗနိမိတ်ဆိုတာ မဖြစ်ခင်က ကြိုတင်ပြီး ဖြစ်မယ့်အရာတွေကို ဖော်ညွှန်းတဲ့အနေနဲ့ နိမိတ်ပြတဲ့အနေနဲ့ မက်လာတာမျိုးတွေ ဖြစ်တတ်တယ်တဲ့၊

htpp://www.dhammadownload.com



ပုဗ္ဗနိမိတ် နောင်ဖြစ်မယ့်အနေအထားတစ်ခုကို စွဲပြီးတော့ မက်တာ၊ အဲဒါကျတော့ လူတစ်ဦးတစ်ယောက်ရဲ့ ကုသိုလ်ကြောင့် သို့မဟုတ် အကုသိုလ်ကြောင့် မက်တာလည်း ဖြစ်နိုင်တယ်၊ လောကသားတွေနဲ့ဆက်စပ်နေတဲ့ ကုသိုလ်အကုသိုလ်ကြောင့်လည်း ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှာ လာရောက်ပြီး အကြောင်းထင်ဟပ်လာပြီးတော့ မက်တာမျိုးလည်း ရှိတယ်။

ဘုရားအလောင်းဟာ ဘုရားဖြစ်ခါနီး ကဆုန်လပြည့် အဖိတ်နေ့ည တရားဓမ္မကျင့်ကြံကြိုးကုတ်အားထုတ်ရင်း နံနက်မိုးသောက်အချိန် မှေးခနဲပျော်သွားတဲ့အချိန် အိပ်မက်တွေ မက်ဖူးတယ်၊ အဲဒါ"**အိပ်မက်ကြီးငါးမျိုး**"လို့ ခေါ်တယ်၊ မြတ်စွာဘုရားအလောင်းတော် အိပ်မက်မက်တာ မဟာဗုဒ္ဓဝင်မှာ ကြည့်ရင် သိမယ်ပေါ့နော်၊ အဲဒီ နံနက်စောစောအချိန်လေးမှာ ဘုရားလောင်းဟာ တရားဓမ္မကျင့်ရင်းကနေပြီးတော့ ကဆုန်လပြည့်အဖိတ်နေ့ နံနက်မိုးသောက် အလင်းရောက်ခါနီးအချိန်လေးမှာ မှေးခနဲပျော်သွားရာက ဘာတွေ မက်လိုက်တုန်းလို့ဆိုရင် သူ့ရဲ့ခန္ဓာကိုယ်ကြီးက အလွန်ကြီးမားပြီးတော့ ဟိမဝန္တာတောင်ကြီးပေါ်မှာ ပက်လက်လှန်အိပ်တဲ့အနေအထား ဟိမဝန္တာတောင်ကြီးကို သူက ခေါင်းအုံးလုပ်ပြီးတော့ အုံးနေတယ်၊ ဟိမ-ဝန္တာတောင်ကြီးဆိုတာ မြောက်ဖက်မှာ ရှိတာနော်၊ ဟိမဝန္တာတောင်ကို ခေါင်းအုံး၊ လက်တစ်ဖက်က အရှေ့သမုဒ္ဒရာ၊ လက်တစ်ဖက်က အနောက်ဘက်သမုဒ္ဒရာ၊ ခြေနှစ်ဖက်က တောင်သမုဒ္ဒရာပေါ်မှာ ဆန့်တန်းပြီး မြောက်ဘက်ကို ခေါင်းပြုပြီး

htpp://www.dhammadownload.com



တော့ အိပ်နေတဲ့အနေအထားကြီး၊ သူ့ကိုယ်သူ ပြန်ပြီးတော့ အိပ်မက်မက်တာ၊ အဲဒါ အိပ်မက်တစ်ခုပဲ၊ အဲဒီလို မက်လိုက်တာ၊ လောကမှာ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်မယ့် အနေအထားတစ်ခု တရားထူးတရားမြတ်ရတော့မယ့် အနေအထားအနေနဲ့ ဒီ အိပ်မက်ကို မက်တာတဲ့။

နောက်တစ်ခုမှာ အဲဒီလို ပက်လက်လှန်အိပ်နေတဲ့အချိန်ချက်က မြေဇာမြက်ပင်လေးဟာ ပေါက်ထွက်လာပြီးတော့ ကောင်းကင်ယံထိအောင် တက်သွားတယ်ဆိုတဲ့ အိပ်မက်ကိုလည်း မက်တယ်။

နောက်တစ်ခါ မြတ်စွာဘုရားခြေထောက်ကနေပြီးတော့ ခေါင်းကအနက်ရောင်ပိုးရွတွေဟာ တက်လာတာ ဒူးဆစ်လောက် ထိအောင် ဖုံးသွားတယ်၊ ဒီအိပ်မက်ကိုလည်း မက်လိုက်တယ်ပေါ့။

နောက်အိပ်မက်တာတော့ အရပ်လေးမျက်နှာက အရောင်မျိုးစုံရှိတဲ့ငှက်တွေဟာ ပျံလာကြတယ်၊ အားလုံး သူ့ဆီဦးတည် ပျံလာပြီး သူ့ခြေရင်းမှာ ငှက်တွေဟာ ပျံကျကြတယ်၊ ငှက်တွေ ပျံကျလို့ ခြေရင်းလည်း ရောက်ရော အရောင်မျိုးစုံ ရှိတဲ့ငှက်တွေဟာ အဲဒီမှာ အားလုံး ဖွေးဖွေးဖြူ ဖြစ်သွားတယ်လို့ ဒီအိပ်မက်ကိုလည်း မက်တာ၊ အဲဒီလို ဘုရားအလောင်းတော်ဟာ အခုလို မက်တာ ဘုရားဖြစ်မယ့်အတိတ်နိမိတ်အနေနဲ့ အိပ်မက်ကြီးငါးမျိုးဆိုပြီးတော့ မက်ခဲ့ဖူးတယ်ပေါ့။

htpp://www.dhammadownload.com



အဲဒီလို အိပ်မက်ဆိုတာ အခုလို ပုဗ္ဗနိမိတ်ကြောင့် မက်လာတယ်၊ မယ်တော်မာယာဒေဝီ အိပ်မက်မက်တာလည်း ပုဗ္ဗနိမိတ်အနေနဲ့ မက်တာ၊ ဘုရားအလောင်း အိပ်မက်မက်တာလည်း ပုဗ္ဗနိမိတ်အနေနဲ့ မက်တယ်။

နောက်တစ်ခုမှာ ဘုရားအလောင်းဟာ မစင်တွေအန္တ ရှိတဲ့ အလွန်ရွံစရာကောင်းတဲ့ မစင်တောင်ကြီးပေါ်မှာ သူဟာ လမ်းလျှောက်နေတယ်၊ သို့သော်လည်း သူ့ခြေထောက် ကြည့်လိုက်လို့ရှိရင် မစင်လူးတာ တစ်ခုမှ မရှိဘူး၊ ပတ်ဝန်းကျင် ကြည့်လိုက်ရင် မစင်ပုံတွေချည်းပဲ၊ အဲဒီပေါ်မှာ သူလမ်းလျှောက်နေရတဲ့အိပ်မက်ကိုလည်း မက်တယ်ပေါ့၊ ငါးခုမက်တာပေါ့နော်၊ အဲဒီလို ဘုရားအလောင်းတော်ဟာ အိပ်မက်မက်ပြီး နောက် ကဆုန်လပြည့်နေ့ကျတော့ ဘုရားအဖြစ်သို့ ရောက်လာတယ်။

အဲဒီမှာ မြတ်စွာဘုရားအလောင်းအိပ်မက်တွေအရ ဖြစ်ပေါ်လာတဲ့အခြေအနေတွေက ဆိုပါစို့ - မစင်ပုံပေါ်မှာ လမ်းလျှောက်ရတယ်ဆိုတာ မြတ်စွာဘုရားကို ကြည်ညိုတဲ့လူတွေ နတ်တွေက ပူဇော်ကြတယ် လှူကြတယ်၊ တန်းကြတယ်၊ အဲဒီလှူတဲ့တန်းတဲ့အရာတွေပေါ်မှာ မြတ်စွာဘုရားဟာ တွယ်တာမှုတွေ မရှိဘူးဆိုတဲ့ ဒီသဘာဝကို ဖော်ပြတဲ့အနေနဲ့ မစင်ပုံတွေပေါ်မှာ လမ်းလျှောက်သော်လည်းပဲ ခြေထောက်ကို မလူးဘူးဆိုတဲ့အိပ်မက် မက်တာတဲ့။

htpp://www.dhammadownload.com



အရပ်လေးမျက်နှာက အရောင်မျိုးစုံရှိတဲ့ငှက်တွေ ပျံကျလာပြီး ခြေရင်းရောက်ပြီး အားလုံး အဖြူဖြစ်သွားတယ်ဆိုတာ လူမျိုးအသီးသီးနေပြီးတော့ သာသနာဘောင် ဝင်လာတဲ့အခါမှာ အားလုံးဟာ တစ်သွေးတည်း တစ်ညီတည်း **သမဏာသကျပုတ္တိယ**ဆိုတာမျိုး တပည့်သာဝကတွေ ဖြစ်လာတယ်ဆိုတဲ့ အတိတ်နိမိတ်ကို အိပ်မက်မက်တာပဲပေါ့။

တစ်ခါ ခေါင်းလေးတွေနက်နေတဲ့ ပိုးလောက်တွေဟာ ခြေထောက်ကနေ တက်လာတာ ဒူးဆစ်အထိဆိုတာကတော့ လောကမှာရှိတဲ့ လူသားတွေဟာ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်တယ်ဆိုတဲ့အဓိပ္ပါယ်ကို ဖော်ပြတာတဲ့။

ချက်ကနေ ပေါက်လာတဲ့ မြေဇာမြက်ဟာ ကောင်းကင်ထိအောင် တက်သွားတယ်ဆိုတာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ရဲ့ဂုဏ်သတင်းတွေဟာ တစ်လောကလုံးကို ပျံ့နှံ့ပြီးတော့ မြတ်စွာဘုရားဟောကြားတဲ့တရားတွေကို လူတွေရောနတ်တွေရော အားလုံးသိတယ်ဆိုတဲ့အဓိပ္ပါယ်ကို ဖော်ကျူးတဲ့အနေနဲ့ မက်တာတဲ့။

ဟိမဝန္တာတောင်ကြီးကို ခေါင်းအုံးပြီးတော့ အရှေ့သမုဒ္ဒရာ အနောက်သမုဒ္ဒရာ လက်နှစ်ဖက်ထား၊ တောင်သမုဒ္ဒရာပေါ်မှာ ခြေထားတယ်ဆိုတာ တရားထူးတရားမြတ်တွေ ရပြီးတော့ လောကမှာ အထွတ်အထိပ် မြတ်ဘုရားအဖြစ်ကို ရောက်တော့မယ်ဆိုတဲ့ အဓိပ္ပါယ်ကို မက်တာတဲ့၊ ဒီလိုဆိုတယ်။

htpp://www.dhammadownload.com



ဒီတော့ လောကမှာ အိပ်မက်မက်တဲ့ဟာတွေက ပုဗ္ဗနိမိတ်လို့ဆိုတဲ့ ထူးခြားတဲ့ အာရုံနိမိတ်အနေနဲ့ မက်တဲ့ဟာမျိုးတွေကျတော့ မှန်ကန်တယ်လို့ ဒီလိုပြောတယ်။

ဒီတော့ **မှန် မမှန်နဲ့ စစ်ဆေးကြည့်မယ်ဆိုရင်** ဓာတုက္ခောဘ ဓာတ်တွေချောက်ချားလို့ မက်တယ်ဆိုတာ မမှန်ဘူး၊ ဘုန်းကြီးတို့ကိုယ်တိုင် တစ်ခါတစ်ခါမက်တဲ့ အိပ်မက်တွေကို သေသေချာချာ စဉ်းစားစစ်ဆေးကြည့်မိတယ်၊ တစ်ခါတစ်ရံ မြစ်ထဲ ရေကူးနေရတယ်လို့ အိပ်မက်မက်တဲ့အခါကျတော့ စောင်ကနေ ကွာပြီးတော့ အေးနေတဲ့အချိန်မျိုး ဖြစ်တတ်တယ်ပေါ့။ အဲဒါမျိုးကျ ကိုယ်ကိုယ်တိုင်က ရေထဲရောက်နေတဲ့အိပ်မက်မျိုးတွေ မက်တတ်တယ်၊ တစ်ခါတစ်ရံကျတော့ ခန္ဓာကိုယ်မှာ လေတွေ များလာတဲ့အခါမျိုးမှာ ကောင်းကင်ပျံတဲ့အိပ်မက်မျိုးလည်း မက်ဖူးတယ်ပေါ့၊ ဒါတွေက **ဓာတုက္ခောဘလို့** ခေါ်တယ်၊ ဓာတ်ချောက်ချားလို့ ဓာတ်လေမညီမျှလို့ မက်တဲ့ အိပ်မက်မျိုးတွေပဲ၊ အဲဒီလို ဓာတ်လေချောက်ချားလို့ မက်တဲ့ အိပ်မက်မျိုးကျတော့ ဒီအိပ်မက်ရဲ့အကျိုးဟာ မှန်ကန်မှု မရှိဘူး။

တစ်ဖန် စွဲပြီးတော့မက်တဲ့ အိပ်မက်ဟာလည်း မှန်ကန်မှု မရှိဘူးတဲ့၊ နတ်တွေက ဖန်ဆင်းပြတဲ့အိပ်မက်ကျတော့ မှန်တာလည်း ရှိတယ်၊ မမှန်တာလည်း ရှိတယ်၊ ဘာကြောင့်လဲဆိုတော့ တချို့နတ်တွေက အကျိုးလိုလားလို့ အမှန်အကန်ဖော်ပြပြီး အိပ်မက်ပေးတာကျတော့ မှန်တယ်တဲ့၊ တချို့နတ်က ချောက်တွန်းပြီး မမှန်မကန်တွေ သွေးဆောင်မှုတွေ ပြတာ

htpp://www.dhammadownload.com



မျိုးလည်း ရှိတတ်တယ်၊ အဲဒါကျတော့ မမှန်ဘူးလို့ ဒီလို ဆိုတယ်၊ ပုဗ္ဗနိမိတ်အနေနဲ့ မက်တဲ့ အိပ်မက်ကျတော့ မှန်ကန်တယ်၊ အခု ကောသလမင်းကြီးမက်တဲ့အိပ်မက်ဟာ ပုဗ္ဗနိမိတ်အနေနဲ့ မက်တယ်လို့ ဒီလိုဆိုတယ်၊ ဒါ အိပ်မက်မက်ခြင်းရဲ့အကြောင်း လေးမျိုးနှင့် မှန်မမှန်ကို ရှင်းပြခြင်း ဖြစ်တယ်။

**အိပ်မက်ကို အချိန်ကာလနဲ့ ပတ်သက်ပြီးတော့ ပြောရမယ်ဆိုရင်** အိပ်ရာဝင်တဲ့အချိန် စောစောအိပ်ရာဝင်လို့ ပထမယံမှာ အိပ်ပျော်သွားလို့ အိပ်မက်မက်တယ်၊ မဇ္ဈိမယံဆိုတဲ့ သန်းခေါင်ယံအချိန်မှာ အိပ်မက်မက်တယ်၊ ပစ္ဆိမယံဆိုတဲ့ မိုးသောက်ယံမှာ အိပ်မက်မက်တယ်၊ နေ့အိပ်လို့ အိပ်မက်မက်တယ်၊ အဲဒီလို အိပ်မက်မက်တဲ့အချိန်နဲ့ တွက်ပြီးလို့ ပြောမယ်ဆိုရင်လည်း ညဦးယံမှာမက်တဲ့ အိပ်မက်က မမှန်ဘူးတဲ့၊ ညသန်းခေါင်ယံမှာမက်တဲ့ အိပ်မက်ကလည်း အမှန်အကန် မဟုတ်ဘူးတဲ့၊ မှန်ကန်တဲ့အိပ်မက်တစ်ခုဟာ နံနက်မိုးသောက် အလင်းရောက်ခါနီးလေး လင်းအားကြီးအချိန်လေးမှာမက်တဲ့ အိပ်မက်မျိုးကတော့ မှန်တယ်လို့ စာပေကျမ်းဂန်မှာ ဆိုထားတယ်။

မြန်မာပြည်မှာတော့ ငယ်ငယ်တုန်းက ဖတ်ဖူးတယ်၊ 'အိပ်မက်တိတ္ထံကျမ်း'တို့ ဘာတို့ ရှိတယ်ပေါ့နော်၊ ဘာအိပ်မက်မက်ရင် ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့၊ ဟုတ်တာ မဟုတ်တာတော့ မသိဘူး၊ ရေးထားတာကို ပြောတာနော်၊ အဲဒီလို အိပ်မက်မက်လို့ရှိရင် ဖြစ်တတ်တဲ့အကြောင်းအရာတွေကိုတော့ ရေးထားတယ်။

htpp://www.dhammadownload.com



ဒီတော့ နံနက်မိုးသောက်ချိန်မှာ မက်တဲ့ အိပ်မက်တွေက မယ်တော်မာယာ အိပ်မက်မက်တာလည်း နံနက်မိုးသောက်ချိန်မှာ မက်တယ်၊ ဘုရားအလောင်း အိပ်မက်မက်တာလည်း နံနက်မိုးသောက်ချိန်မှာ မက်တယ်၊ အဲဒီမိုးသောက်ချိန်မှာမက်တဲ့ အိပ်မက်ဟာ ဘာဖြစ်လို့ မှန်သလဲဆိုတော့ လူဟာ ညက အစာစားတာတွေ ညဦးယံမှာဆို မကျေတတ်သေးဘူး၊ ညသန်းခေါင်မှာဆိုလည်း အဆီဩဇာတွေက ခန္ဓာကိုယ် မပြန့်နှံ့သေးဘူး၊ သန်းခေါင်ကျော်သွားပြီး နံနက်မိုးသောက်အလင်းရောက်ပြီဆိုလို့ရှိရင် စားထားတဲ့အစာအာဟာရ တွေက အဆီဩဇာအဖြစ် ရောက်ပြီး ခန္ဓာကိုယ်ကို အကျိုးပြုပြီးနေတဲ့အချိန်ဖြစ်လို့တဲ့၊ အဲဒီအချိန်မှာတော့ အိပ်မက်ဟာ မှန်ကန်တတ်တယ်ပေါ့၊ မှန်ကန်တယ်ဆိုတဲ့နေရာမှာလည်းပဲ ခုနက ပုဗ္ဗနိမိတ်အနေနဲ့ မက်တာက မှန်တယ်ပေါ့၊ အဲဒီလို အိပ်မက်နဲ့ ပတ်သက်ပြီးတော့ စာပေကျမ်းဂန်မှာ ဆိုထားတယ်။

ခုနက အိပ်မက်နဲ့ ပတ်သက်ပြီးတော့ အိပ်မက်ဟာ ဘဝင်စိတ်နဲ့ ဝီထိစိတ် နှစ်ခုစပ်ကြားမှာ ဖြစ်ပြီးတော့ အိပ်မက်မက်တာမို့ အဘိဓမ္မာသဘောအရ အကုသိုလ်စိတ်ပင် ဖြစ်သော်လည်း, ကုသိုလ်စိတ်ပင်ဖြစ်သော်လည်း ပီပြင်တဲ့အကုသိုလ်မျိုး ပီပြင်တဲ့ကုသိုလ်မျိုး မဟုတ်သည့်အတွက်ကြောင့် ဘဝတစ်ခုကို ပေးနိုင်လောက်တဲ့စွမ်းရည်သတ္တိတော့ မရှိဘူးတဲ့။

တစ်ခါ အိပ်မက်နဲ့ ပတ်သက်ပြီးတော့ ရဟန်းတော်တစ်ပါးဟာ အိပ်မက်ထဲမှာ ပြစ်မှုတစ်ခုကို ကျူးလွန်တယ်ဆိုလို့

htpp://www.dhammadownload.com



ရှိရင် ဝိနည်းစည်းကမ်းအရ အိပ်မက်ထဲမှာ ကျူးလွန်တဲ့ပြစ်မှုဟာ ပြစ်မှုမမြောက်ဘူးလို့ ဒီလိုဆိုတယ်၊ အဲဒါ ဝိနည်းကျတော့ ပြစ်မှုမမြောက်ဘူးလို့ ပြောတယ်၊ အဘိဓမ္မာသဘောအရ ကြည့်တဲ့အခါကျတော့ အကုသိုလ်စိတ်နဲ့ မက်ရင် အကုသိုလ်ဖြစ်တယ်၊ ကုသိုလ်စိတ်နဲ့မက်ရင် ကုသိုလ်ဖြစ်တယ်လို့ ဒီလိုဆိုတယ်၊ အကုသိုလ်လုပ်ရင် အကုသိုလ်ဖြစ်မှာပဲ, ကုသိုလ်လုပ်ရင် ကုသိုလ်ဖြစ်မှာပဲ၊ အဲဒါကတော့ အဘိဓမ္မာသဘောက ပြောင်းလွဲမှုမရှိဘူး၊ သို့သော် ပြစ်မှုကျူးလွန်တဲ့အိပ်မက်မျိုး မက်လို့ ဝိနည်းသိက္ခာပုဒ် ကျူးလွန်ရာရောက်လို့ အပြစ်ရောက်သလားလို့ဆိုတော့ အိပ်မက်ထဲမှာကျတော့ အပြစ်မရောက်ဘူးလို့ ဒီလိုဆိုလိုတယ်ပေါ့နော်၊ ဝိနည်းနဲ့ကျတော့ အပြစ်မရောက်ဘူးလို့ ဒီလိုဆိုလိုတယ်ပေါ့နော်၊ **'အညတြ သုပိနန္တာ'** ဆိုပြီးတော့ အိပ်မက်ထဲမှာ ဖြစ်တာမှန်သမျှ ပြစ်မှုမမြောက်ဘူးလို့ ဒီလိုဆိုတယ်၊ ဒါက အိပ်မက်နဲ့ ပတ်သက်ပြီးတော့ မှတ်သားစရာ အချက်အလက်ကလေးတွေပေါ့။

အေး ကောသလမင်းကြီးဟာလည်း အခုလိုပဲ တစ်ရက်မှာ ညသန်းခေါင်ကျော်လို့ နံနက်မိုးသောက် အလင်းရောက်ခါနီးမှာ ထူးဆန်းတဲ့အိပ်မက်တွေ, တစ်နေ့တစ်မျိုး မက်တာတော့ မဟုတ်ဘူး၊ တစ်ခါတည်းနဲ့ တစ်ဆယ့်ခြောက်မျိုး မက်ပုံတော့ ရတယ်နော်၊ တစ်နေ့တစ်မျိုး မဟုတ်ဘဲနဲ့ သူ မက်တယ်၊ သူ့အိပ်မက်ကလည်း တသီတတန်းကြီး မက်ထားတာနော်၊ သူက တိုင်းခန်းလှည့်လည်ပြီးတော့ ကြည့်လို့ မြင်မက်

htpp://www.dhammadownload.com



တာမျိုးလည်း ဖြစ်နိုင်တယ်ပေါ့၊ အိပ်မက်ဆိုတာမျိုးက တစ်ခါတလေ ဇာတ်လမ်းကြီး ရှည်နေပေမယ်လို့ အချိန်လေးက တိုတိုလေးပဲ ဖြစ်ချင် ဖြစ်တယ်၊ အိပ်မက်ထဲမှာ ဇာတ်လမ်းက တစ်ခါတလေ ရှည်တတ်တယ်ပေါ့၊ ပြန်ပြန်မက်တာမျိုးတွေလည်း ရှိတယ်၊ ကိုယ့်အိပ်မက်ကို ဆန်းစစ်ကြည့်ပေါ့နော်။

ကောသလမင်းကြီးက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရာက နံနက်မိုးသောက် အလင်းရောက်ခါနီးလေးမှာ အိပ်မက်တစ်ဆယ့်ခြောက်မျိုးကို သူ မက်လိုက်တယ်၊ အဲဒီ တစ်ဆယ့်ခြောက်မျိုးကို တစ်မျိုးစီ တစ်မျိုးစီ အကျိုးနဲ့ အကြောင်းနဲ့ မြတ်စွာဘုရားရဲ့ရှင်းပြချက်ကလေးနဲ့ သွားရအောင်၊ ဒီတော့ ကောသလမင်းကြီး အိပ်မက်မက်တာ မနက်လင်းခါနီးလေးမှာ ထူးထူးဆန်းဆန်းတွေ တစ်ခါတည်း စီကာစဉ်ကာ မက်တယ်၊ အဲဒီလိုမက်လိုက်တာ အိပ်မက်မက်ပြီးတာနဲ့ တစ်ပြိုင်နက် သူဟာ တစ်ခါမှ မတွေ့ဘူး မကြုံဘူးတာတွေ မြင်လိုက်ရတော့ စိတ်ထဲမှာ ထူးဆန်းအံ့ဩပြီး ဖျတ်ခနဲ လန့်နိုးလာတယ်၊ သူဟာ အိပ်မက်အရေးကို တွေးပြီးတော့ အိပ်ရာပေါ်က ဖျတ်ခနဲ ထပြီး ထိုင်နေလိုက်တယ်၊ အိပ်မက်တွေက ပီပီပြင်ပြင် ထူးထူးခြားခြားကြီး ဖြစ်တဲ့အခါ အိပ်ရာပေါ်မှာ ထထိုင်ပြီးတော့ ပြန်အိပ်လို့ မရတဲ့အနေအထားမျိုး ရောက်သွားတယ်။

အဲဒါနဲ့ မနက်လင်းသွားတယ်၊ နံနက်လင်းတာနဲ့ တစ်ပြိုင်နက် ပရောဟိတ်ပုဏ္ဏားကြီးဟာ ဘုရင့်ဆီရောက်လာတယ်၊ "အရှင်မင်းကြီး ချမ်းချမ်းသာသာ ကျိန်းစက်ရပါရဲ့လား"

htpp://www.dhammadownload.com



ဆိုတဲ့မေးခွန်းကို မေးလေ့ရှိတာပေါ့နော်၊ အမြဲတမ်းမေးတယ်၊ ချမ်းချမ်းသာသာ အိပ်စက်ရပါရဲ့လားလို့ အိပ်စက်ရတဲ့အခြေအနေကို လာပြီး မေးတဲ့အခါမှာ ဒီအိပ်မက်အကြောင်းကို ပြောတယ်၊ သူဟာ မနက်လင်းခါနီးမှာ မက်လိုက်တဲ့အိပ်မက်က တစ်သက်မှာ တစ်ခါမှမကြုံဘူးတဲ့အိပ်မက်ကြီးတွေ ဖြစ်လို့ သူ့စိတ်ထဲမှာ လန့်ဖျပ်နေတဲ့အကြောင်းပြောတော့ ပုရောဟိတ်ပုဏ္ဏားကြီးက ဘာတွေများ မက်လို့တုန်းလို့ဆိုတော့ တစ်ခုစီတစ်ခုစီ သူမက်တဲ့အိပ်မက်တွေကို စီကာစဉ်ကာ ပြောလိုက်တယ်။

ပုရောဟိတ်ပုဏ္ဏားကြီးက လက်ဖျားခါသတဲ့၊ "အမလေး ဆိုးလိုက်တဲ့အိပ်မက်ပါလား" ဆိုးလိုက်တဲ့အိပ်မက်၊ ဒီအိပ်မက်က အလွန်ကြမ်းတမ်းတဲ့အိပ်မက်၊ "အန္တရာယ်မြင်တယ် အရှင်မင်းကြီး"၊ ပုဏ္ဏားဆိုတာကလည်း ဘုရင်ဆီက အမြဲတမ်းခြောက်လှန့်ပြီးတော့ ငွေတောင်းနေကျလူတွေကိုး၊ ဒီတော့ ဘုရင်ကြီးအိပ်မက်မက်တာ ကြားလိုက်တာနဲ့ သူက လက်ဖျားခါပြီးတော့ ဘုရင်ကြီး စိုးရိမ်ရတယ်၊ "ဟ ဘာကို စိုးရိမ်ရမှာလဲ"ဆိုတော့ အန္တရာယ်သုံးမျိုး မြင်တယ်ပေါ့၊ ဒီအိပ်မက်ကြီးတွေက ထူးထူးခြားခြားကြီးဆိုတော့ အန္တရာယ်သုံးမျိုး မြင်တယ်တဲ့၊ "ဘာအန္တရာယ်တုန်း"၊ အရှင်မင်းကြီးရဲ့ရာထူးအန္တရာယ်ကိုလည်း မြင်တယ်ပေါ့၊ **'ရဇ္ဇန္တရာယော'**၊ နောက်တစ်ခါ အသက်အန္တရာယ်ကိုလည်း မြင်ရတယ်၊ စည်းစိမ်ချမ်းသာအန္တရာယ်ကိုလည်း မြင်ရတယ်၊ အရှင်မင်းကြီးမှာ ဒီ

htpp://www.dhammadownload.com


အန္တရာယ်သုံးမျိုးနဲ့ မလွဲမသွေ ကြုံလာနိုင်တယ်၊ ဒါက အင်မတန်မှဆိုးတဲ့အိပ်မက်ကြီးတွေပဲလို့၊ ဒီအိပ်မက်ကြီးတွေဟာ မကောင်းတဲ့အိပ်မက်ကြီးတွေ ဖြစ်လို့ ဒီအိပ်မက်ရဲ့အကျိုး သက်ရောက်မှုကြောင့် ဒီအန္တရာယ်မျိုးတွေ ကြုံနိုင်တယ်လို့ ဆိုတော့ ဘုရင်ကြီးက ကြောက်တာပေါ့၊ လန့်သွားတယ်လေ။

"ဒါဖြင့် လုပ်ပါဦး၊ ယတြာချေလို့ ရမလား **'သပ္ပဋိကမ္မ အပ္ပဋိကမ္မ'** ယတြာချေလို့ ရသလား"၊ မြန်မာပြည်မှာလည်း ယတြာချေတယ်ဆိုတာ နားလည်ကြတာပေါ့၊ ယတြာချေလို့ ရွှေတိဂုံဘုရားပေါ် တက်တက်ပြီးတော့ ကျောက်ဆင်းတုတော် တွေ ရေလောင်းနေတာတွေ တွေ့ရတယ်၊ အဲဒီမှာ ယတြာ ချေလို့ ရသလားလို့ဆိုတော့ "အရှင်မင်းကြီးတဲ့ အိပ်မက်က တော့ တော်တော်ဆိုးတယ်ပေါ့ ကျွန်တော်မျိုး ကြံဖန်ပါ့မယ်၊ မရဘူးဆိုတာ မရှိပါဘူး၊ ယတြာချေလို့ ရအောင် ကြိုးစားမယ်"။

ယတြာဆိုတာဟာ သူက ရွေ့ပစ်တဲ့သဘောပေါ့၊ ကျ ရောက်လာမယ့်အန္တရာယ်တစ်ခုကို ပျောက်သွားအောင် ရွေ့ပစ် တဲ့သဘော၊ ဖယ်ရှားပစ်တဲ့သဘော၊ တခြားနိုင်ငံတွေမှာလည်း ပဲ အဲဒီယတြာဆိုတာလေးတွေ ရှိတတ်တယ်ပေါ့နော်၊ တွေ့ရ တယ်၊ ယတြာချေတယ်ဆိုတဲ့သဘောလေးတွေ ရှိတယ်။

အင်္ဂလိပ်စာအုပ်တစ်အုပ်ထဲမှာ ဖတ်ရတဲ့ ယတြာချေပုံ လေးကတော့ ဘာတုန်းဆိုရင် ထမင်းပွဲမှာ ထမင်းစားရင်းက နေ အဲဒီဆားဘူးလေး ဒီဘက် ပေးလိုက်စမ်းပါ ကမ်းလိုက်စမ်း ပါလို့ အဲဒီဆားဘူးလေး လှမ်းပေးတဲ့အခါ မတော်တဆ ဆား

htpp://www.dhammadownload.com


ဘူးလေး လွတ်ကျပြီးတော့ ဆားဖိတ်သွားတယ်ဆိုရင် အဲဒါဟာ ကံမကောင်းဘူးပေ့ါ၊ ကံမကောင်းဘူးဆိုတာ ဆားဘူးဖိတ်သွားသည့်အတွက်ကြောင့် ကံမကောင်းဘူး၊ အဲဒီကံမကောင်းတာကို ဘယ်လို ယတြာချေရတုန်းဆို ဆားကလေးကို နည်းနည်းယူပြီးတော့ ဘယ်ဘက်ပခုံးပေါ်ကနေ ကျော်ပြီးတော့ နောက်ကို နည်းနည်းပက်လိုက်လို့ ရှိရင် ယတြာကျေတယ်တဲ့၊ အဲဒီယတြာကျေတယ်ဆိုတဲ့စကားကို အင်္ဂလိပ်လို ဘယ်လိုသုံးတုန်း ဆိုတော့ To keep bad luck away တဲ့၊ keep bad luck away. Bad luck ဆိုတဲ့ ဆိုးဝါးတဲ့ကံကြမ္မာကို အဝေး တခြားကို ဖယ်ပစ်လိုက်တယ်ပေ့ါ၊ ဒီလိုအဓိပ္ပါယ်နဲ့ ရေးထားတာ ရှိတယ်ပေ့ါ၊ To keep bad luck away ဆိုပြီးတော့ သူတို့မှာလည်း ယတြာချေတာမျိုးတွေ။

ဒီတော့ လူမျိုးတိုင်း လူမျိုးတိုင်းဟာ ယတြာဆိုတာတော့ ရှိပုံရတယ်၊ ယတြာချေတဲ့အလေ့အထတွေ ရှိကြတယ်ပေ့ါ၊ မြန်မာပြည်မှာတော့ ဗုဒ္ဓဘာသာကိုးကွယ်သည့်နိုင်ငံ ဖြစ်သည့်အတွက်ကြောင့် ယတြာချေမှု တော်တော်များများဟာ ဘုရားတရားနဲ့ ပတ်သက်ဖြစ်ပေါ်တတ်တယ်ပေ့ါ၊ မကောင်းတဲ့ကံကြမ္မာကို တခြားပို့ပစ်တာကိုပဲ ယတြာ၊ တခြားကို ပို့ပစ်တယ်ဆိုတဲ့အဓိပ္ပါယ်နဲ့ ယတြာချေကြတယ်ပေ့ါ၊ ပါဠိစာပေမှာတော့ **သပ္ပဋိကမ္မ** ကုစားလို့ ရတယ်၊ **အပ္ပဋိကမ္မ** ကုစားလို့ မရဘူးဆိုတဲ့အသုံးကို သုံးတယ်။

htpp://www.dhammadownload.com



"ဒါဟာ ကုစားဖြေဖျောက်လို့ ရမလား"ဆို ရပါတယ်၊ "ဒါဖြင့် လုပ်ပါ"လို့ အမိန့်ပေးလိုက်တယ်၊ ဘုရင်ကြီးက ကြောက်တယ်၊ ကြောက်တော့ "ဆရာတို့ ကြည့်လုပ်ပါ"လို့ ဆိုတော့ အရှင်မင်းကြီးတဲ့ ဒါ လွယ်ပါတယ်၊ **သဗ္ဗစတုက္က** ယဇ်ကြီးကို ပူဇော်ရမယ်၊ ယဇ်ပွဲတစ်ခု ကျင်းပရမယ်။

ယဇ်ဆိုတာမျိုးဟာ ဘာတုန်းဆိုရင် သားကောင်တွေကို သတ်တာ၊ အကောင်တွေကို သတ်ပြီးတော့ လည်ချောင်းသွေးနဲ့ ယဇ်နတ်ပူဇော်တာ၊ သူတို့က မန္တန်ရွတ်, အကောင်တွေသတ်ပြီးတော့ ယဇ်ပူဇော်တယ်၊ ဒီအသားတွေ သူတို့ အကုန်ရတယ်၊ ပိုက်ဆံတွေလည်း အကုန်ရတယ်၊ ယဇ်ပူဇော်မှုကို Sacrifice လို့ ခေါ်တာ၊ မြတ်စွာဘုရားလက်ထက်မှာကို ဒီပွဲကြီးတွေဟာ ရှိနေတုန်းပဲ၊ ဒါကြောင့်မို့ မြတ်စွာဘုရားဟာ **ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊** သူများအသက်ကို မသတ်ဖို့ရာ တွင်တွင်ဟောရတာ၊ Sacrifice ဆိုတဲ့ ယဇ်ပွဲကြီးတွေဟာ ကောင်းကျိုးချမ်းသာ မရတဲ့အပြင် လူတွေရဲ့ဆိုးကျိုးကိုသာ ဖြစ်ပေါ်စေနိုင်တယ်လို့ မြတ်စွာဘုရားက ယဇ်ပွဲရဲ့အပြစ်တွေကို အမြဲတမ်း ဟောလေ့ရှိတယ်ပေါ့၊ သားသတ်တဲ့ယဇ်တွေဟာ မှားယွင်းနေတယ်၊ သူတော်ကောင်းတွေလည်း ဘယ်တော့မှ မလာဘူး၊ ရှောင်တယ်။

သားကောင်တွေကို သတ်တယ်တဲ့၊ **သဗ္ဗစတုက္က**ဆိုတာ ဆင်ကို လေးကောင်သတ်မယ်၊ မြင်းကလည်း လေးကောင်သတ်မယ်၊ နွားက လေးကောင်သတ်မယ်၊ ဆိတ်က လေး

htpp://www.dhammadownload.com



ကောင်သတ်မယ်ဆိုတော့ အဲဒီလေးမျိုးလေးမျိုးတွေ အကုန်လုံး သတ်ပြီးတော့ ယဇ်ပူဇော်တာ၊ အဲဒီလိုယဇ်ပူဇော်ဖို့ ပုဏ္ဏားတွေက ချက်ချင်းအားချင်း အစီအစဉ်လုပ်ကြတယ်၊ ဘုရင့်ဆီက အမိန့်လည်း ရရော အားချင်းစီစဉ်ကြတယ်။

အဲဒီလို ပုဏ္ဏားတွေဟာ နန်းတော်ထဲမှာ ဝင်လိုက်ထွက်လိုက်နဲ့ အလုပ်ရှုပ်နေတာကို မလ္လိကာမိဖုရားက မြင်တဲ့အခါကျတော့ ဘုရင်ကြီးဆီ သွားပြီးတော့ မေးတယ်၊ ဘာလုပ်ကြတာလဲဆို ဘုရင်ကြီးက စိတ်တိုနေတယ်၊ "ငါ့နားမှာ မြွေပွေး တစ်ကောင် ရောက်နေတာကို နင်မသိဘူးလား" ပေါ့လေ၊ ငါ့မှာ ဒုက္ခရောက်နေတယ်၊ ဘာတွေ ဒုက္ခရောက်တာတုန်းဆို မနက်က အိပ်မက်ဆိုးတွေ မက်တယ်ပေါ့၊ ဒီအိပ်မက်ဆိုးတွေကြောင့်မို့လို့ ငါ့အသက်အန္တရာယ် ရာထူး စည်းစိမ်အန္တရာယ်ဒါတွေ မြင်နေလို့ ဒါ ပြေပျောက်အောင် ယဇ်ပူဇော်ဖို့ ကြိုးစားနေရတယ်ဆိုတော့ "အရှင်မင်းတရား ဘယ်သူက ပြောတာတုန်း"လို့ဆိုတော့ "ပုဏ္ဏားတွေက ပြောတာ"၊ "ပုဏ္ဏားတွေကို ဘာလို့ သွားမေးတာလဲ၊ ဘုရားကို သွားမေးပါ"ဆိုပြီး အကြံပေးတော့ အဲဒီကျတော့မှ ဘုရားကို သတိရတယ်၊ အားကိုးပြီး ကျောင်းသွားတယ်။

ကျောင်းသွားတဲ့အခါကျတော့ ဒီလိုအိပ်မက်တွေ မက်တဲ့အကြောင်း မြတ်စွာဘုရားကို လျှောက်တယ်၊ အိပ်မက်ရဲ့ အကျိုးအပြစ်တွေကို သူသိချင်ပါတယ်၊ မြတ်စွာဘုရားက "ပြောပါဦး"တဲ့ "ဘာတွေ မက်တာတုန်းဆိုတာ"၊ တစ်ခုချင်း တစ်ခု

htpp://www.dhammadownload.com



ချင်း လျှောက်တယ်၊ **"မဟာသုပိနဇာတက"**ဆိုတာ ၅၅၀-ဇာတ်ထဲမှာ ၇၇-ခုမြောက်ဇာတ်မှာ ဒီအကြောင်းကို မှတ်တမ်းတင်ထားတာပါတယ်၊ ဘုရားပုထိုးတွေမှာလည်းပဲ ဒီကောသလ အိပ်မက် တစ်ဆယ့်ခြောက်ချက်ဆိုတာ ပန်းချီကားတွေ ရေးထားတာတွေ ရှိကြတယ်ပေါ့နော်၊ အဲဒီမှာ သူက အိပ်မက်အကြောင်းကို သူမက်တာတွေကို တစ်ခုချင်း လျှောက်တယ်။

## နံပါတ်-၁ အိပ်မက်

ပထမဆုံး သူမက်တာ ဘာမက်တုန်းဆိုတော့ "အိပ်မက်ထဲမှာဘုရား"တဲ့၊ "မျက်စဉ်းရောင် (မျက်စဉ်းဆိုတာ အညိုရောင်အဆင်းပေါ့၊ မျက်စဉ်းတောင့်ရဲ့အရောင်) မျက်စဉ်းရောင် နွားနက်ကြီးလေးကောင်ဟာ တွန်သံတွေ ပေးပြီးတော့ တပည့်တော်ရဲ့ နန်းရင်ပြင်ဘက်ကို အရပ်လေးမျက်နှာက ဝင်လာတယ်တဲ့၊ အနက်ရောင်နွားကြီးလေးကောင် နွားလားဥသဘလို့ ခေါ်တဲ့ နွားကြီးလေးကောင် တွန်သံပေးပြီးတော့ အရပ်လေးမျက်နှာကနေပြီး ဝင်လာကြတယ်တဲ့၊ ဝင်လာပြီးတော့ တစ်ကောင်နဲ့ တစ်ကောင် စောင်ကြတယ်၊ ဖွေ့တော့မယ့်ပုံစံပေါ့၊ အရပ်လေးမျက်နှာ တောင်ကလာတဲ့ကောင် မြောက်ကလာတဲ့ကောင် အရှေ့ကလာတဲ့ကောင်နဲ့ အနောက်ကလာတဲ့ကောင် ဖွေ့ကြတော့မယ်လို့ ဟန်ရေးပြပြီးတော့ နန်းရင်ပြင်ကို ရောက်လာတယ်၊ ဟန်ရေးပြပြီးတော့ ဖွေ့မလို့ လုပ်ပြီးတဲ့အခါကျတော့ နွားကြီးလေးကောင်ဟာ မဖွေ့ဘဲနဲ့ တစ်

htpp://www.dhammadownload.com


ကောင့် တစ်ကောင် ရှောင်ထွက် တွန်သံတွေ ပေးပြီးတော့ လာရာအရပ်ကို ပြန်ထွက်ပြေးတာကို သူမြင်လိုက်ရတယ်"လို့။

သူကလည်း ဂယောက်ဂယက်တွေ တော်တော်မက်တဲ့ လူကြီးနော်၊ အဲဒီလို နွားလေးကောင်ဟာ ဝှေ့ကြမလို့ဆိုပြီး တွန်သံတွေ ပေးလာပြီး အနီးအနားကျမှ ရှောင်သွားကြတာ ကို မြင်ပြီးတော့ ဘာများပါလိမ့် ဒီအိပ်မက်က၊ ပထမ ဒီ အိပ်မက်ကို တပည့်တော်မက်ပါတယ်လို့ ဆိုတယ်။

မြတ်စွာဘုရားက သူပြောပြတာ နားထောင်ပြီးတော့ "အရှင်မင်းကြီးတဲ့၊ ဒီအိပ်မက်က သင်မင်းကြီးအတွက် ဘာမှ အကျိုးသက်ရောက်မှု မဖြစ်ပါဘူး"တဲ့၊ "ဒါဟာ နောင်အနာဂတ် မှာ ဖြစ်ပေါ်လာမယ့်အခြေအနေတစ်ခုကို ဖော်ပြတဲ့ အိပ်မက် သာ ဖြစ်တယ်ပေါ့၊ နောင်အချိန်ကျလို့ရှိရင် လူ့လောကကြီး ဟာ ဆုတ်ယုတ်ပျက်ပြားလာတဲ့အခါမှာ မိုးခေါင်ရေရှား တော တွေ ပြုန်းလာတဲ့ပြဿနာတွေ ပေါ်လာနိုင်တယ်ပေါ့၊ အဲဒီမှာ **မေဃပါဒ**လို့ ဆိုတဲ့ မိုးရဲ့အခြေအမြစ်တွေ အကုန်လုံး ပျက်စီး ကုန်တယ်"၊ မိုးရွာတယ်ဆိုတာ တောတွေတောင်တွေကနေပြီး တော့ ထွက်လာတဲ့အပူငွေ့တွေ, ပင်လယ်ထဲက တက်လာတဲ့ ရေငွေ့တွေ၊ အဲဒါတွေက ကောင်းကင်ယံတက်ပြီးတော့ အပေါ် ကနေပြီး အအေးနဲ့ တွေ့တဲ့အခါမှာ ပြန်ရွာချလေ့ရှိတာကိုး၊ အဲဒီလို ရေခိုးတွေဟာ မြေကြီးက တက်သွားပြီးတော့မှ အပေါ်ကနေ ပြန်ရွာချတာ။

htpp://www.dhammadownload.com


"နောက်ပိုင်းရောက်လာတဲ့အခါမှာ လူတွေဟာ လောဘတွေ ကြီး၊ ဒေါသတွေ ကြီး၊ ဆုတ်ယုတ်လာတဲ့အချိန်အခါမှာ တောတွေတောင်တွေ ပြုန်းလို့ မိုးခေါင်တဲ့အနေအထားမျိုးတွေ ဖြစ်လာနိုင်တယ်"တဲ့၊ "မိုးရွာဖို့ အခြေအမြစ်တွေဟာ အကုန်လုံးပျက်စီးကုန်တယ်၊ မြစ်တွေ ချောင်းတွေ တောင်တွေ အဲဒီက ရေခိုးရေငွေ့တွေ မရှိလောက်အောင် ခြောက်သွေ့လာ ပြီးတော့ မိုးရဲ့အခြေအမြစ်ဖြစ်တာတွေ အားလုံး ပျက်စီးလာတဲ့အခါမှာတဲ့ မိုးသားတိမ်လိပ်တွေ ကောင်းကင်မှာ ဆင်လာပြီးတဲ့အခါ မိုးရွာမယ့်ရာသီရောက်သော်လည်းပဲ ချိန်းပြီးတော့ မိုးတွေဟာ အရှေ့ကရော အနောက်ကရော တောင်ကရော မြောက်ကရော ဆိုတာလို တက်လာပြီးတဲ့အခါ မိုးသံတွေ ပေးပြီးတော့ မရွာဘဲနဲ့ တိမ်တွေ လွင့်စင်သွားတာမျိုး၊ အဲဒီမိုးခေါင်ရေရှားတဲ့ အနေအထားတွေဟာ နောင်နှစ်ပေါင်းကြာလာတဲ့အခါမှာ ကမ္ဘာကြီးမှာ ဖြစ်ပေါ်လာလိမ့်မယ်" တဲ့။

ကောသလမင်းကြီးက လွန်ခဲ့တဲ့နှစ်ပေါင်း ၂၆၀၀-လောက်က မက်ခဲ့တဲ့ အိပ်မက်ဟာ ဒီကနေ့မှာ မိုးခေါင်ရေရှားတယ်ဆိုတာ ဖြစ်ပေါ်နေတယ်ပေါ့၊ ဒီလိုဆိုတာ။

ဒီတော့ အခြေအနေတစ်ခုဟာ အကြောင်းမဲ့ ဖြစ်လာတာ မဟုတ်ဘူး၊ "အားလုံးဟာ ပူနွေးပြီးတော့ လောကကြီးမှာ ရေဓာတ်မြေဓာတ်တွေ ဆုတ်ယုတ်လာပြီးတဲ့အခါမှာ မိုးရွာဖို့ အခြေအနေတွေဟာ အလွန်နည်းလာတယ်၊ အလွန်နည်းလာသည့်အတွက်ကြောင့် လူတွေဟာ မိုးရွာတော့မယ်လို့ ထင်ပြီး

htpp://www.dhammadownload.com



သီးနှံတွေ စိုက်ပျိုးထားတဲ့အချိန်မှာ မိုးက မရွာတဲ့အခါမှာ ကောက်ပဲသီးနှံတွေလည်း ခြောက်သွေ့ပျက်စီးကုန်တယ်တဲ့၊ အရပ်လေးမျက်နှာက တက်လာတဲ့ မိုးတွေက ခြိမ်းပြီးတော့ မှန်မှန်မရွာဘဲနဲ့ မိုးခေါင်ရေရှားမှုတွေ မကြာခဏ ဖြစ်ပေါ် လာနိုင်တဲ့အနေအထားမျိုး နောင်ကျလို့ရှိရင် ဖြစ်ပေါ်လာလိမ့် မယ်၊ နောင်မှာ ဖြစ်ပေါ်လာမယ့်အခြေအနေတစ်ရပ်ကို ယခု အချိန်က ကြိုတင်ပြီးတော့ မက်တာပါ။ သင်မင်းကြီးရဲ့ လက် ထက်မှာ ဒီအိပ်မက်ရဲ့အကျိုးဟာ ဘာမှ ဖြစ်ဦးမှာ မဟုတ်သေး ပါဘူး၊ နောင်နှစ်ပေါင်းကြာလာတဲ့အခါကျတော့ လောကကြီး ဟာ ဆုတ်ယုတ်လာပြီဆိုရင် ဒီအကျိုးသက်ရောက်မှုတွေ ပေါ် လာလိမ့်မယ်”လို့ မြတ်စွာဘုရားက အဲဒီလို ဟောခဲ့တယ်နော်၊ နောင်ကျမှ အကျိုးသက်ရောက်မှာ, အခုချိန်မှာ မဖြစ်သေးဘူး လို့ ဆိုတယ်။

ဘုန်းကြီးတော့ စဉ်းစားကြည့်မိတယ်၊ ဘုန်းကြီးတို့စဉ့်ကူး မြို့နယ်က ရွာပေါ့လေ၊ ကိုယ့်ရဲ့ဇာတိရွာ၊ ဇာတိရွာက မြစ်ကမ်း ခြေမှာ ရှိတယ်၊ မြစ်ကမ်းခြေက ဧရာဝတီမြစ် မြစ်ခွဲကလေး မြောင်မြစ်လို့ ခေါ်တယ်၊ ဧရာဝတီမြစ်လက်တက်ကလေး၊ ဧရာဝတီမြစ်မကြီးက ခွဲထွက်လာပြီးတော့ မြစ်လက်တက်က လေးမှာ အဲဒီကမ်းခြေမှာ ဘုန်းကြီးတို့ရွာ ရှိတယ်ပေါ့၊ အဲဒီမြစ် နဲ့ ပတ်သက်ပြီးတော့ သုံးခါလောက် မက်ဖူးတာကို မှတ်မှတ် ရရ ရှိတယ်။

အိပ်မက်ထဲမှာ အဲဒီမြစ်ရေတွေဟာ ခန်းသွားပြီးတော့

htpp://www.dhammadownload.com



ချောက်ကမ်းပါးကြီးတွေလို ဖြစ်ပြီး ဟိုဘက်ဒီဘက်ကို လမ်းလျှောက်သွားလို့ ရတာကို သုံးခါလောက်မက်ဖူးတယ်၊ ကနေ့ခေတ်မှာ တော်တော်ကို နီးစပ်လာတယ်၊ အခုဆို မြစ်ကလေးဟာ တော်တော်ကို ကျဉ်းသွားပြီး တချို့နေရာတွေဆိုရင် ဖြတ်ကူးလို့တောင် ရနေပြီ၊ သောင်တွေ ထွန်းပြီးတော့ အဲဒီမြစ်လက်တက်လေးဟာ တဖြည်းဖြည်းနဲ့ တိမ်ကောပပျောက်သွားမယ့် အနေအထားမျိုးလားလို့ စိတ်ထဲမှာတောင်မှပဲ မှတ်နေမိတယ်ပေါ့နော်၊ မက်တာဟာ လွန်ခဲ့တဲ့ ၁၀-နှစ်လောက်ကတို့ ၁၅-နှစ်လောက်ကတို့ အဲဒါ မက်တာ၊ သုံးခါလောက် မက်ဖူးတယ်ပေါ့၊ အဲဒီမြစ်ကြောင်းဟာ ရေခန်းသွားလို့ ဟိုဘက်ရွာကို ကုန်းကြောင်းလျှောက်ရတယ်လို့ အိပ်မက်မက်ခဲ့တယ်ပေါ့၊ မြစ်ကလေးဟာ အခုအချိန်မှာ တဖြည်းဖြည်း ရေတွေ တိမ်လာတာကို တွေ့ရတယ်၊ ခုဆိုလို့ရှိရင် ကမ်းခြေတစ်ဖက်နဲ့ တစ်ဖက်ဟာ သောင်တွေ ထွန်းပြီးတော့ နီးနီးကလေး ဖြစ်လာတယ်၊ တချို့နေရာမှာဆိုရင် ဖြတ်ကူးလို့တောင် ရတဲ့အနေအထားမျိုးတွေ ဖြစ်လာတယ်။

အိန္ဒိယနိုင်ငံမှာရှိတဲ့ ဘုရားအလောင်းတော် ရွှေခွက်မျှောခဲ့တဲ့ နေရဉ္စရာမြစ်ဆိုတာလည်း အိန္ဒိယဘုရားဖူးရောက်တဲ့လူတွေ တွေ့မှာ၊ အခု သဲချောင်းကြီး ဖြစ်နေပြီလေ၊ ရေမရှိတော့ဘူး၊ ဒီတော့ တစ်ကြိမ်တစ်ခါကျတော့ ဖြစ်လာမယ်ဆိုတဲ့အနေအထားတွေကို ကြိုတင်ပြီးတော့ မက်တာများလားလို့ စိတ်ထဲမှာ ဒီလို ထင်မိတယ်ပေါ့နော်၊ ပုဗ္ဗနိမိတ္တဆိုတာတွေဟာ

htpp://www.dhammadownload.com



လောကမှာ ဖြစ်လာမယ့်အနေအထားတွေကို မက်တတ်တယ် ဆိုတာ ဒါ သဘာဝတစ်ခုပဲပေါ့။

ကောသလမင်းကြီးရဲ့ ဒီန္ဒွားကြီးလေးကောင်ဟာ တစ်ကောင်နဲ့ တစ်ကောင် ဒွေ့ကြတော့မယ်၊ ဒွေ့ကြတော့မယ်ဆိုတဲ့ အနေအထားနဲ့ ဟန်ပြပြီးတော့ လာပြီး ရှောင်ထွက်သွားတာမျိုးလို မိုးတွေဟာလည်း တချိမ်းချိမ်းနဲ့ တက်လာပြီး နောက်ဆုံးမှာ တစ်စက်မှမကျဘဲနဲ့ မိုးတွေက ပျက်ပြယ်သွားတာမျိုးတွေ လောကကြီးမှာ မကြာမကြာ တွေ့ရတာမျိုးတွေ ရှိတယ်ပေါ့၊ အဲဒီလို အခြေအနေမျိုးတွေ ဖြစ်လာပြီဆိုရင် မိုးခေါင်ရေရှားခြင်းဒဏ်ကို ခံကြရပြီ။

တချို့နိုင်ငံတွေမှာဆိုရင် သီးနှံတွေ မဖြစ်ထွန်းလို့ ရိက္ခာတွေ ပြတ်လို့ ဆင်းရဲဒုက္ခရောက်ကြရတယ်ဆိုတာ ဒေသအလိုက် ဖြစ်တယ်ပေါ့နော်၊ ဒီတော့ နောင်တစ်ခေတ်မှာ ဖြစ်ပေါ်လာမယ့်အနေအထားတစ်ခုကို အခုလို ကောသလမင်းကြီးဟာ အိပ်မက်မက်ခဲ့တာ၊ ဒါကြောင့်မို့ "ကောသလအိပ်မက်နဲ့ ယနေ့ကမ္ဘာ" ဟာ ဆက်စပ်မှု ရှိနေတယ်ဆိုတာ သေချာတယ်ပေါ့၊ ဒီလိုဆိုလိုတာ။

ငယ်ငယ်တုန်းကတော့ စဉ်းစားတယ်၊ ကောသလမင်းရဲ့အိပ်မက်က ဘာဖြစ်လို့ မြန်မာပြည်မှာလာပြီး မှန်ရမှာလဲ၊ သူက အိန္ဒိယနိုင်ငံမှာ မက်တာ၊ အိန္ဒိယပဲ ဖြစ်သင့်တယ်လို့ ငယ်ငယ်တုန်းကတော့ အဲဒီလို တွေးမိတယ်၊ အမှန်ကတော့ လူ့လောကကြီးတစ်ခုလုံးနဲ့ သက်ဆိုင်တယ်လို့ပဲ ပြောရမှာ ဖြစ်

htpp://www.dhammadownload.com



တယ်ပေါ့၊ ဘယ်နိုင်ငံပဲဖြစ်ဖြစ် လူ့လောကကြီးတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့အိပ်မက်တစ်ခုလို့ ဒီလို မှတ်ယူရမှာ။

ဒါကြောင့်မို့ ဒေသအလိုက် လောကကြီးဟာ ဆုတ်ယုတ်ပျက်ပြားလာပြီဆိုရင် မိုးခေါင်ရေရှားမှုဒဏ်ကို ကမ္ဘာမှာ ခံရမှာဖြစ်လို့ သိပ္ပံဆရာတွေက ရေရှားမယ့်ဒဏ်တွေ ဖြစ်ပေါ်လာမယ်ဆိုတာကို အကြိမ်ကြိမ် သတိပေးစကားတွေ ရေးသားနေကြပြီပေါ့၊ တစ်နေ့ကျရင် ကမ္ဘာမှာ ရေချိုတွေ ရှားသွားလိမ့်မယ်ဆိုတာကို သတိပေးနေကြတယ်ပေါ့၊ ဒါက ကောသလအိပ်မက် တစ်ဆယ့်ခြောက်ချက်ထဲက နံပါတ်တစ် သူမက်တဲ့ အိပ်မက်လေးတစ်ခုပဲ။

## နံပါတ်-၂ အိပ်မက်

နောက်ထပ် သူ ဘာတွေ ဆက်မက်ပြန်တုန်းဆိုရင် သူ့ရဲ့မျက်စိထဲမှာ မြင်လိုက်ရတယ်၊ ဘာတွေ မြင်ရတုန်းဆိုလို့ရှိရင် သစ်ပင်ငယ်လေးတွေ ခြုံငယ်လေးတွေ မြေကြီးပေါ်ကနေပြီးတော့ ပေါက်ထွက်လာပြီး ဘာမှ မကြာဘူး၊ တစ်ထွာလောက် တစ်မိုက်လောက်တောင် မရောက်ဘူး၊ အဲဒီသစ်ပင်လေးတွေဟာ မကြာခင်ပဲ အပွင့်တွေ ပွင့်ပြီး အသီးတွေ သီးကြတာကို သူမြင်တယ်၊ မြေကြီးပေါ်က ထွက်လာတဲ့အပင်ပေါက်စလေးတွေဟာ ခကာလေးနဲ့ အပွင့်ပွင့်သွားကြတယ်၊ ခဏလေးနဲ့ အပွင့်တွေက အသီးတွေ သီးနေတာကို မြင်ရတယ်၊ ထူးထူးဆန်းဆန်း၊ သာမန်အားဖြင့်ဆိုရင် သစ်ပင်တစ်ပင်ဟာ

htpp://www.dhammadownload.com



အတော်ကြာမှ သုံးနှစ် လေးနှစ် ငါးနှစ်ဆိုတာမျိုး နေပြီးတော့မှ အပွင့်ပွင့်တယ်၊ အသီးသီးတယ်။

ဒီကနေ့ခေတ်မှာလည်းပဲ တမင်ဖန်တီးတာလားတော့ မသိဘူး၊ သစ်ပင်လေးတွေ စကားဝါပင်ဆိုလို့ရှိရင် တော်တော်တော်ကြီးမှ အပွင့်ပွင့်လေ့ ရှိကြတယ်၊ အခု စကားဝါပင်ဟာ နိမ့်နိမ့်လေးနဲ့ အပွင့်တွေ ပွင့်တယ်၊ ကံ့ကော်ပင်တွေလည်း ပွင့်တယ်၊ သေးအောင် လုပ်ထားတာ၊ ကိုင်းကူးတာတို့ ဘာတို့ အမျိုးစုံ လုပ်ကြတယ်ပေါ့လေ၊ သစ်ပင်ငယ်ငယ်လေးတွေဟာလည်းပဲ သဘာဝအားဖြင့် ပွင့်ကုန်ကြတယ်ပေါ့၊ အသီးသီးလာကြတယ်၊ ပိန္နဲပင်တွေဆိုလို့ရှိရင် လူတစ်ရပ်လောက်တောင် မရှိသေးဘူး အသီးတွေ သီးနေကြတယ်၊ လက်တွေ့အားဖြင့်လည်း သစ်ပင်တွေဟာ ကိုင်းကူးတွေနဲ့ မျိုးဆက်တွေနဲ့ လုပ်ထားသည့်အတွက်ကြောင့် ငယ်ငယ်လေးနဲ့ အသီးသီးတဲ့အနေအထားတွေ မြင်ရတယ်။

ကောသလမင်းကြီးကတော့ သဘာဝကိုက မြေကပေါက်ထွက်လာတဲ့သစ်ပင်လေးတွေဟာ မြေကပေါက်ခါစ အပွင့်ပွင့်လိုက်တာ, အသီးတွေ သီးလိုက်တာ ခဏလေးပဲ၊ ချက်ချင်းကြီးပဲ မြေက ပေါ်လာပြီးတော့ ပွင့်တာ သီးတာကို မြင်ရတယ်၊ အဲဒါ တပည့်တော်အိပ်မက်ထဲမှာ ထူးထူးဆန်းဆန်း မြင်လိုက်ရတဲ့အချက်ပါပဲလို့ ဆိုတယ်။

မြတ်စွာဘုရားက "ဒါဟာလည်းပဲ သင်မင်းကြီးလက်ထက်မှာ အကျိုးသက်ရောက်မှုရှိမယ့်အရာ မဟုတ်ဘူး"၊

htpp://www.dhammadownload.com


သစ်ပင်လေးတွေဟာ ပေါ်လာပြီး မကြာခင်ပွင့် မကြာခင်သီး တယ်ဆိုတာ နောင်တစ်ချိန်ကျလို့ရှိရင် လူ့လောကကြီးဟာ သက်တမ်းတွေ တိုပြီးတော့ သက်တမ်းဆုတ်ယုတ်တဲ့အချိန် အခါမျိုး ကြုံလိမ့်မယ်၊ အဲဒီလို သက်တမ်းဆုတ်ယုတ်လာပြီ ဆိုရင် အမျိုးသမီးငယ်ငယ်လေးတွေဟာ အိမ်ထောင်ရက်သား ကျပြီးတော့ သားသမီးတွေ မွေးကြလိမ့်မယ်၊ ဒီလိုအဓိပ္ပါယ်မျိုး ကို ဖော်ဆောင်တယ်တဲ့။

ဟုတ်ပြီ ဒီကနေ့ ဂျာနယ်တွေထဲမှာ ကြည့်ရင် ကိုးနှစ် သမီး ကိုယ်ဝန်ဆောင်တာတို့ ဒါမျိုးတွေပါ တွေ့လာရပြီပေါ့ နော်၊ အဲဒီလိုအနေအထားမျိုးတွေ ဖြစ်ပေါ်လာခဲ့တယ်၊ ဒီ တော့ ကောသလရဲ့အိပ်မက်ရဲ့ အကျိုးသက်ရောက်မှုဟာ တဖြည်းဖြည်းမှန်လာပြီလို့ ပြောရမှာပဲ။

**စက္ကဝတ္တိသုတ္တန်**မှာ မြတ်စွာဘုရားဟောထားတာ ရှိ တယ်၊ ၁၀-နှစ်တမ်း ရောက်လို့ ရှိရင်တဲ့ ငါးနှစ်သမီးဟာ အိမ် ထောင်ပြုတဲ့အရွယ် ဖြစ်လာမယ်လို့ ဒီလိုဆိုတာ၊ အဲဒါကို ဘုန်းကြီးတို့က တွက်ကြည့်တယ်၊ ဆယ်နှစ်တမ်းအရွယ်မှာ ငါး နှစ်သမီး အိမ်ထောင်ပြုတယ်ဆိုတာ တော်တော်ကို နောက် ကျတယ်လို့နော်၊ ဘာပြုလို့လဲဆိုတော့ အခုခေတ် အသက် တစ်ရာမှာ ငါးဆယ်မှ အိမ်ထောင်ပြုသလို ဖြစ်နေတယ်။

စာပေမှာ ကြည့်လိုက်တဲ့အခါ မူကွဲတစ်ခုရှိတယ်၊ အဲဒီ မူကွဲမှာ ကြည့်လိုက်မယ်ဆိုရင်တော့ သူက ငါးလသမီးလို့ ဒီလိုဆိုတယ်၊ **'ပဉ္စမာသိကာ'**၊ ဒီတော့ ငါးလသမီးဆိုတာ အချိုး

htpp://www.dhammadownload.com


ကျန့် တွက်ကြည့်ရင်တော့ သေချာသိနိုင်တယ်ပေါ့။ လူ့ရဲ့ သက်တမ်းဟာ ဆယ်နှစ်ပဲ ရှိတယ်၊ ဆယ်နှစ်ပဲရှိတော့ အခု ခေတ်အနေအထားနဲ့ တွက်ကြည့်ပေါ့။ ခုခေတ်အနေအထား က ဥပမာမယ် - တစ်ရာတမ်းဆိုပါစို့၊ တစ်ရာတမ်းမှာဆိုရင် ဆယ့်ရှစ်နှစ် အခုခေတ်မှာ အရွယ်ရောက်တယ် ထား၊ ခုနစ် ဆယ့်ငါးနှစ်တန်းပဲ ထားဦးတော့၊ ဆယ့်ရှစ်ဆိုရင် အရွယ် ရောက်တယ်လို့ သတ်မှတ်တယ်ပေါ့။ ဒီတော့ ဆယ်နှစ်ဆိုလို့ ရှိရင် ဘယ်အချိန် အရွယ်ရောက်ရမလဲ ကိန်းဂဏန်းနဲ့ တွက် ကြည့်လိုက်ပေါ့။ တွက်ကြည့်တော့ ငါးလသမီးဆိုရင်တော့ ပို နီးစပ်တယ်လို့ ဒီလိုထင်တယ်ပေါ့။ ငါးနှစ်ဆိုတာတော့ ကြီး လွန်းအားကြီးသွားပြီ၊ နောက်ထပ် ငါးနှစ်ဆိုရင် အဖွားကြီးဖြစ် ပြီး သေတော့မှာပဲ ရှိတော့တယ်၊ ဒီတော့ ငါးနှစ်မှာ အိမ် ထောင်ကျတယ်ဆိုရင် နောက်ကျတယ်လို့ ထင်တယ်ပေါ့။

အဲဒီလို သက်တမ်းတွေ ဆုတ်ယုတ်လာတဲ့အခါမှာ အခု ဒီကျောင်းထဲမှာ ပေါက်ဖွားနေတဲ့ ခွေးတွေကို သတိထား ကြည့်မိတယ်၊ ခဏလေးပဲကြီး မွေးလာလို့ ခွေးပေါက်စလေး၊ တော်ကြာကျတော့ အိမ်ထောင်ကျကုန်ကြပြီ၊ မကြာဘူး တစ် နှစ်တောင် မနေဘူး၊ သူတို့ အိမ်ထောင်ကျကုန်ပြီ၊ အဲဒီလိုတွေ ဖြစ်တယ်။

ဒီတော့ ကောသလမင်းကြီး အိပ်မက်မက်တာက သစ် ပင်လေးတွေဟာ မြေကြီးပေါ်ကနေ ပေါ်ထွက်လာပြီးတော့ မကြာဘူး အပွင့်တွေပွင့်, အသီးတွေသီးတယ်ဆိုတဲ့ အိပ်မက်

htpp://www.dhammadownload.com


မှုဟာတဲ့ သက်တမ်းတိုလာတဲ့ ဆုတ်ယုတ်လာတဲ့ လူ့လောက မှာ အရှယ်တွေငယ်ငယ်နဲ့ အိမ်ထောင်ရက်သားကျမယ် ဆိုတာ နောင်တစ်ချိန်ဖြစ်ပေါ်လာမယ့် အနေအထားတွေကို ပုဗ္ဗနိမိတ် အနေနဲ့ မက်တာပါ၊ သင်မင်းကြီးအတွက် ဘာအန္တရာယ်မှ မရှိပါဘူးလို့ မြတ်စွာဘုရားက ဒုတိယမြောက်အိပ်မက်ကို အခုလို ဖြေရှင်းပြီးတော့ ဆုံးမဟောကြားခဲ့တာ ဖြစ်ပါတယ်။

လောကမှာ အိပ်မက်နဲ့ပတ်သက်ပြီးတော့ မှတ်သားစရာ တွေ များစွာရှိတယ်၊ ဒီကနေ့ ကောသလမင်းကြီးရဲ့အိပ်မက် တစ်ဆယ့်ခြောက်ချက်ထဲက နှစ်ချက်လောက်ကို မှတ်သားပြီး နောက်ရက်တွေမှာ ဆက်လက်ပြီး ကောသလမင်းကြီးအိပ်မက် တွေအကြောင်းနဲ့ မြတ်စွာဘုရားရှင်းလင်းပြောကြားတဲ့ အိပ်မက် ရဲ့အကျိုးအပြစ်တွေကို မှတ်သားပြီးတော့ သံဝေဂတရား ဖြစ် ပွားဖို့၊ လောကကြီးရဲ့အခြေအနေတွေဟာ အခုလိုပဲ အနေ အထားတစ်ခုဟာ ဖြစ်ပေါ်လာတယ်၊ အကြောင်းကင်းပြီးတော့ အကျိုးတရားဆိုတာ မဖြစ်ဘူးဆိုတာကို မှန်ကန်တဲ့အတွေး တွေကို တွေ့ရှိပြီးတော့ မှန်ကန်တဲ့အသိဉာဏ်တွေ ရအောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

**သာဓု သာဓု သာဓု။**

htpp://www.dhammadownload.com

htpp://www.dhammadownload.com

# ကောသလအိပ်မက်နှင့် ယနေ့ကမ္ဘာ
# အပိုင်း-၂

သာသနာတော်နှစ် ၂၅၅၈-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၆-ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၁-ရက်၊ ၁၄. ၄. ၂၀၁၅၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာရွာ ဓမ္မသဟာယသာသနစင်တာ ဓမ္မရတိ မဟာဓမ္မသဘာဓမ္မာရုံ ကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် နှစ်သစ်ကူးအထူးဓမ္မသဘင်ပွဲ၌ မုံရွာမြို့ မိဘများဖြစ်ကြသော ဦးလှအောင် ဒေါ်ခင်မေရီတို့အား ရည်စူး၍ သားမောင်ချမ်းမြေ့ အောင်နှင့် ဒေါက်တာတင်အောင် ဒေါ်ခင်ဌေးတို့အား အမှူးထား ၍ အမှတ် ၁၁၁၇-င/၂ ရွှေနှင်းဆီ ၅-လမ်း ကိုးမိုင် နှင့် ရန်ကုန်မြို့ ဦးအောင်လွင်အောင် ဒေါ်ကြူကြူအောင် သား မောင်အောင်စည်ဖြိုး သမီးမချောသီရိလွင်မိသားစုတို့၏ အမတ ဒါနဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော "ကောသလအိပ်မက် နှင့် ယနေ့ကမ္ဘာ အပိုင်း-၂" အကြောင်း တရားဒေသနာတော်။

htpp://www.dhammadownload.com


ဖြစ်ပေါ်လာမယ့်အခြေအနေကို ရှေ့ပြေးနိမိတ်အနေနဲ့ ကောသလမင်းကြီးက မြင်ခဲ့တဲ့အိပ်မက်တွေကို ၅၅၀-ဇာတ်တော်မှာ မဟာသုပိနဇာတ်အဖြစ် မှတ်တမ်းတင်ထားတယ်၊ အဲဒီမှတ်တမ်းတင်ထားတဲ့ မဟာသုပိနဇာတ်အရ မြတ်ဗုဒ္ဓရဲ့ လက်ထက်မှာ ဒီအိပ်မက်ကို ကောသလမင်းကြီးမက်တာဟာ ပထမဦးဆုံးမက်တယ်လို့ ဆိုလို့ မရဘူး၊ ဘုရားအလောင်း ဘုရားအဖြစ်သို့ မရောက်ခင်ကလည်း ဗာရာဏသီပြည်မှာ ကာသိမင်းကြီးဟာ အခုလိုပဲ ထပ်တူညီမျှသော အိပ်မက်မျိုးတွေကို မက်ခဲ့ဖူးတယ်ဆိုတာ ၅၅၀-ဇာတ်ထဲက ၇၇-ဇာတ်မြောက် မဟာသုပိနဇာတ်မှာ ဆိုထားတယ်၊ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်မှာ အကြောင်းတစ်ခုခုကြောင့် လောကကြီးမှာ ဖြစ်ပေါ်လာမည့် အခြေအနေမျိုးတွေကို ကြိုတင်ပြီးတော့ နိမိတ်ပြတဲ့အနေနဲ့ မက်လာတာမျိုးတွေဟာ ဖြစ်လေ့ဖြစ်ထရှိတယ်၊ အများနဲ့ဆိုင်တဲ့အိပ်မက်မျိုးတွေ ရှိသလို အိပ်မက်မက်သူနဲ့သာ သက်ဆိုင်တဲ့အိပ်မက်မျိုးတွေလည်းပဲ ရှိတယ်ပေါ့၊ ကောသလမင်းကြီးအိပ်မက်ကတော့ မက်သူကိုယ်တိုင်နဲ့ သက်ဆိုင်မှု မရှိဘဲနဲ့ နောင်အနာဂတ်မှာ လူ့လောကကြီးမှာ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေတွေကို အတိတ်နိမိတ်ပြတဲ့အနေနဲ့ ကြိုတင်ပြီးတော့ မက်တယ်လို့ ဒီလိုဆိုတယ်၊ ဒါတွေကလည်း လောကမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အနေအထားမျိုးတွေပဲ။

htpp://www.dhammadownload.com


ကိုယ့်ရဲ့အိပ်မက်အကြောင်းတွေကို ကိုယ်ကိုယ်တိုင်က မှတ်တမ်းတင်ထားခြင်း မရှိသည့်အတွက်ကြောင့်သာ မသိကြတာ၊ ဘုန်းကြီးတို့ အမှတ်တမဲ့မက်ခဲ့တဲ့ အိပ်မက်လေးတွေအကြောင်း နည်းနည်းပြောပြရမယ်ဆိုရင် ကိုယ့်ကိုယ်ကို နည်းနည်းပြန်ပြီး စဉ်းစားကြည့်ကြရမယ်၊ တစ်ခါတုန်းက ရက်စွဲတွေ နှစ်တွေတော့ မမှတ်မိဘူး၊ မက်ဖူးတဲ့အိပ်မက်ထဲမှာ ဘာတွေ့ရတုန်းဆိုရင် ကျယ်ပြန့်တဲ့ရေပြင်ကြီးမှာ အလွန်စိမ်းတဲ့သစ်ပင်တွေ ပေါက်နေတဲ့ တောင်လေးတွေဟာ ရေပင်လယ်ကြီးမှာ မျောနေသလိုပဲ၊ ရေပြင်ထဲမှာ တောင်ကုန်းလေးတွေ၊ အဲဒီလို ရေပြင်ကြီးနဲ့ တောင်ကုန်းကလေးတွေ အိပ်မက်ထဲမှာ ကြုံတွေ့ခဲ့ရဖူးတယ်၊ အဲဒီကြုံတွေ့ခဲ့အိပ်မက်နဲ့ ထပ်တူညီမျှ ဘယ်မှာ သွားတွေ့ရသလဲလို့ဆိုရင် ကော့သောင်းတို့ မြိတ်တို့သွားတဲ့အခါ အဲဒီအိပ်မက်ထဲက ပုံစံကလေးပဲနော်၊ ရေမျက်နှာပြင်ပေါ်မှာ တောင်ကုန်းလေးတွေ စိမ်းညို့ညို့နဲ့ တွေ့ရတော့ 'ငါ အိပ်မက်မက်ဖူးတဲ့နေရာပါလား'လို့ စိတ်ထဲမှာ ဒီလိုဖြစ်တယ်၊ ဒါက အများနဲ့ သက်ဆိုင်မှုမရှိဘူး၊ မက်သူကိုယ်တိုင်နဲ့သာ သက်ဆိုင်တာ ဖြစ်တယ်။

တစ်ခါတုန်းက အိပ်မက်ထဲမှာ သင်္ဘောကြီးစီးပြီးတော့ သွားရတာ၊ သင်္ဘောကြီးက တော်တော်ကြီးတဲ့သင်္ဘောကြီး၊ သွားတာလည်း ဖြည်းဖြည်းလေး ငြိမ့်ငြိမ့်လေးပဲ၊ လှုပ်ရှားမှု မရှိဘူး၊ အဲဒီ ငြိမ့်ငြိမ့်လေး သင်္ဘောကြီးစီးရင်း ကမ်းခြေအနီး ဖြတ်သန်းသွားတဲ့အခါမှာ သစ်ပင်တွေကြားမှာ မြင့်မား

htpp://www.dhammadownload.com


တဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူကို အမှတ်မထင် ဖူးမြင်လိုက်ရတယ်ပေါ့၊ အဲဒီလိုဖူးမြင်ပြီးတဲ့နောက်ပိုင်းမှာ အဲဒီလို ရုပ်ပွားတော်ကြီးနဲ့ ရေမျက်နှာပြင် ဘယ်မှာ သွားတွေ့ရတုန်းဆို ၁၉၈၇-ခုနှစ်က သီရိလင်္ကာနိုင်ငံရောက်သွားတော့ ကိုလံဘို အနီးနားက မြို့တစ်မြို့မှာ အဲဒီပုံစံနဲ့ ခပ်ဆင်ဆင် ရုပ်ပွားတော် မတ်တပ်ရပ်ကိုယ်တော်ကြီးကို ဖူးတွေ့လိုက်ရတော့ 'သြော် ငါ့အိပ်မက်ထဲမှာ မက်ထားတာပါလား' လို့ တွေးမိတယ်၊ အဲဒီလိုအနေအထားလေးတွေဟာ ကိုယ့်ဟာကိုယ် မှတ်တမ်းတင်ထားမယ်ဆိုရင် ကြိုတင်ဖြစ်ပေါ်မှုလေးတွေဟာ အနည်းငယ်ရှိနေတယ်ဆိုတာ သိသာထင်ရှားတယ်ပေါ့။

တစ်ခါ သင်္ဘောကြီးဟာ အလွန်ငြိမ့်ပြီး သွားမှန်းမသိဘူး၊ ငြိမ်ငြိမ်ကလေး ရွေ့ရွေ့လေး သွားပြီးတော့နော် သင်္ဘောစီးနေမှန်း မသိရအောင် ငြိမ့်ငြိမ့်ကလေးသွားနေတာ၊ မနှစ်တုန်းက ပြီးခဲ့တဲ့မတ်လမှာ ဗန်းမော်ကနေပြီး သင်္ဘောကြီးနဲ့ စုန်ဆင်းလာတာကို သွားပြီးတော့ သတိရမိတယ်ပေါ့၊ အဲဒီလို အိပ်မက်ထဲမှာ ကြုံတွေ့ရတဲ့ သင်္ဘောကြီးကလည်း ဗန်းမော်ကနေ စုန်ဆင်းလာတဲ့အခါမှာ ရှေးတုန်းကသင်္ဘောတွေလို မဟုတ်ဘဲနဲ့ ရေမျက်နှာပြင်ကလည်း ငြိမ်သက်၊ သင်္ဘောစက်ကလည်း ငြင်သာလို့ ရွေ့ရွေ့ကလေး သွားနေတာ၊ တုန်ခါမှုမရှိဘဲနဲ့ ငြိမ်သက်တဲ့သင်္ဘောကြီးနဲ့ ခရီးသွားရတာဟာ မနှစ်ကပဲ ကြုံတွေ့ခဲ့ရတယ်ပေါ့၊ ဒါကြောင့်မို့ ကြိုတင်ပြီးတော့ အိပ်မက်မက်တာလေးတွေဟာ ထပ်တူညီမျှ

htpp://www.dhammadownload.com



သဘောလေးတွေ ဆောင်တာတွေကို တွေ့နိုင်တယ်လို့၊ လူတိုင်းလူတိုင်းဟာ မိမိတို့အိပ်မက်မက်တာလေးတွေကို အမှတ်တမဲ့ မနေဘဲနဲ့ မှတ်တမ်းလေး တင်ထားမယ်ဆိုရင် ပုဗ္ဗနိမိတ်ကြောင့် မက်တာလေးတွေဟာ ကြိုတင်ပြီးတော့ ဖြစ်ပေါ်နေတတ်တဲ့အနေအထားမျိုးလေးတွေ ရှိတယ်ပေ့ါ။

လောကကြီးမှာ ဖြစ်ပေါ်မယ့်အနေအထားမျိုး မဟုတ်ပေမယ်လို့ ကိုယ်တွေ့ခံစားရမယ့် အနေအထားတွေအတွက်လည်း ကြိုတင်မက်တတ်တယ်ဆိုတာလေးတွေဟာ လူတိုင်းမှာ ရှိတတ်တယ်ပေ့ါ၊ ကောသလမင်း အိပ်မက်မက်တာလိုမက်တတ်တာလေးတွေဟာ ရှိနေမှာပဲ။

## အိပ်မက် နံပါတ်-၃

ဒီကနေ့ ကောသလမင်းကြီးက မြတ်စွာဘုရားနဲ့ ဆုံတွေ့ပြီး သူ့ရဲ့အိပ်မက်အကြောင်းတွေကို လျှောက်ထားတဲ့အခါမှာ နံပါတ်သုံးအိပ်မက်ကို သူက လျှောက်ထားတယ်၊ "နွားမကြီးတွေဟာ မွေးစ နွားမငယ်ကလေးတွေ (အခုပဲ မွေးလာလို့ ရပ်နိုင်ခါစလေး နွားမငယ်လေးတွေ)ရဲ့, နွားမငယ်လေးဆိုတော့ နွားမကြီးက ရှေ့လက်နှစ်ဖက်ကို ထောက်ပြီးတော့ မွေးခါစလေးဖြစ်တဲ့ မတ်တပ်ရပ်ခါစ နွားမငယ်လေးရဲ့နို့ကို စို့နေတာ"ကို သူက မြင်ရတယ်၊ အိပ်မက်ထဲမှာ သွားတွေ့တယ်၊ ရှေ့လက်နှစ်ဖက်ကို ဒူးထောက်ပြီးတော့ ခေါင်းငုံ့ပြီး မွေးစနွားမငယ်လေးရဲ့နို့ကို စို့နေတာကို သူ တွေ့ရတယ်

htpp://www.dhammadownload.com



တဲ့၊ "အရှင်ဘုရား ဒီအိပ်မက်က ဘယ်လို အကျိုးအပြစ်တွေ ဖြစ်လာနိုင်ပါသလဲ"လို့ မြတ်စွာဘုရားကို မေးတာ။

မြတ်စွာဘုရားက "ဒီအိပ်မက်ဟာ အခုအချိန်တော့ ဘာမှ ဖြစ်လာဦးမှာ မဟုတ်သေးဘူး၊ နောင် နှစ်ပေါင်းများစွာကြာလာတဲ့အခါမှာ လူ့လောကကြီးမှာ ကိုယ့်ထက် အသက်အရွယ်ကြီးတဲ့ပုဂ္ဂိုလ်တွေကို မလေးစားတဲ့ အနေအထားမျိုးတွေ ဖြစ်ပေါ်လာလိမ့်မယ်၊ **'ဇေဋ္ဌာပစာယိကကမ္မ'** အသက်အရွယ်ကြီးတဲ့ပုဂ္ဂိုလ်တွေ ဝယဝုဍ္ဎိ ဂုဏဝုဍ္ဎိ အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေကို ရိုသေလေးစားမှု ပြုသင့်တယ်၊ အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေကို ဂါရဝမထားတဲ့ခေတ်မျိုးဟာ ရောက်လာမယ်၊ အသက်ကြီးတဲ့ပုဂ္ဂိုလ်ဆိုတာ ရိုသေလေးစားထိုက်တဲ့ပုဂ္ဂိုလ်၊ အသက်ကြီးရုံနဲ့တင်ပဲ ငယ်တဲ့ပုဂ္ဂိုလ်တွေက လေးစားရမယ် ပေါ့၊ ဘာ့ကြောင့်လဲ? သူဟာ ကိုယ့်ထက် အရင်မွေးတာ ဖြစ်တယ်၊ ကိုယ့်ထက် အရင်မွေးလို့ လောကကြီးအကြောင်းကို ကိုယ့်ထက် အရင်တွေ့ကြုံထားတဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ အသက်အရွယ်ကြီးမားတဲ့ပုဂ္ဂိုလ်ဆိုတာ ဝယဝုဍ္ဎိအနေနဲ့ လေးစားရမှာ ပေါ့၊ **ဇေဋ္ဌာပစာယနကမ္မ**လို့ ခေါ်တယ်၊ လောက လူယဉ်ကျေးတွေရဲ့အသိုင်းအဝိုင်းမှာဆိုရင် ကိုယ့်ထက်ကြီးတဲ့ပုဂ္ဂိုလ်တွေကို ရိုသေလေးစားမှုဟာ တကယ့်လူ့ယဉ်ကျေးတွေ လိုက်နာကျင့်သုံးရတဲ့ တရား။

ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားတောင် ဝေရဉ္ဇာမြို့မှာ အပြောအဆို ခံခဲ့ရဖူးတယ်၊ အဲဒီအချိန်မှာ

htpp://www.dhammadownload.com



မြတ်စွာဘုရားရဲ့သက်တော်က ၄၀-ပတ်ဝန်းကျင်လောက်ပဲ ရှိသေးတယ်၊ အသက်အရွယ် ၇၀-ကျော် ၈၀, ၉၀ အဘိုးကြီး အရွယ်ဖြစ်တဲ့ ဗြာဟ္မဏတွေ တွေ့တဲ့အခါမှာ မြတ်စွာဘုရား က ဒီဗြာဟ္မဏကြီးတွေကို ရိုသေလေးစားမှု မပြဘူး၊ ရိုသေ လေးစားမှု မပြဘဲ နေတာကို ဝေရဉ္ဇာမြို့က ဥဒယဆိုတဲ့ပုဏ္ဏား ကြီးက စိတ်ထဲမှာ မကျေနပ်ဘူး၊ သူက သတင်းလည်း ကြားတင် ကြားထားတယ်၊ ဂေါတမရဟန်းဟာ ကိုယ့်ထက် အသက် အရွယ်ကြီးတဲ့ပုဂ္ဂိုလ်ကို ရိုသေလေးစားမှု ပြလေ့မရှိဘူး၊ လူ့ ရဲ့ယဉ်ကျေးမှုကို မလိုက်နာဘူးဆိုတာ သိရှိထားတယ်။

သူကိုယ်တိုင် မြတ်စွာဘုရားဆီ ရောက်တဲ့အခါ သူ့ ကို အရိုအသေပေးတာ မတွေ့ရဘူး၊ အရိုအသေပေးတာ မတွေ့ရတော့ မြတ်စွာဘုရားနား လာပြီး ပြောတယ်၊ "သူကြား ဘူးတယ်"တဲ့၊ "ဂေါတမရဟန်းဟာ ကိုယ့်ထက် ကြီးတဲ့ပုဂ္ဂိုလ် ကို မလေးစားဘူး၊ အရိုအသေမှု မပြုဘူး၊ ခရီးဦး မကြိုဆို ဘူး"၊ အခုတော့ သူကိုယ်တိုင် တွေ့ရပြီ၊ သူ့ကို ခရီးဦး ကြိုဆိုတာတွေ မလုပ်ဘူး၊ ပရိသတ်အလယ်မှာ ထိုင်ပြီး နေ တယ်၊ အဲဒါဟာ ကိုယ်တွေ့ပဲ၊ ကြားတဲ့သတင်းနဲ့ ကိုယ်တွေ့ အဖြစ်အပျက်ဟာ အလွန်မှန်ကန်နေတယ်၊ "အရှင်ဂေါတမ, အခုလို လုပ်တာဟာ လူ့ယဉ်ကျေးမှု ရိုသေလေးစားရမယ် ဆိုတဲ့ ဂါရဝနိဝါတတရား ပျက်ပြားခြင်း ဖြစ်တယ်"၊ မြတ်စွာ ဘုရားကို အပြစ်တင်တာ။

htpp://www.dhammadownload.com



အဲဒီလိုအပြစ်တင်တော့ မြတ်စွာဘုရားက ဘာ ပြန် ပြောတုန်းဆိုတော့ "ပုဏ္ဏားတဲ့ ငါ့အနေနဲ့ ရိုသေလေးစားမှု မပြုဘူးဆိုတာ မှန်တယ်တဲ့၊ ဘာ့ကြောင့်လဲဆိုရင် ငါ့ထက် အသက်ကြီးချင်တော့ ကြီးမယ်၊ သီလအရာ ငါ့ထက်သာတဲ့ ပုဂ္ဂိုလ်, သမာဓိအရာ ငါ့ထက်သာတဲ့ပုဂ္ဂိုလ်, ပညာအရာ ငါ့ ထက်သာတဲ့ပုဂ္ဂိုလ်၊ ငါက ရိုသေလေးစားလောက်အောင် သီလ သမာဓိ ပညာ ရှိတဲ့ပုဂ္ဂိုလ် လူ့လောကမှာ မပြောနဲ့ နတ်တွေ ဗြဟ္မာတွေ အသိုင်းအဝိုင်းမှာတောင် မရှိဘူးတဲ့၊ ကနေ့မပြောနဲ့တဲ့ လောကကြီးမှာ ငါ လူ့ဘဝနဲ့ မွေးဖွားလာ တဲ့အချိန်မှာတောင် လောကကြီးတစ်ခုလုံးကို ငါကြည့်လိုက် တဲ့အခါမှာ အားလုံးက ငါ့ကိုသာ respect ပေးနေကြတယ်၊ ငါက ပြန်ပြီးတော့ respect ပေးရမယ့် ရိုသေလေးစားရမယ့် ပုဂ္ဂိုလ် အဲဒီတုန်းကတည်းက မတွေ့ခဲ့ဘူးတဲ့၊ အခု တရားထူး တရားမြတ်ကို သိပြီး ဘုရားအဖြစ်သို့ ရောက်တဲ့အချိန်မှာ ဘယ်မှာ တွေ့မလဲ၊ အကယ်၍သာ ငါက လောကကျင့်ဝတ် အရ တစ်ဦးတစ်ယောက်ကို ခရီးဦးကြိုဆိုလိုက်မယ်၊ အရို အသေ ပေးလိုက်မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ငါ့ရဲ့ရိုသေ လေးစားမှုကို ခံနိုင်ရည်မရှိဘူး၊ ခေါင်းပြတ်သွားနိုင်တယ်"။

ကနေ့ခေတ်မှာပဲ ကြည့်လေ၊ သားနဲ့ အဖ ဒီလိုနေကြ ရာ သားက အဖေကို ရိုသေလေးစားတယ်၊ သို့သော် အဲဒီ သားက သာသနာဘောင်ဝင်ပြီး ရဟန်းခံတယ်၊ သူတော်စင် အသွင်နဲ့ သူတော်စင်တို့ ကျင့်သုံးရမယ့် သီလဆိုတာကို

htpp://www.dhammadownload.com


ဆောက်တည်လိုက်တဲ့အခါ မိဘက ပြန်ပြီးတော့ ရိုသေလေးစားမှုကို ပြုရတယ်၊ မိဘရဲ့ရိုသေလေးစားမှုကို ခံရတယ်၊ ခံနိုင်တဲ့အရည်အချင်းတွေ ရှိသွားတယ်၊ အဲဒီ ခံယူနိုင်တဲ့အရည်အချင်းဟာ ဘာလဲလို့ဆိုရင် သီလပဲ ဖြစ်တယ်၊ သီလကြောင့် အရိုအသေခံနိုင်တဲ့အတိုင်းအတာတစ်ခု ဖြစ်ရတယ်။

မြတ်စွာဘုရားကလည်း သီလအရာ သမာဓိအရာ ပညာအရာ တစ်လောကလုံးကို ကြည့်လိုက်တဲ့အခါမှာ အားလုံးဟာ သူ့ထက် နိမ့်ကျနေတာသာ ဖြစ်တယ်ပေါ့၊ ဒါကြောင့်မို့ ရိုသေလေးစားမှုကို မပြုဘူးလို့ မြတ်စွာဘုရားက ရှင်းပြတယ်၊ "အကယ်၍ ငါရိုသေသမှု ပြုလိုက်မယ်ဆိုရင် သူဟာ ခေါင်းတောင် ပြတ်သွားနိုင်လောက်တဲ့ အခြေအနေဆိုးတွေ ကြုံတွေ့နိုင်တယ်"လို့ ဒီလိုဆိုတာ။

အဲဒီလို ပြောပေမယ့် မကျေနပ်ဘူး၊ မကျေနပ်လို့ မြတ်စွာဘုရားကို စွဲချက်တွေ အမျိုးမျိုးတင်တယ်၊ မြတ်စွာဘုရားက ရှင်းပြတယ်၊ "လောကကြီးမှာ အရင်မွေးလို့ အကြီးဆိုလို့ ရှိရင်တဲ့ ဟုတ်ပြီ ပကတိလူသားတစ်ယောက်အနေနဲ့ ငါ နောက်မှမွေးတာ မှန်တယ်၊ သို့သော်လည်း အမှန်တရားကို သိပြီး ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းက မွေးလာတာတော့ ငါဟာ အရင်ဆုံးပဲ"တဲ့၊ ဒီလိုဆိုတာ၊ သစ္စာလေးပါးအမှန်တရားကို သိခြင်းဖြင့် လောကကြီးမှာ မွေးဖွားလာတာတော့ ငါဟာ ပထမဆုံးပဲတဲ့၊ ကျန်တဲ့ပုဂ္ဂိုလ်တွေဟာ ငါ့ထက် ငယ်နေတယ်၊ တရားထူးတရားမြတ်အသိနဲ့ ပတ်

htpp://www.dhammadownload.com



သက်လာလို့ရှိရင် ငါဟောမှ နောက်မှ သိကြရတာ ဖြစ်လို့ အသိအနေနဲ့ ငါဟာ အကြီးဆုံးပဲ ဖြစ်တယ်လို့ - ဒီရှုဒေါင့်ကနေ မြတ်စွာဘုရားက ရှင်းပြတာ၊ ပထမဆုံးမွေးလို့ အကြီးဖြစ်ရမယ်ဆိုလို့ရှိရင် ဓမ္မအသိဉာဏ်အနေနဲ့ ငါဟာ ပထမဆုံးမွေးလာတာ၊ ပထမဆုံး ဒီတရားတွေကို ဟောကြားလာတာ ဖြစ်တော့ ဓမ္မမွေးဖွားခြင်းအားဖြင့် ငါဟာ အကြီးဆုံးဖြစ်တယ်လို့ ဒီလိုရှင်းပြလိုက်တဲ့အခါ ဝေရဉ္ဇာမြို့က ဥဒယပုဏ္ဏားကြီးက လက်ခံပြီးတော့ "အရှင်ဂေါတမ အကြီးဆုံးဖြစ်ပါပေတယ်" ဆိုပြီး ဘုရားကို ကိုးကွယ်ဆည်းကပ်တဲ့ ဗုဒ္ဓဘာသာအဖြစ် ခံယူသွားတယ်၊ ဒီလိုအခြေအနေမျိုးတွေ ရှိခဲ့တယ်ပေါ့။

အခုလည်းပဲ လောကကြီးမှာ ကြီးတဲ့ပုဂ္ဂိုလ်ကို ရိုသေလေးစားရမယ်ဆိုတဲ့ ကျင့်ဝတ်ထုံးတမ်းစဉ်လာတွေဟာ တစ်နေ့ကျလို့ရှိရင် ပျက်ပြားသွားနိုင်တယ်ပေါ့၊ ဆုတ်ယုတ်ပျက်ပြားလာပြီး ကြီးတဲ့ပုဂ္ဂိုလ်တွေကို အလေးမထားဘူး၊ အဲဒီလို ဖြစ်လာပြီဆိုလို့ရှိရင်တဲ့ အဲဒီတရား ပျောက်ကွယ်သွားပြီ၊ နောင်အနာဂတ်မှာ သတ္တဝါတွေဟာ ဘာဖြစ်လဲဆိုရင် လေးစားရမယ့် အမေတွေ အဖေတွေ ယောက္ခမတွေ၊ ယောက္ခမအဖေနဲ့ ယောက္ခမအမေပေါ့နော်၊ ယောက္ခမကို ယောက္ခဖလို့ ခေါ်ရင် နည်းနည်းတော်လိမ့်ဦးမယ်၊ ယောက္ခထီးဆိုတာ မဟုတ်လောက်ဘူး ထင်ပါတယ်နော်၊ ယောက္ခမအမေအဖေတွေ၊ အဲဒီအမေအဖေတွေနဲ့ ယောက္ခမအမေအဖေတွေအပေါ်မှာ လေးစားရမယ့်အနေအထားတွေ ပျက်ပြားသွားပြီးတော့ ဘယ်သူ့မှ ဗိုလ်

htpp://www.dhammadownload.com



မထားတဲ့အနေအထားမျိုးတွေ ဖြစ်လာတယ်နော်၊ **ဇေဋ္ဌာ-ပစာယိကကမ္မ** ဆိုတာ ယုတ်လျော့လာတယ်။

အဲဒီလို မလေးစားရုံတင် မကဘူး၊ ဘာဖြစ်လာတုန်းဆိုတော့ လူငယ်လူရွယ်ပီပီ ပညာတွေသင်ကြားလို့ ပညာတတ်ပြီး စီးပွားဥစ္စာတွေ ရှာနိုင်လာတယ်၊ ရှာနိုင်လာတဲ့အခါကုမ္ပဏီတွေ ထောင်ပြီးတော့ ကိုယ့်ဟာကိုယ် ချမ်းသာကြွယ်ဝလာတယ်ဆိုရင် အမေတွေအဖေတွေအပေါ်မှာ ပိုပြီးတော့မောက်မာလာတဲ့သဘော၊ စားဝတ်နေရေး မိဘကို ပေးချင်ပေးတယ်, မပေးချင် မပေးဘူး၊ ဒီတော့ မိဘတွေ ယောက္ခမအမေအဖေတွေဟာ အသက်အရွယ်ကြီးလာတဲ့အခါကျတော့အားကိုးရာ မရှိဘူး၊ ကိုယ်တိုင်လည်း လုပ်ကိုင် စားသောက်နိုင်ခြင်း မရှိဘူး၊ မရှိတဲ့အခါ ကိုယ့်သားကိုယ့်သမီး ချော့မော့ပြီး ပေါင်းနေကြရတယ်၊ သူတို့စိတ်တိုင်းကျ မအေဖအေအနေနဲ့ ဩဇာမပေးနိုင်တော့ဘူး၊ သားသမီးပေးတာလေးနဲ့ကျေနပ်ရတယ်။

လွန်ခဲ့တဲ့အနှစ် ၂၀-လောက်က တွေ့ခဲ့တဲ့အဖြစ်အပျက်လေးတစ်ခု ပြောရဦးမယ်၊ ဘူတာရုံတစ်ခုမှာ မီးရထားဆိုက်တဲ့အခါ ဘူတာရုံထဲမှာ သားအမိနှစ်ယောက် ထိုင်နေတယ်၊ သားအမိနှစ်ယောက်ထိုင်နေရာနဲ့ ဘုန်းကြီးတို့ရထားတွဲ ဆိုက်လာတာနဲ့ ပြတင်းပေါက်နဲ့က တည့်တည့်၊ အဲဒီအချိန်မှာ သမီးလုပ်တဲ့ပုဂ္ဂိုလ်က အမေကို ဘာပြောနေတုန်း၊ အမေက ဘာပြောတယ်တော့ မကြားလိုက်ဘူး၊ သမီးလုပ်တဲ့ပုဂ္ဂိုလ်က သူ့

htpp://www.dhammadownload.com



အမေကို "တော်လုပ်စာကို ကျုပ်စားနေတာ မဟုတ်ဘူးတဲ့, လာပြီးတော့ လျှာမရှည်နဲ့"တဲ့၊ အမေကို သမီးကပြောနေတဲ့ စကား၊ ကိုယ်တိုင်ကြားခဲ့ရတာနော်၊ "တော်လုပ်စာ ကျုပ်စား နေတာ မဟုတ်ဘူး"တဲ့၊ တောသူတွေနဲ့ တူပါတယ်၊ တော်နဲ့ ကျုပ်တို့နဲ့ ပြောတာ ကြားလိုက်တာ၊ ကြည့်ပါလား အမေကို များ ပြန်ရန်တွေ့တာ၊ ဒီတော့ အမေလုပ်တဲ့ပုဂ္ဂိုလ်က ပြန် မပြောရဲတော့ဘူး ငြိမ်သွားတယ်၊ အဲဒီမှာ စောစောကတော့ ဘာတွေ ပြောကြတယ်တော့ မသိဘူး၊ ကတောက်ကဆ ဖြစ် နေပုံတော့ ရတယ်၊ အဲဒီမှာ "တော်လုပ်စာ ကျုပ် စားနေတာ မဟုတ်ဘူးတဲ့ လျှာမရှည်နဲ့"တဲ့၊ ဟော. . အဲဒါနဲ့ မိဘလုပ် တဲ့ပုဂ္ဂိုလ်က ပါးစပ်ကလေး ပိတ် ဆေးလိပ်ကလေး သောက် ပြီး ဒီတိုင်း ထိုင်နေရှာတယ်၊ ဘာမှ မပြောတော့ဘူး၊ မီး ရထားကြီး ထွက်သွားတော့ သူတို့ကို ကြည့်ပြီးတော့ ဩော် ဖြစ်မှဖြစ်ရလေ၊ အမေအဖေကို ပြန်ငေါက်နေတယ်၊ အဲဒါ တော့ ကိုယ်တိုင်တွေ့ခဲ့တဲ့ဟာပေါ့၊ တခြားတွေမှာလည်းပဲ ဒီလိုဟာတွေဟာ အလားတူ ရှိတယ်ပေါ့၊ အဲဒီလို ရိုသေ လေးစားမှုတွေဟာ ကင်းမဲ့လာတတ်တယ်။

နောက်ပိုင်းကျတော့ သားသမီးလုပ်စာကို မိဘက မှီစား နေရမယ်ဆိုရင် အဲဒီမိဘဟာ ဩဇာမရှိတော့ဘူး၊ သားသမီး ကြီးစိုးလာတယ်၊ သူတို့ပေးချင်မှ ပေးမယ်၊ သူ့စကားနား ထောင် ရမယ်၊ သူထားတဲ့နေရာမှာ နေရမယ်၊ သူခိုင်းတာ လုပ်ရမယ်ဆိုတဲ့ အနေအထားမျိုးတွေကြောင့် မိဘတွေဟာ

htpp://www.dhammadownload.com



သနားစရာအခြေအနေမျိုး ရောက်နေကြတယ်၊ လောကမှာ ရှိနေတာ အမှန်ပဲ၊ အဲဒီလိုအနေအထားမျိုးတွေဟာ စိတ်မကောင်းစရာ ဖြစ်တယ်၊ ငယ်စဉ်တောင်ကျေးက ကျွေးမွေးစောင့်ရှောက်လာတဲ့ကျေးဇူးတွေကို မထောက်ထားဘဲ ကိုယ်က လုပ်နိုင်ကိုင်နိုင်အရွယ်ရောက်လာတဲ့အခါ မိအိုဖအိုတွေကို ယခုလို ဆူလိုက် ငေါက်လိုက်နဲ့ဆိုတဲ့ အနေအထားမျိုးတွေဟာ အတော်ရင်နာစရာကောင်းတယ်၊ ယဉ်ကျေးမှုဟာ ပျက်ပြားလာတယ်လို့ ဆိုရမယ်၊ အဲဒီလို ပျက်ပြားလာတော့ မိအိုဖအိုတွေ ယောက္ခမအမေအိုအဖေအိုတွေဟာ အားကိုးစရာ မရှိဘူး၊ ကိုယ့်ကိုယ်ကိုလည်း မစွမ်းဆောင်တော့ဘူး၊ မစွမ်းဆောင်နိုင်တော့ သားကလေးသမီးလေးတွေ ချော့၊ မြေးကလေးတွေ ချော့လို့၊ အဲဒီလိုချော့မော့ပြီး သူတို့ စိတ်ကျေနပ်အောင် လုပ်ပြီး ကျွေးတာလေးနဲ့ ကျေနပ်ပြီး နေရတယ်၊ ဒီလို အမေအိုအဖေအိုတွေ လောကကြီးမှာ ရှိနေပြီပေါ့၊ ဒီလိုဆိုတာ။

ဒါကြောင့်မို့လို့ ထင်ပါရဲ့၊ ဘိုးဘွားရိပ်သာတွေ ရောက်သွားကြတာတွေ ရှိတယ်ပေါ့နော်၊ အဆင်ပြေတဲ့မိဘတွေ ရှိသလို အဆင်မပြေတဲ့မိဘတွေက သားသမီးတွေရဲ့ အအော်အငေါက်တွေ အဆူအပူတွေကို ခံပြီးတော့ ငုံ့ပြီးနေကြရတယ်၊ မိအိုဖအိုတွေဟာ လောကမှာ သနားစရာဖြစ်လာတယ်၊ ဒီဦးရေဟာ တဖြည်းဖြည်းတိုးတက်လာတယ်၊ နောက်ပိုင်းမှာ ကြီးတဲ့ပုဂ္ဂိုလ်ကို ရိုသေလေးစားရမယ်ဆိုတဲ့ ကိုယ်ကျင့်တရားတွေ

htpp://www.dhammadownload.com



ဟာ ပျက်ပြားလာပြီး မာန်မာနတွေ တက်ကြွလို့ ကျေးဇူးတရားကို မထောက်ထားဘဲနဲ့ မိအိုဖအိုတွေကို အော်ငေါက်ပြီး နေတတ်တဲ့ သားဆိုးသမီးဆိုးတွေနဲ့ ကြုံတွေ့လာရတယ်၊ အနာဂတ်မှာ ဒီလိုအခြေအနေမျိုးတွေ ဖြစ်ပေါ်လာနိုင်တယ်လို့။

ဒီအိပ်မက်က လူလောကကြီးတစ်ခုလုံးအတွက် မက်တာ၊ မြန်မာပြည်အတွက်တင် မဟုတ်ဘူး၊ နိုင်ငံတကာမှာ ဒီလိုအနေအထားမျိုးတွေ ရှိတယ်၊ အမေရိကန်နိုင်ငံသွားတုန်းက မြန်မာလူမျိုးထဲကပဲ အမေရိကန်နိုင်ငံရောက်သွားပြီး အမေ-ရိကန်နိုင်ငံမှာ ကြာကြာနေလိုက်လို့ရှိရင် အမေရိကန်လိုက်ဖ်ဝင်သွားတယ်၊ ပတ်ဝန်းကျင်က ဥပနိဿယပစ္စည်းကြောင့် ပတ်ဝန်းကျင်ပုံစံတွေ ဝင်သွားတဲ့အခါ အမေအဖေကို နှုတ်ဆက်တာ "တာ့တာ"တဲ့နော်၊ လုပ်ချင်ရာ လုပ်တယ်၊ သွားချင်ရာ သွားတယ်၊ အမေအဖေကို နှုတ်ဆက်သွားတယ်၊ အဲဒီလောက်လေးပဲ၊ အမေအဖေကို ရိုသေလေးစားဖို့ အသာထားနော်၊ မိဘရှေ့ကော ဘာကော မသိဘူး၊ ဘာ friend ညာ friend တွေ ခေါ်လာကြတာ၊ အဲဒီလိုဟာမျိုးတွေ ရှိတော့ ဒကာကြီးတစ်ယောက်က ဘုန်းကြီးကို လျှောက်တယ်၊ "တပည့်တော် ဒီကောင်တွေ ဒီခေါ်ပြီးတော့ ထားတာ မှားတယ်ဘုရားတဲ့၊ သူတို့ လုပ်ချင်ရာ လုပ်နေတာ၊ တပည့်တော် ဘာမှလည်း ပြောလို့ မရတော့ဘူး"၊ အဲဒါ တကယ်လျှောက်ထား

htpp://www.dhammadownload.com



တာ ကြားဖူးခဲ့ရတယ်ပေါ့၊ လောကကြီး ဆုတ်ယုတ်ပျက်ပြား လာပြီဆိုရင် အခြေအနေတွေက ဒီတိုင်းပဲ ဖြစ်လာတယ်။

မြန်မာမိသားစုထဲကပဲ၊ အမေတွေအဖေတွေကတော့ သံယောဇဉ် မပြတ်နိုင်ဘူး၊ မြန်မာအမျိုးသမီးတစ်ဦးဟာ Black လို့ခေါ်တဲ့ ကပ္ပလီတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး ပြောင်း ချင်တဲ့ဆီကို ပြောင်းသွားတယ်၊ မိဘတွေကတော့ ဘယ်သွား တုန်း, မလာမလာနဲ့ မျှော်ကြတယ်၊ တယ်လီဖုန်းလည်း ဆက် မသွားဘူး၊ နောက်ကျတော့ သူတို့ပြောင်းချင်တဲ့နေရာ ပြောင်း သွားတယ်၊ အလုပ်အကိုင်ရှိရာ ပြောင်းသွားတယ်၊ မိဘက တော့ တမျှော်မျှော်နဲ့၊ ဒီလိုနေကြရတာ၊ အဲဒီလို မိဘတွေက ဩဇာကျသွားတဲ့အနေအထားမျိုးတွေ ရှိတယ်။

အဲဒီလိုအနေအထား ဖြစ်လာမှာကို ကြိုတင်ပြီး နွား မကြီးတွေဟာ ရှေ့ကဒူးကလေးနှစ်ဖက် တုတ်ပြီးတော့ ကနေ့ မှမွေးကာစ နွားမငယ်ပေါက်စလေးရဲ့နို့ကို စို့ပြီးတော့ နေရ တယ်ဆိုတဲ့အိပ်မက်ကို မြင်မက်တာ၊ ဒီမြင်ကွင်းဟာ အနာဂတ် မှာ မိအိုဖအိုတွေအတွက် မကောင်းတဲ့အတိတ်နိမိတ်တစ်ခု ဖြစ်ပေါ်လာခြင်းပဲ။

နိုင်ငံခြားတွေမှာဆိုရင် မိအိုဖအိုကို ဂရုမစိုက်နိုင်ကြ တော့ဘူး၊ စိုက်ချင်တောင်မှ မစိုက်နိုင်တဲ့အနေအထားဖြစ် တော့ ဘယ်ပို့တုန်း ဆို Nursing Home ပို့ထားတယ်၊ တော် တဲ့သားသမီးဆိုရင် မိခင်ဖခင်သွားပြီးတော့ ကြည့်တယ်၊ အား ပေးစကားလေးဘာလေး ပြောကြသေးတယ်၊ မိဘကို မလေး

htpp://www.dhammadownload.com


စားကြတဲ့ပုဂ္ဂိုလ်တွေကျတော့ အဲဒီပို့ထားပြီးတော့နော် တစ်လနေလို့လည်း မရောက်ဘူး၊ နှစ်လနေလို့လည်း မရောက်ဘူး၊ အဲဒီထဲမှာ complain တက်တဲ့ မိအိုဖအိုတွေဆိုရင် ဆေးနဲ့ ငြိမ်အောင် ထိုးလိုက်တယ်လို့တောင် ကြားဖူးတယ်၊ complain လုပ်တဲ့ မိအိုဖအိုတွေကို Nursing Home မှာ စောင့်တဲ့ nurse တွေက ဆေးကလေး ထည့်ပေးလိုက်လို့ရှိရင် ငြိမ်သွားတာတဲ့၊ အဲဒါ ငြိမ်ဆေးထိုးလိုက်တာ နောက်ဆုံးမှာ စန့်စန့်ကြီး ဖြစ်သွားတာ၊ အဲဒီငြိမ်ဆေးက လုံးဝမလှုပ်တော့တဲ့ ငြိမ်ဆေးထိုးပစ်လိုက်တာတဲ့၊ အဲဒီလိုတောင် ကြားခဲ့တယ်၊ အမေ-ရိကန်နေတုန်းကနော်။

ဒီတော့ ကောသလမင်းကြီး အိပ်မက်မက်တာဟာ ဒီကနေ့ခေတ်မှာ ဒါမျိုးတွေ ဖြစ်လာပြီဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ ဂျာမနီနိုင်ငံသွားတုန်းကဆိုရင် အဘိုးကြီးတွေ အမယ်ကြီးတွေ ခြင်းကလေးတွေဆွဲပြီး ကိုယ့်ဟာကိုယ် ဈေးဝယ်နေကြတယ်၊ သားသမီးတွေ ရှိသော်လည်း သားသမီးတွေက မပြုစုကြဘူး၊ တချို့များဆိုရင် လမ်းတွင်ပဲ ဈေးဝယ်သွားရင်း ဆုံးသွားတာရှိတယ်၊ တချို့လည်း အိမ်ပေါ်မှာတင်ပဲ ဘဝအဆုံးသတ်သွားကြတယ်နော်၊ သားသမီးတွေက လုံးဝမကြည့်ကြတော့ဘူး၊ အဘိုးကြီး အဘွားကြီး တစ်ယောက်ယောက် ပွဲသွားပြီဆိုလို့ရှိရင် ခွေးလေးတစ်ကောင် မွေးပြီးတော့ ခွေးလေးနဲ့ အဖော်လုပ်ပြီး သွားတာကိုလည်း တွေ့ရတယ်၊ ဈေးသွားဝယ်တယ်၊ ခြင်းကလေးနဲ့၊ အဲဒီလို လုပ်ကိုင်စားသောက်ကြရတဲ့

htpp://www.dhammadownload.com



အမေအဖေတွေဟာ ဘဝမှာ သားသမီးတွေက ပစ်ထားခဲ့တာတွေ၊ ဒါမျိုးတွေ တော်တော်များတယ်ပေါ့။

တချို့နိုင်ငံတွေမှာ ဆိုလို့ရှိရင် မိဘတွေကို တောထဲခေါ်သွား၊ အဲဒီတောထဲမှာပဲ ကြိုးလေးတုပ်ပြီးတော့ ထားပစ်ခဲ့သတဲ့၊ ညကျတော့ ဝံပုလွေတွေ ဘာတွေ လာရင် စားသွားတာ၊ အဲလိုတောင် ထားတယ်ဆိုတာမျိုးတွေက ရှိလာပြီ၊ ဒီလိုမိအိုဖအိုတွေကို မပြုစုနိုင်တဲ့အခါ တောထဲ ခေါ်သွားပြီးတော့ ထားပစ်ခဲ့တဲ့ဟာတွေ ဒီလိုဇာတ်လမ်းတွေတောင် ရှိတယ်ပေါ့နော်။

ဒီတော့ လောကကြီးဆုတ်ယုတ်ပျက်ပြားလာပြီဆိုရင် အင်မတန်မှ ရင်နာစရာ အဖြစ်အပျက်တွေ ဖြစ်ပျက်လာပြီ၊ နွားမကြီးတွေဟာ နွားမပေါက်စလေးရဲ့နို့ကို စို့ရသလိုပဲ မိဘတွေဟာ သားသမီးတွေ ကျေနပ်အောင် ချော့မော့ပြီး ကပ်ရပ်စားရတဲ့ဘဝမျိုး၊ အဲဒီကပ်ရပ်စားလို့ ကျေကျေနပ်နပ်လက်ခံထားရင်ပဲ ကျေးဇူးရှင်မကြီးတွေ ကျေးဇူးတင်ရဦးမှာပဲ၊ ကျေးဇူးရှင်ကြီးတွေ ဖြစ်ဦးမှာပဲ၊ အဲဒီလိုမဟုတ်ဘဲ ဝံပုလွေစာကျွေးရင် ဒုက္ခရောက်ဦးမှာပေါ့နော်၊ ဘဝမှာ အဲဒီလိုတွေတောင်ဖြစ်ကြရတယ်ပေါ့။

ဒါဟာ ကောသလမင်းရဲ့ တတိယမြောက်မြင်မက်တဲ့ အိပ်မက်ရဲ့အကျိုးအပြစ်အနေနဲ့ မြတ်စွာဘုရားက ဒီလိုဟောကြားခဲ့တာ ဖြစ်တယ်ပေါ့၊ "ဒီအိပ်မက်ကြောင့် သင်မင်းကြီးအတွက် ဘေးအန္တရာယ် ဘာမှ မဖြစ်ပါဘူးတဲ့၊ နောင်အနာ-

htpp://www.dhammadownload.com


ဂတ်မှာဖြစ်ပေါ်လာမယ့်အခြေအနေတွေကို ကြိုတင်ပြီးတော့ မြင်မက်တာပဲ ဖြစ်တယ်”။

**အိပ်မက် နံပါတ်-၄**

ကောသလမင်းကြီးက စတုတ္ထမြောက်အိပ်မက်ကို မြတ်စွာဘုရားက လျှောက်ပြန်တယ်၊ “အရှင်ဘုရားတဲ့ နောက် အိပ်မက်တစ်ခုကတော့ ခွန်အားဗလရှိပြီးတော့ ဝန်ထုပ်ဝန်ပိုး ကို ထမ်းနိုင်လောက်တဲ့အရွယ်ရောက်တဲ့ လုံးရပ်သဏ္ဍာန်နဲ့ ပြည့်စုံတောင့်တင်းတဲ့နွားကြီးတွေ ရှိတယ်ဘုရား တဲ့၊ အဲဒီ ဝန်ရုန်းနိုင်တဲ့နွားကြီးတွေကို လှည်းထမ်းပိုးမှာ မကဘဲနဲ့ နွား ပေါက်စလေးတွေကို ထမ်းပိုးမှာ ကတာ၊ နွားကြီးတွေကို ဖြုတ် ပစ်၊ ဖြုတ်ပစ်ပြီးတော့ ဘာမှဝန်မရုန်းနိုင်တဲ့ နွားပေါက်စလေး တွေကို ထမ်းပိုးမှာ ကတယ်၊ အဲဒီလို ကပြီးတော့ ဝန်ထုပ် တွေ တင်ပြီးတော့ လှည်းကို ရုန်းခိုင်းနေတယ်၊ အဲဒီလိုရုန်းခိုင်း တဲ့အခါမှာ လှည်းတွေက လုံးဝမရွေ့ဘူး၊ နွားလေးတွေက မ သွားနိုင်ကြဘူး၊ ရုန်းကန်ပြီးတော့ နေကြတယ်ပေါ့၊ ဝန်ထုပ်ကို မဆောင်ရွက်နိုင်တာကို တပည့်တော်အိပ်မက်မက်တယ်” တဲ့၊ လှည်းဘီးတစ်လိမ့်မှ မလိမ့်ဘဲနဲ့ ဒီလိုနေတာ၊ သို့သော်လည်း ပဲ နွားကြီးတွေ ရှိလျက်သားနဲ့ နွားကြီးတွေ ဖယ်ပစ်ပြီး နွား ပေါက်စလေးတွေကို ကပြီးတော့ လှည်းနဲ့ မောင်းတာကို မြင် ခဲ့ရတယ်၊ အဲဒါဟာ တပည့်တော် စတုတ္ထမြောက် မြင်မက်တဲ့

htpp://www.dhammadownload.com



အိပ်မက်ပါပဲ၊ အဲဒီအိပ်မက်ရဲ့အကျိုးအပြစ်ကရော ဘာဖြစ်နိုင်တုန်း။

မြတ်စွာဘုရားက ဒီအိပ်မက်ရဲ့အကျိုးအပြစ်ကလည်းပဲတဲ့ အခုဖြစ်မယ့်ဟာ မဟုတ်ဘူးတဲ့၊ နောင်တစ်ခေတ်ရောက်လာတဲ့အခါ ကိုယ်ကျင့်တရားကင်းမဲ့တဲ့ တရားမမွန့်အုပ်စိုးမှု မပြုကြတဲ့ မင်းစိုးရာဇာတွေလက်ထက် ရောက်လာလို့ ရှိရင် ဒါမျိုး ဖြစ်လာနိုင်တယ်ပေါ့၊ နောင်အခါ လူ့လောကမှာ မင်းကျင့်တရားနဲ့အညီ အုပ်စိုးမှုမရှိတဲ့မင်းတွေရဲ့လက်ထက်မှာ တကယ်ပညာ ရှိပြီး အစဉ်အလာကောင်းနဲ့ပြည့်စုံပြီးတော့ မင်းမှုထမ်းသက် ရှည်လျားတဲ့ အသိပညာကြွယ်ဝတဲ့ ဆောင်ရွက်နိုင်စွမ်းရှိတဲ့ အမတ်ကြီးတွေကို ရာထူးမပေးဘူးတဲ့၊ ရာထူးက ဖြုတ်ပစ်တယ်၊ ခုနက ဝန်ထမ်းနိုင်တဲ့နွားတွေကို ထမ်းပိုးကနေ ဖြုတ်ပစ်သလိုပဲ၊ အဲဒီလို တကယ့်ကို စွမ်းဆောင်နိုင်တဲ့ စွမ်းရည်သတ္တိရှိတဲ့ မျိုးရိုးကောင်းတဲ့ ပညာရှိတဲ့ပုဂ္ဂိုလ်တွေကို ရာထူးမပေးဘူးတဲ့၊ ဒါတင် မကဘူး တရားရုံးတွေမှာလည်း တရားဥပဒေကျွမ်းကျင်တဲ့ တကယ့်တရားသူကြီးတွေ ဥပဒေရေးရာကျွမ်းကျင်တဲ့သူတွေကို ရာထူးခန့်ထားခြင်း မပြုဘဲ ဥပဒေမကျွမ်းကျင်တဲ့ လူငယ်လူရွယ်တွေကို ရာထူးခန့်ထားကြတယ်တဲ့၊ တရားရုံးတွေမှာ အဲဒီလို ရာထူး အပြောင်းအလဲတွေ လုပ်ပြီး တကယ့်ပညာရှိတဲ့ပုဂ္ဂိုလ်တွေကို မခန့်ဘဲနဲ့ ထားတယ်။

htpp://www.dhammadownload.com



အဲဒီလိုထားတော့ ဘာတွေဖြစ်လာတုန်းဆိုတော့ သူတို့ဟာ မင်းမှုထမ်းတွေ လုပ်ဆောင်ရတဲ့ကိစ္စတွေကို သင့်တော်တယ် မသင့်တော်ဘူးဆိုတာတွေ တစ်ခုမှ မသိဘူး၊ မသိတော့ အဲဒီရာထူးရဲ့တာဝန်ဝတ္တရားတွေကို ထမ်းဆောင်နိုင်ခြင်း မရှိကြဘူးတဲ့၊ ကျေပွန်အောင် မထမ်းဆောင်နိုင်ကြဘူး၊ အဲဒီလို မထမ်းဆောင်နိုင်တဲ့အခါ အဲဒီအလုပ်ကို သူတို့ စွန့်ခွာနေကြတယ်။

အဲဒီမှာ အသက်အရွယ်ကြီးတဲ့ ပညာရှိအမတ်ကြီးတွေဟာ ဘာဖြစ်လာတုန်း၊ ရာထူးမရ အလုပ်အကိုင် မရှိတဲ့အခါကျတော့ "အေး ငါတို့ကို ဘေးဖယ်ထားလိုက်ပြီ, ငါတို့ဟာ အပြင်ရောက်သွားပြီ, လူငယ်လူရွယ်တွေက ငါတို့ထက် အရာရောက်လာတယ်"ဆိုပြီး သူတို့တကယ်ကျွမ်းကျင်သော်လည်းပဲ ဘာမှ ဝင်ပြီးတော့ မပြောကြတော့ဘူး၊ သိပေမယ့် လို့ သိတာကို မပြောကြတော့ဘူး။

လူငယ်လူရွယ်တွေက မှားမှားယွင်းယွင်းတွေ လုပ်ဆောင်ကုန်ကြတယ်၊ လုပ်ရမယ့်ကိစ္စတွေဟာ အကုန် တလွဲတချော်တွေ ဖြစ်၊ မှန်မှန်ကန်ကန် မဖြစ်တော့ လုပ်ငန်းကိစ္စတွေဟာ အောင်မြင်မှု မရှိဘူးတဲ့၊ တိုင်းပြည်အုပ်ချုပ်တဲ့မင်းတွေရဲ့ကိစ္စတွေဟာ အောင်မြင်မှုမရဘူး၊ မင်းတွေရဲ့လုပ်ငန်းဆောင်တာကိစ္စတွေဟာ ဆုတ်ယုတ်ပျက်ပြားလာတယ်ပေါ့၊ လုပ်ငန်းတွေ မအောင်မြင်တော့ဘူး၊ ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် တိုးတက်မှုမရှိဘဲနဲ့ ဆုတ်ယုတ်ပျက်ပြားမှုတွေ

htpp://www.dhammadownload.com



ချည်းပဲ ဖြစ်လာတယ်။

ဥပမာမယ် တကယ်တာဝန်ထမ်းဆောင်နိုင်တဲ့ ရုန်းနိုင်တဲ့နွားကြီးတွေကို ဖြုတ်ပစ်ပြီးတော့ တာဝန်ထမ်းဆောင်နိုင်စွမ်းမရှိတဲ့နွားငယ်လေးတွေကို ထမ်းပိုးမှာ ကပြီး ရုန်းခိုင်းတဲ့အခါမှာ ဘာမှ ဝန်ထုပ်ဝန်ပိုးကို မရုန်းနိုင်သလိုဘဲတဲ့၊ အဲဒီလို မင်းစိုးရာဇာကိစ္စတွေဟာ အားလုံးပျက်ပြား ဆုတ်ယုတ်ပြီးတော့ သွားတယ်တဲ့။

နောင်တစ်ချိန်မှာ ဒါမျိုးတွေ ဖြစ်လာနိုင်တယ်တဲ့၊ လောကကြီးရဲ့ဆုတ်ယုတ်ပျက်ပြားမှုတွေ လုပ်ငန်းကိစ္စတွေ မအောင်မြင်မှုတွေဟာ ဒီလိုအခြေအနေကြောင့် ဖြစ်ပေါ်လာမယ်၊ "ဒီအိပ်မက်ကြောင့် သင်မင်းကြီးမှာ ဘာမှ အန္တရာယ်မရှိဘူး၊ နောင်အနာဂတ်မှာ ဒါမျိုးတွေဟာ ဖြစ်ပေါ်လာနိုင်တယ်၊ ဒါကို စွဲပြီးတော့ မက်ခြင်းသာ ဖြစ်တယ်"လို့ မြတ်စွာဘုရားက ဖြေရှင်းတယ်။

## အိပ်မက် နံပါတ်-၅

နောက်တစ်ခါ ထူးထူးဆန်းဆန်း ပဥ္စမမြောက်အိပ်မက်အကြောင်းကို သူက လျှောက်ပြန်တယ်၊ "တပည့်တော် ထူးထူးဆန်းဆန်း မြင်မက်တာတစ်ခုကတော့ဘုရားတဲ့၊ ခေါင်းနှစ်လုံးနဲ့ မြင်းတစ်ကောင်ကို တပည့်တော်တွေ့တယ်တဲ့၊ ခေါင်းနှစ်လုံးဆိုတော့ ပါးစပ်နှစ်ပေါက် ရှိမှာပေါ့နော်၊ အိပ်မက်ထဲမှာ

htpp://www.dhammadownload.com



ထူးထူးဆန်းဆန်း ခေါင်းနှစ်လုံးနဲ့မြင်းကြီးကို သူတွေ့ရတယ် တဲ့။

မြင်းက ခေါင်းနှစ်လုံးရှိတော့ ဟိုဘက်ခေါင်းကိုလည်း အစာကျွေးတယ်၊ ဒီဘက်ခေါင်းကိုလည်း အစာကျွေးတယ်၊ အစာကျွေးတော့ သူက ဟိုဘက်ပါးစပ်ကလည်း စားတယ်၊ ဒီဘက်ပါးစပ်ကလည်း စားတယ်နော်၊ အခုဟာနော် မြင်းတစ်ကောင်တည်းကနေ ခေါင်းနှစ်လုံးတဲ့၊ ခေါင်းနှစ်လုံးဆိုတော့ ပါးစပ်ပေါက်ပါတာပေါ့၊ ဒီဘက်ပါးစပ်ကလည်း စားတယ်၊ ဟိုဘက်ပါးစပ်ကလည်း စားတယ်၊ ကိုယ်ကတော့ တစ်ခုတည်းပဲ။

ထူးထူးဆန်းဆန်း အိပ်မက်ထဲမှာ ခေါင်းနှစ်လုံးနဲ့မြင်းတစ်ကောင် ဟိုဘက်ကလည်း ကျွေး ဒီဘက်ကလည်း ကျွေး၊ အဲဒါ နှစ်ဖက်စလုံး စားနေတာကို တပည့်တော်မြင်မက်တယ် ဘုရားတဲ့၊ ဒါ တပည့်တော်ရဲ့ငါးခုမြောက်အိပ်မက်ပဲတဲ့၊ အဲဒီအိပ်မက်ရဲ့အကျိုးအပြစ်ကရော ဘယ်လိုဖြစ်လာနိုင်ပါသလဲ။

ဒါလည်းပဲ နောင်အခါမှာ ကိုယ်ကျင့်တရားပျက်ပြားတဲ့ မင်းစိုးရာဇာတွေရဲ့နိုင်ငံမှာ ဖြစ်ပေါ်လာနိုင်တယ်၊ နောင်အနာဂတ်ရောက်တဲ့အခါ ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိုက်မဲတဲ့ မင်းစိုးရာဇာတွေဟာ ကိုယ် ကျင့်တရားပျက်ပြားနေတဲ့ လော်လီတဲ့လူတွေ၊ လော်လီတဲ့လူတွေဆိုတာ ကိုယ်ကျင့်တရားလုံးဝမရှိတဲ့လူတွေကို တရားရုံးတွေမှာ ခန့်ထားလိမ့်မယ်၊ အဲဒီလို တရားရုံးတွေမှာ ခန့်ထားတဲ့အခါမှာ အကြောင်းအကျိုး

htpp://www.dhammadownload.com



အကောင်းအဆိုးကို သူတို့နားမလည်ကြဘူးတဲ့၊ နားမလည်လို့ ဥပဒေကိုလည်း ဘယ်တော့မှ မလေးစားဘူး၊ တရားရုံးထိုင်ပြီးတော့ ဝိနိစ္ဆယချတဲ့အခါမှာ တရားလိုဘက်က ပေးတာလည်း ယူလိုက်တာပဲ၊ တရားခံဘက်က ပေးတာလည်း ယူလိုက်တာပဲ၊ ဟိုဘက်က လာဘ်လည်း စားတယ်၊ ဒီဘက်က လည်း စားတယ်၊ ဟိုဘက်ကလည်း ယူ ဒီဘက်ကလည်း ယူနော်၊ အဲဒီလို နှစ်ဖက်တရားပြိုင်တွေ ပေးသမျှ လက်ဆောင်တွေကို စားတာတဲ့။

အဲဒါမျိုးတွေဟာ လောကကြီးမှာ ဖြစ်ပွားလာလိမ့်မယ်၊ ပိုပြီးတော့ ခေတ်စားလာနိုင်တယ်၊ အဲဒါကို စွဲပြီးတော့ ခုချိန်က အတိတ်နိမိတ်ပြတဲ့အနေနဲ့ မက်ခြင်းသာ ဖြစ်တယ်၊ သင်မင်းကြီးရဲ့လက်ထက်မှာ ဘာမှမဖြစ်ဘူး၊ သင့်မှာလည်းပဲ ဒီအိပ်မက်ကြောင့် ဘယ်လိုဘေးရန်အန္တရာယ်မှ ဖြစ်နိုင်စရာ မရှိဘူးလို့ မြတ်စွာဘုရားက ဒီလိုမိန့်ကြားတယ်။

## အိပ်မက် နံပါတ်-၆

ဒါဖြင့် ဘုရားတဲ့ တပည့်တော် ခြောက်ခုမြောက်မက်တဲ့အိပ်မက်ကလေးကို လျှောက်ပါရစေတဲ့။

ခြောက်ခုမြောက်မက်တဲ့အိပ်မက်က ဘာတုန်းဆိုရင် "တပည့်တော် လှည့်ကြည့်တဲ့အခါ လူအုပ်ကြီးတစ်အုပ် တွေ့တယ်၊ အဲဒီလူအုပ်ကြီး တွေ့တော့ တပည့်တော် သွားကြည့်တယ်၊ အိပ်မက်ထဲမှာပေါ့နော်၊ လူအုပ်ကြီးကို သွားကြည့်တဲ့

htpp://www.dhammadownload.com



အခါ ဒီလူတွေ ဘာလုပ်နေကြတုန်းဆိုတော့ အဖိုးတစ်သိန်း တန်တဲ့ ရွှေခွက်ကြီးကို ဝင်းနေအောင် ပွတ်ထားပြီး ခြေလေး ချောင်းရှိတဲ့သတ္တဝါတွေထဲမှာ အယုတ်မာဆုံးလို့ဆိုတဲ့ မြေခွေး တစ်ကောင်ကို အဲဒီခွက်ကြီးထဲမှာ ကျင်ငယ်စွန့်ဖို့ ကြိုးစားနေ ကြတယ်၊ ဆိုပြီးတော့ အဲဒီမြေခွေးကို ရွှေခွက်ကြီးနဲ့ ခံထား ပြီး ကျင်ငယ်စွန့်အောင် ကြိုးစားနေကြတာကို သွားတွေ့ တယ်"တဲ့။

မြေခွေးကို ရွှေခွက်နဲ့ ခံပေးပြီး ကျင်ငယ်စွန့်အောင် လုပ်နေကြတာ၊ အဲဒီမှာ မြေခွေးကလည်းနော် ပေါင်လေး တစ်ချောင်းမြှောက်ပြီးတော့ အဲဒီရွှေခွက်ထဲကို ပန်းထည့်နေ တာ တွေ့တာ၊ ထူးထူးဆန်းဆန်းပေါ့၊ မြေခွေးဆိုတဲ့ကောင် ဟာ အဲဒီရွှေခွက်ကြီးထဲမှာ ကျင်ငယ်စွန့်နေတာကို တပည့် တော် မြင်ရတယ်ဘုရား၊ အင်မတန်မှ ထူးဆန်းတဲ့မြင်ကွင်း တစ်ခုကို တပည့်တော်တွေ့ရတယ်၊ အဲဒီအိပ်မက်ကို တပည့် တော် မြင်မက်တာပါလို့ လျှောက်တယ်။

မြတ်စွာဘုရားက "ဒါလည်းပဲ အခု အကျိုးသက် ရောက်မှု ဖြစ်ဦးမှာ မဟုတ်သေးဘူးတဲ့၊ နောင်အနာဂတ်မှာ အကျိုးသက်ရောက်မှုတွေ ဖြစ်လာနိုင်တယ်"တဲ့။

အဲဒီအကျိုးသက်ရောက်မှုကတော့ ဘာတုန်းဆိုရင် နောင်အနာဂတ်ရောက်တဲ့အခါမှာ တရားမွေကို ကျင့် သုံးမှု မရှိဘဲနဲ့ မျိုးရိုးမကောင်းတဲ့ **တေပါးမင်းဆိုတာ** တိုင်းပြည်အုပ် ချုပ်လိမ့်မယ်၊ **တေပါးမင်းဆိုတာ** ဘုရင်မျိုးရိုးကလာတဲ့ဟာ

htpp://www.dhammadownload.com



မဟုတ်ဘူး၊ လေးစားလောက်တဲ့ဟာတွေ မဟုတ်ဘူး၊ မြန်မာ ရာဇဝင်ထဲမှာ ရှိတယ် မဟုတ်လား, **တေပါး** ဆိုတာလေ၊ **တေပါး** ဆိုတာ Royal Family က မွေးလာတာ မဟုတ်ဘူး၊ ကြားဖေါက် ဝင်ရောက်လာတဲ့ မင်းတွေပေါ့၊ **"အနာဂတေ အမဗ္ဗိကာ ဝိဇာတိရာဇ ရာဇာနော"** လို့၊ **ဝိဇာတိရာဇာဆိုတာ** မင်းမျိုးမစစ်တဲ့အုပ်ချုပ်ရေးသမားတွေ မျိုးရိုးမစစ်တဲ့လူတွေ၊ အဲဒီမျိုးရိုးမစစ်တဲ့လူတွေက မျိုးရိုးကောင်းပြီး ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို မကြိုက်ဘူး၊ မျိုးရိုးကောင်း မျိုးရိုးသန့် ပညာ တတ်တဲ့ပုဂ္ဂိုလ်တွေ အထက်တန်းကျတဲ့ပုဂ္ဂိုလ်တွေပေါ်မှာ မယုံဘူး၊ မယုံသည့်အတွက်ကြောင့် သူတို့လို မျိုးရိုးညံ့တဲ့ ပုဂ္ဂိုလ်တွေကို ရာထူးပေးတယ်တဲ့၊ အဲဒီလို ရာထူးပေးတဲ့အခါ မျိုးရိုးကောင်းတဲ့ပုဂ္ဂိုလ်တွေဟာ အလုပ်အကိုင်မရှိ ဆင်းရဲ ဒုက္ခရောက်လာကြတယ်၊ မျိုးရိုးညံ့တဲ့လူတွေက ခေါင်းဆောင် ဖြစ်လာတယ်၊ မျိုးရိုးကောင်းတဲ့ပုဂ္ဂိုလ်တွေက နောက်လိုက် ဖြစ်သွားကြရတယ်။

မျိုးရိုးကောင်းတဲ့ပုဂ္ဂိုလ်တွေဟာ သူတို့ ဘာမှ မတတ် နိုင်တဲ့အခါ ဒီပုဂ္ဂိုလ်တွေကို အမှီပြုပြီး တို့တစ်တွေ အသက် မွေးကြရမှာပဲလို့ ဆိုပြီးတော့ မျိုးရိုးညံ့တဲ့ပုဂ္ဂိုလ်တွေကို သမီး ကညာ ဆက်ကြရတယ်၊ ဒီလိုဖြစ်လာတယ်၊ ဒါက ရှေးက ဘုရင်တွေခေတ်မျိုး၊ သမီးဆက်တဲ့အခါမှာ မျိုးရိုးကောင်းတဲ့ သမီးတွေဟာ မျိုးရိုးညံ့တဲ့အမျိုးသားတွေနဲ့ ပေါင်းသင်းရတဲ့ အနေထားမျိုးတွေကို ရောက်သွားတာ၊ ဒီမှာ မျိုးရိုးညံ့တဲ့လူ

htpp://www.dhammadownload.com



တွေက မြေခွေးပေါ့၊ မျိုးရိုးကောင်းတဲ့သတို့သမီးတွေက ရွှေခွက်ပေါ့၊ အင်မတန်မှ ယုတ်ညံ့တဲ့မြေခွေးက နေပြီးတော့ ရွှေခွက်ထဲမှာ ကျင်ငယ်စွန့်ထည့်တယ်ဆိုတာ လောကကြီးမှာ မျိုးရိုးကောင်းတဲ့ပုဂ္ဂိုလ်တွေဟာ အောက်တန်းကျသွားပြီးတော့ မျိုးရိုးညံ့တာတွေက အထက်တန်းရောက်လာတဲ့အနေအထားမျိုး၊ မျိုးရိုးကောင်းတဲ့ပုဂ္ဂိုလ်တွေဟာ မျိုးရိုးညံ့တဲ့ပုဂ္ဂိုလ်တွေကို ရိုကျိုးပြီးတော့ ဆက်သရတဲ့အနေအထားမျိုးတွေ နောင်အခါမှာ ဖြစ်လာနိုင်တယ်၊ ဒီအကြောင်းကို ရည်ညွှန်းပြီးတော့ ဒီအိပ်မက်ဟာ မက်လာတာ ဖြစ်တယ်၊ သင်မင်းကြီးမှာ ဒီအိပ်မက်ကြောင့် ဘာမှ ဘေးရန်အန္တရာယ်တွေ မဖြစ်ပါဘူးလို့ ဒီလို မြတ်စွာဘုရားက ဖြေရှင်းတယ်။

## အိပ်မက် နံပါတ်-၇

နောက် ဆက်ပြီး လျှောက်တယ်၊ "တပည့်တော် ခုနစ်ခုမြောက်မက်တဲ့ အိပ်မက်ကလေးကို ပြောပါရစေဦးဘုရားတဲ့၊ တပည့်တော် ဘာတွေ့တုန်းဆို ခုံလေးတစ်ခုံပေါ်မှာ လူတစ်ယောက် ထိုင်ပြီး ကြိုးကျစ်နေတယ်ဘုရား၊ ကျစ်ထားတဲ့ကြိုးကို အောက်တွဲလောင်းချတဲ့အခါမှာ သူထိုင်တဲ့ခုံအောက်မှာ ဝပ်နေတဲ့မြေခွေးမတစ်ကောင်က ကျစ်ပြီးတော့ အောက်ချလိုက်တဲ့ ကြိုးစလေးကို ကိုက်ဖြတ်စားနေတယ်၊ အဲဒါကို တပည့်တော် သွားမြင်တယ်ဘုရား"တဲ့။

htpp://www.dhammadownload.com



လူက ကြိုးကျစ်ပြီးတော့ အောက်ကို ကြိုးစတွေ ချ,ချပြီး ဆက်ကျစ်နေတဲ့အချိန်မှာ ခုံအောက်မှာ ဝပ်နေတဲ့မြေခွေးမက အကုန်ကိုက်ပြီးတော့ စားပစ်နေတယ်၊ ကျစ်သမ္ဘကြိုးတွေဟာ အဲဒီမြေခွေးကိုက်တာနဲ့ အကုန်ပြတ်သတ်ပြီးတော့ ထွက် ကုန်တယ်တဲ့၊ အဲဒါကို တပည့်တော် မြင်မက်တယ်တဲ့၊ အဲဒီ အိပ်မက်ရဲ့အကျိုးကတော့ ဘာရှိတုန်းဘုရားတဲ့။

အေး ဒါလည်းပဲ ခုချိန်မှာ ဖြစ်ပေါ်မယ့်အနေအထား မဟုတ်ဘူးတဲ့၊ နောင်အနာဂတ်ကျတော့ အကျိုးသက်ရောက်မှု ဖြစ်ပေါ်လာမယ်၊ ဘာတုန်းဆိုရင် ဒါက အမျိုးသမီးတွေနဲ့ ပတ်သက်တယ်နော်၊ ဟုတ်မဟုတ်တော့ ကိုယ့်ဟာကိုယ် စဉ်းစား ကြည့်ကြပေ့ါနော်၊ အမျိုးသမီးလေးတွေဟာ **သုရာ-လောလာ**တဲ့၊ အရက်သောက်တတ်လာကြတယ်၊ ဘီယာ တွေ သောက်တတ်လာကြတယ်၊ **အလင်္ကာရလောလာ** - လှချင် ပချင်လာကြတယ်၊ ဝတ်ချင်ကြတယ်၊ သူများလို စိန်ရွှေဘယက်တွေ ဆင်ချင်တယ်၊ ရွှေတွေ ဝတ်ချင်စိတ်တွေ များလာကြတယ်၊ **ဝိသိခါလောလာ** - လမ်းပေါ် ထွက်ချင်လာကြတယ်၊ **အာမိသလောလာ** - ကောင်းတာတွေ စားချင်လာကြတယ်၊ အဲဒီလို စားချင်လာတော့ ကိုယ်ကျင့်တရားတွေဟာ ပျက်ပြားလာတယ်၊ ပျက်ပြားလာတဲ့အခါမှာ မိသားစုတွက် အမျိုးသားတွေက ကြိုးစားအလုပ်လုပ်ပြီးတော့ ရှာဖွေလို့ အပ်လိုက်တဲ့ ပစ္စည်းဥစ္စာကို အရက်သောက်ပစ်တယ်၊ အဝတ်အစားတွေ ဝယ်တယ်၊ ဒီဇိုင်းလှလှထွက်တိုင်း ဝယ်တယ်၊ ဖက်ရှင်တွေ

htpp://www.dhammadownload.com



လုပ်တယ်၊ "ကြိုးကျစ်ချသမျှကို မြေခွေးမစားသလို" ရှာဖွေသမျှ ပစ္စည်းဉစ္စာတွေကို အကုန်လုံး သုံးပစ်လိမ့်မယ်တဲ့၊ အဲဒီလို သုံးဖြုန်းပစ်တာမျိုး နောင်အနာဂတ်ကျတော့ ပိုပိုပြီးတော့ များလာမယ်။

ပစ်ချသမျှကြိုးတွေကို မြေခွေးမက အောက်ကနေစားပစ်သလိုပဲ ယောကျ်ားလုပ်တဲ့ပုဂ္ဂိုလ်က ရှာဖွေ စုဆောင်းတဲ့ ပစ္စည်းဉစ္စာမှန်သမျှကို သုံးဖြုန်းပစ်လိမ့်မယ်တဲ့၊ ဒီလိုဟာမျိုး လောကမှာ ဖြစ်ပွားလာလိမ့်မယ်၊ ဒါကို အကြောင်းပြုပြီးတော့ ဒီအိပ်မက်မက်တာလို့ မြတ်စွာဘုရားက ဒီလိုအမိန့်ရှိပါတယ်၊ "ဒီအိပ်မက်ကြောင့် သင်မင်းကြီးမှာတော့ ဘာမှဘေးအန္တရာယ်ဖြစ်စရာ မရှိဘူး၊ နောင် လူ့လောက ဆုတ်ယုတ်လာတဲ့အခါမှာ ဒီလိုအနေအထားမျိုးတွေ ဖြစ်ပေါ်လာနိုင်တယ်"။

**အိပ်မက် နံပါတ်-၈**

အဲဒါနဲ့ပဲ သူက ရှစ်ခုမြောက်အိပ်မက်ကို မြတ်စွာဘုရားကို လျှောက်တယ်၊ "သူ လှည့်လှည့်ကြည့်တယ်ဘုရားတဲ့၊ အိပ်မက်ထဲမှာ ဘာသွားတွေ့တုန်းဆို မင်းရဲ့နန်းတော်တံခါးနားမှာ ရေအိုးတွေ အများကြီးချထားပြီး အလယ်မှာ ရေပြည့်နေတဲ့အိုးကြီးတစ်လုံး ထားတယ်၊ ရေမရှိတဲ့အိုးအလွတ်တွေကို ဘေးက ရံထားတယ်၊ အဲဒီလို ရေပြည့်အိုးကို ဘေးကနေပြီးတော့ ရေမထည့်ရသေးတဲ့အိုးတွေ ရံထားတာကို

htpp://www.dhammadownload.com



တပည့်တော် တွေ့ရတယ်ဘုရား”တဲ့၊ အဲဒီမှာ အရပ်လေး မျက်နှာကလူတွေဟာ ရေတွေ သယ်လာကြ၊ ပြီးတဲ့အခါ အလယ်ခေါင်ချထားတဲ့ ပြည့်နေတဲ့ အိုးကြီးထဲကိုပဲ လောင်း ထည့်ကြတယ်တဲ့၊ ရေမရှိတဲ့အိုးထဲကို ဘယ်သူမှ မလောင်း ဘူးတဲ့၊ ရေပြည့်တဲ့အိုးထဲပဲ ထပ်လောင်းထည့်နေကြတယ်တဲ့၊ ရေမရှိတဲ့အိုးထဲကို ဘယ်သူမှ မလောင်းကြဘူးတဲ့၊ ဒီတော့ ရေပြည့်နေတဲ့အိုးထဲကို လောင်းထည့်လိုက်တဲ့ ရေတွေဟာ အကုန်လုံး လျှံပြီးတော့ စီးထွက်သွားတယ်၊ ဒါပေမယ့် သူတို့ က လောင်းနေတုန်းပဲ၊ ရေမရှိတဲ့ အိုးဟောင်းလောင်းတွေကို သူတို့က လုံးဝလှည့်မကြည့်ကြဘူး၊ ဒါ တပည့်တော် ရှစ်ခု မြောက်မြင်မက်တဲ့အိပ်မက်ပါဘုရား”တဲ့နော်။

ဘုန်းကြီးတို့ ငယ်ငယ်တုန်းက English by Stages ဆိုတဲ့ အင်္ဂလိပ်ဖတ်စာအုပ်တစ်အုပ်ထဲမှာ ပုံပြင်ကောင်း ကောင်းလေးတွေ ရေးထားတာ ဖတ်ရတယ်၊ အဲဒီပုံပြင် ကောင်းလေးတွေထဲမယ် ခေါင်းစီးမှာ ဘာရေးထားတုန်း ဆိုတော့ The wise fool တဲ့နော်၊ "The wise fool" “ဉာဏ်ရှိ တဲ့လူမိုက်များ” ဆိုပြီးတော့ အသိဉာဏ်ရှိသော လူမိုက်များ ဆိုတဲ့ ခေါင်းစီးလေးနဲ့ ရေးထားတဲ့ ဇာတ်လမ်းလေးတစ်ခု ဖတ်ဖူးတယ်၊ အဲဒီဇာတ်လမ်းလေးမှာ လူတွေဟာ တော် တော်ကို ထူးဆန်းတဲ့အနေအထားမျိုး ရှိတယ်။

“နော်သင်ဂန်”ဆိုတဲ့ရွာလေး၊ အဲဒီမှာနေတဲ့လူတွေက တော်တော်ကို ထူးဆန်းတယ်၊ လူလေးယောက် သစ်ပင်

htpp://www.dhammadownload.com



အောက်မှာ အိပ်နေကြတယ်၊ တစ်ယောက်ခြေထောက် တစ်ယောက် ယှက်ပြီး အိပ်နေကြတာ၊ ဘုရင်ရဲ့မင်းမှုထမ်း တစ်ယောက်က မြင်းကြီးစီးပြီး အဲဒီနားက ဖြတ်သွားတယ်၊ လူတွေ ခြေထောက်တွေ တစ်ဦးနဲ့ တစ်ဦး ယှက်ပြီး အိပ်နေကြတာ မြင်တော့ "ဟာ ဒီလူတွေ ထူးဆန်းလှချည်လား၊ ဘာ လုပ်နေကြတာပါလိမ့်" ဆိုပြီးတော့ မြင်းပေါ်က ခုန်ဆင်းပြီး "မင်းတို့ ဒီနား ဘာလုပ်နေကြတာတုန်း" "ကျွန်တော်တို့ မိုး ရွာမှာ ကြောက်လို့ သစ်ပင်အောက် နေကြတာ"ဆိုတော့ "ဘယ်မလဲ၊ ကောင်းကင်မှာ တိမ်လည်း မရှိဘူး၊ မင်းတို့ အလုပ်မလုပ်ကြဘူးလား" ပြောတဲ့အခါ "ဟုတ်တယ် ကျွန်တော်တို့ အလုပ်လုပ်ချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် တို့ ကိုယ့်ခြေထောက်ကို မမှတ်မိကြတော့ဘူး"တဲ့၊ တစ် ယောက်နဲ့ တစ်ယောက် ယှက်ပြီးတော့ အိပ်နေကြတဲ့အခါ ကိုယ့်ခြေထောက်ကို မမှတ်မိလို့တဲ့။

ဒီတော့ ဘုရင်ရဲ့အမှုထမ်းက ခေါင်းလေးတငြိမ့်ငြိမ့်နဲ့ သြော် အဲဒီလိုလား၊ အဲဒါဆိုရင် မင်းတို့ ငါကူညီမယ်၊ ပိုက်ဆံ ပေးမလား"ဆိုတော့ "ပေးပါ့မယ်၊ ကျွန်တော်တို့ ဝမ်းမြောက် ဝမ်းသာ ပေးမယ်၊ ကျွန်တော်တို့ခြေထောက်ကို ပြန်တွေ့ အောင် ရှာပေးမလား"၊ "ရှာပေးမယ်၊ ကောင်းပြီ"ဆိုပြီးတော့ မြင်းရိုက်တဲ့ ကြာပွတ်ကို ယူပြီးတော့ ရွှတ်ခနဲချလိုက်တဲ့အခါ နာတော့ ခြေထောက်ရုတ်လိုက်တာပေါ့၊ နောက်တစ်ခါချ လိုက် ရွှမ်းခနဲ ဆို နာတော့ အဲဒီကောင် ခြေထောက်ရုတ်

htpp://www.dhammadownload.com


သွားတယ်၊ အားလုံး မတ်တပ်ထရပ်လိုက်ကြတယ်၊ "ကျေးဇူး တင်လိုက်တာခင်ဗျား, သိပ်ကျေးဇူးတင်တာ၊ နို့မို့ဆို ကျုပ်တို့ အိမ်တောင် ပြန်ရမှာ မဟုတ်ဘူး"တဲ့။

အဲဒီမှာ ဘုရင်ရဲ့အရာရှိက "ဪ တယ်ရှုးတဲ့ကောင် တွေ ပါလား"လို့ ခေါင်းလေးတငြိမ့်ငြိမ့်နဲ့ ခရီးဆက်ထွက်သွား တယ်၊ တကယ်တော့ ရှုးချင်ယောင်ဆောင်ကြတာတဲ့။

နောက်ပိုင်း ဇာတ်ပေါင်းတဲ့အခါ အဲဒီရွာကလူတွေ က တမင်အရှုးယောင်ဆောင်ကြတာပေါ့နော်၊ အဲဒီလို နော်သင်ဂန်ရွာကလူတွေက ဘာဖြစ်လို့ အရှုးယောင်ဆောင် ကြသလဲဆိုတော့ ဇာတ်ပေါင်းခန်းမှာ ပြောတယ်၊ ဘုရင်ကြီး က ဒီလမ်းက သွားမှာမို့ အရာရှိကို ရှေ့ပြေးစုံစမ်းခိုင်းလိုက် တာ၊ အဲဒီလူက မြင်းစီးပြီး ဒီလမ်းကို စုံစမ်းတာ၊ ဒီလမ်း ဘေးမှာရှိတဲ့လူတွေက ဘယ်လိုလူတွေလဲဆိုတာ ဘုရင်ကြီး သိအောင် သူက လာစုံစမ်းတာ၊ လာစုံစမ်းတဲ့အခါ ရှုးချင် ယောင်ဆောင် လိုက်တော့ ဟာ ဒီရွာကလူတွေက အရှုးတွေ ချည်းပဲ သူတို့ဆီ လာလို့ မဖြစ်ဘူးဆိုပြီး လမ်းကြောင်း ပြောင်းသွားတယ်၊ အကယ်၍ ဘုရင်လာလို့ရှိရင် သူတို့မွေး ထားတဲ့ ကြက်တွေဝက်တွေ အကုန်ပါသွားမှာ၊ အဲဒါကြောင့် မို့ ရှုးချင်ယောင်ဆောင်ကြတာတဲ့။

ဘုရင်စစ်တပ် ဖြတ်သွားပြီဆိုရင် လမ်းရှိရွာတွေက ရိက္ခာတွေ အကုန်လုယက်ခံကြရတယ်၊ အဲဒါကြောင့် သူတို့ ရွာလမ်းက မလာအောင် ရှုးချင်ယောင် ဆောင်ကြတယ်၊ The

htpp://www.dhammadownload.com


wise fool ဆိုတဲ့ ဇာတ်လမ်းလေးဟာ အတော်စိတ်ဝင်စားစရာကောင်းတယ်၊ စာအုပ်ရဲ့နာမည်က English by Stages တဲ့၊ တော်တော်စိတ်ဝင်စားစရာ ကောင်းတဲ့ဇာတ်လမ်းတွေကို အဲဒီစာအုပ်မှာ ရေးထားတယ်။

ဒီတော့ အဲဒါလိုပဲနော်၊ အခု ဒီလူတွေလည်း ရေပြည့်နေတဲ့အိုးကိုပဲ ထပ်ဖြည့်ပြီး ရေမရှိတဲ့အိုးကို ဖြည့်တဲ့လူ မရှိဘူး၊ လှည့်တောင် မကြည့်ကြဘူး၊ ရေတွေ လျှံထွက်နေတာတောင် လောင်းတုန်းပဲ၊ အဲဒါကို တပည့်တော်မြင်တယ် ဘုရားတဲ့၊ ဘာများ ဖြစ်နိုင်တုန်းဆိုတော့ "ဒါလည်း နောင်အနာဂတ်ကျမှ ဖြစ်မှာပါတဲ့၊ အနာဂတ်ရောက်တဲ့အခါ လူ့လောကကြီးဟာ ဆုတ်ယုတ်ပျက်ပြားလာလိမ့်မယ်တဲ့၊ ဆုတ်ယုတ်ပျက်လာတဲ့အခါ တိုင်းတွေပြည်တွေမှာ မြေသြဇာဓာတ်တွေ ယုတ်လျော့လာပြီး စိုက်ပျိုးလို့လည်း အောင်မြင်ကြမှာမဟုတ်ဘူး၊ မအောင်မြင်တော့ တိုင်းပြည်မှာ အုပ်ချုပ်တဲ့မင်းတွေဟာ ဆင်းရဲနွမ်းပါးလာလိမ့်မယ်တဲ့၊ ဆင်းရဲနွမ်းပါးလာတဲ့အခါ အုပ်စိုးနိုင်တဲ့ပုဂ္ဂိုလ်က သူ့ရဲ့ဘဏ္ဍာတိုက်ကို ငွေဖြည့်တင်းလိမ့်မယ်၊ ငွေသိန်းချီ ချမ်းသာလိမ့်မယ်၊ ဘုရင်က ချမ်းသာပြီး တိုင်းသူပြည်သားတွေက ဆင်းရဲလာကြမယ်။

ရှိသမျှလူတွေဟာ ဘာလုပ်ကြတုန်းဆိုတော့ ကိုယ့်အလုပ်ကို ကိုယ်လုပ်ဖို့ရာတွေ မလုပ်နိုင်ကြတော့ဘူး၊ လူတွေဟာ ဒုက္ခရောက်လာတဲ့အခါကျတော့ ကိုယ့်အလုပ်ကို ဘေးဖယ်ထားပြီးတော့ ဘုရင်မင်းရဲ့အလုပ်တွေကို လုပ်ကြရ

htpp://www.dhammadownload.com


တယ်၊ ဘုရင်မင်းရဲ့ဘဏ္ဍာကို ဖြည့်ဆည်းတဲ့အလုပ်တွေကို သူတို့လုပ်ကြရတယ်၊ ကောက်ပဲသီးနှံတွေ စိုက်ပျိုးကြရပြီး ရလာတာကို ရိတ်သိမ်း၊ အကုန်လုံးကို မင်းရဲ့ဘဏ္ဍာတိုက်ထဲပဲ အကုန်ထည့်ကြရတယ်၊ မင်းပိုင်တဲ့ ပြည့်ပြီးသားကျီတွေထဲမှာ ချည်းပဲ ထပ်ပြီးတော့ ပို့နေကြရတယ်တဲ့။

အဲဒီလို ပို့ရတာမျိုးတွေ နောင်တစ်ချိန်ကျတော့ ဖြစ်လာလိမ့်မယ်တဲ့နော်၊ ပြည့်လျှံနေတဲ့ ဘုရင်မင်းကိုသာလျှင် ဆက်သပြီးတော့ ဆင်းရဲတဲ့အိမ်တွေမှာ ဘာတစ်ခုမှ မရှိဘူး၊ အကုန်လုံးဟာ အိမ်နဲ့ ဟောင်းလောင်း၊ ဒီလို ဖြစ်နေတဲ့ အနေအထားမျိုးတွေဟာ နောင်တစ်ချိန်ကျတော့ ဖြစ်ပေါ်လာ လိမ့်မယ်၊ ရေပြည့်နေတဲ့အိုးကိုသာ ထပ်လောင်းနေကြရပြီး ရေဟောင်းလောင်းဖြစ်နေတဲ့ အိုးတွေထဲကို ဘယ်သူမှ မလောင်းကြသလို ကိုယ့်အိမ်မှာ ကိုယ့်ဝမ်း ဖြည့်ဖို့ရာ မလုပ်နိုင်ကြဘူးတဲ့၊ အားလုံးဟာ ဘုရင့်ဘဏ္ဍာကိုပဲ ဖြည့်တင်းပေးနေကြရတယ်ဆိုတာဟာ နောင်တစ်ချိန်ကျတော့ ဖြစ်ပေါ်လာနိုင်တယ်ပေါ့။ အဲဒီဖြစ်ပေါ်လာမယ့်အနေအထားအတွက် ဒီအိပ်မက်မျိုးကို မက်တာဖြစ်တယ်တဲ့၊ သင်မင်းကြီးမှာ ဒီအိပ်မက်ကြောင့် ဘေးရန်ဖြစ်ပေါ်လာနိုင်စရာ မရှိဘူးလို့ မြတ်စွာဘုရားက ဒီရှစ်ခုမြောက်အိပ်မက်ကို အခုလို ဖတ်ကြားခဲ့တာ ဖြစ်တယ်ပေါ့။

မြတ်စွာဘုရားဟာ အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် အခြေအနေတွေကို ကြိုတင်မက်တယ်ဆိုတာကို ဖြေရှင်းပြီး

htpp://www.dhammadownload.com



တော့ ဘုရင်မင်းကြီးကို အကျိုးအကြောင်း ရှင်းပြတော်မူခဲ့တာ ဖြစ်တယ်။

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့ "ကောသလအိပ်မက်နှင့် ယနေ့ကမ္ဘာ"ဟာ ဆက်စပ်မှုတွေ ရှိနေတယ်နော်၊ နိုင်ငံတကာမှာ ဒီလို ဆက်စပ်မှုတွေ ရှိနေတဲ့ အရာတွေကို သုတေသနလုပ်ကြည့်မယ်ဆိုရင်တော့ နိုင်ငံပေါင်း တော်တော်များမှာ ဆက်စပ်မှု တွေ့ရှိနိုင်စရာ အကြောင်း ရှိတယ်။

လူ့လောကကြီးမှာ ဒီလိုအခြေအနေမျိုးကို ဆိုက်လာနေတယ်ဆိုတာ ကောသလမင်းကြီးရဲ့အိပ်မက်ကြောင့် ဖြစ်တာတော့ မဟုတ်ဘူး၊ ဖြစ်ပေါ်လာတာကတော့ တခြားအကြောင်းကြောင့်သာ ဖြစ်တယ်၊ အိပ်မက်ကြောင့် ဒီလို ဖြစ်ရတာ မဟုတ်ဘူး၊ ဒီတော့ အိပ်မက်မက်တဲ့လူကို အပြစ်တင်စရာ မဟုတ်ဘူးပေါ့၊ ကနေ့ ဖြစ်ပေါ်နေတဲ့အခြေအနေမျိုးတွေဟာ ကမ္ဘာမှာ ဒီလိုအခြေအနေဆိုးတွေနဲ့ ကြုံတွေ့နေရတဲ့နေရာမျိုးတွေဟာ မရှိဘူးလို့ မဆိုနိုင်ဘူး၊ တစ်စ တစ်စ များပြားပြီးတော့သာ လာနိုင်စရာ ရှိနိုင်တယ်လို့ ဒီလို မှတ်သားကြရမှာ ဖြစ်တယ်၊ လောကကြီးဆိုတာ အခုလို အခြေအနေမျိုးတွေနဲ့ ကြုံတွေ့ရတဲ့ခေတ်အခါမျိုးတွေဟာ ရှိတာဖြစ်သောကြောင့် သတိသံဝေဂတရား ကြီးကြီးထားပြီး မိမိတို့ဘဝမှာ တရားဓမ္မကျင့်သုံးကြရမှာပါ၊ တရားနဲ့အညီ ကုသိုလ်တရား ဖြစ်ပွားအောင် တို့တတွေ ကြိုးစားကြရမှာ

htpp://www.dhammadownload.com


ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ကုသိုလ်တရား ဖြစ်ပွားအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

htpp://www.dhammadownload.com

htpp://www.dhammadownload.com

# ကောသလအိပ်မက်နှင့် ယနေ့ကမ္ဘာ
# အပိုင်း–၃

သာသနာတော်နှစ် ၂၅၅၈-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၆-ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၂-ရက်၊ ၁၅. ၄. ၂၀၁၅၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာရွာ ဓမ္မသဟာယသာသနစင်တာ ဓမ္မရတိ မဟာဓမ္မသဘာဓမ္မာရုံ ကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် နှစ်သစ်ကူး အထူးဓမ္မသဘင်ပွဲ၌ မုံရွာမြို့ မိဘများဖြစ်ကြသော ဦးလှအောင် ဒေါ်ခင်မေရီတို့အား ရည်စူး၍ သားမောင်ချမ်းမြေ့ အောင်နှင့် ဒေါက်တာတင်အောင် ဒေါ်ခင်ဌေးတို့အား အမှူးထား၍ အမှတ် ၁၁၁၇-င/၂ ရွှေနှင်းဆီ ၅-လမ်း ကိုးမိုင်နှင့် ရန်ကုန်မြို့ ဦးအောင်လွင်အောင် ဒေါ်ကြူကြူအောင် သား မောင် အောင်စည်ဖြိုး သမီး မချောသီရိလွင် မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော "ကောသလအိပ်မက်နှင့် ယနေ့ကမ္ဘာ အပိုင်း-၃" အကြောင်း တရားဒေသနာတော်။

htpp://www.dhammadownload.com



ကောသလမင်းကြီးက အိပ်မက်ရဲ့အကျိုးအပြစ်တွေကို မေးလျှောက်တဲ့အခါမှာ မြတ်စွာဘုရားက တစ်ခုချင်း နား ထောင်ပြီး အိပ်မက်ရဲ့အကျိုးအပြစ်တွေကို ရှင်းလင်းဟောကြား တော်မူတယ်၊ ကောသလမင်းကြီးရဲ့အိပ်မက် တစ်ဆယ့်ခြောက် ချက်ထဲက ဒီကနေ့ ကိုးခုမြောက်အိပ်မက်အကြောင်းကို ကောသလမင်းကြီးက လျှောက်ထားတယ်။

## အိပ်မက် နံပါတ်-၉

"တပည့်တော်အိပ်မက်ထဲမှာ တောထဲက ရေအိုင်ကြီး တစ်အိုင်ကို ထူးထူးဆန်းဆန်း တွေ့ရပါတယ်၊ အဲဒီရေအိုင် ကြီးဟာ လှလှပပ အရောင်ငါးမျိုးရှိတဲ့ကြာမျိုးစုံ ပွင့်လန်းနေ တာကို တွေ့ရပါတယ်၊ တွေ့တဲ့အခါမှာ ထူးခြားတဲ့အချက်ကို တပည့်တော် သတိပြုမိတာ ရှိပါတယ်၊ အဲဒီရေအိုင်ကြီးကို ပတ်ဝန်းကျင်အရပ်လေးမျက်နှာက တောရိုင်းသတ္တဝါတွေ လာ ရောက်ပြီး ရေကန်ကမ်းစပ် ဆင်းပြီးတော့ ရေသောက်ကြ တယ်ဘုရား၊ အဲဒီရေကန်ကြီးဟာ သားကောင်တွေ ဆင်းပြီး ရေသောက်တဲ့ကမ်းစပ်တွေမှာ ရေက ကြည်ပြီးတော့ နေတယ်၊ အလယ်ခေါင် ကြည့်လိုက်တဲ့အခါ ရေတွေက နောက်နေတာ ကို တပည့်တော် သတိပြုမိတယ်ဘုရား၊ တကယ်ကတော့ တိရစ္ဆာန်တွေ ကျွဲနွားတွေ ဆင်းပြီးတော့ သောက်တဲ့နေရာ တွေဟာ သူတို့ဆင်းလို့ ခွာရာကွေကြောင့် ရေနောက်စရာ ကောင်းတယ်၊ ရေက ကမ်းစပ်မှာ လုံးဝမနောက်ဘဲနဲ့ အလယ်

htpp://www.dhammadownload.com


ခေါင် သွားနေသောက်နေတာ တပည့်တော် တအံ့တသြ ဖြစ်ခဲ့တယ်၊ အဲဒီအိပ်မက်ကို တပည့်တော်မြင်မက်ပါတယ်”တဲ့၊ “အဲဒီအိပ်မက်ရဲ့အကျိုးအပြစ်ကကော ဘယ်လိုများ ဖြစ်နိုင်ပါသလဲဘုရား”။

မြတ်စွာဘုရားက “ဒီအိပ်မက်ရဲ့အကျိုးဟာလည်း အခုအချိန်မှာတော့ ဘာမှ ဖြစ်ဦးမှာ မဟုတ်သေးဘူးတဲ့၊ နောင်တစ်ခေတ် လူ့လောကမှာ အုပ်စိုးကြတဲ့မင်းစိုး ရာဇာတွေဟာ တရားဓမ္မနှင့်အညီ တိုင်းတွေပြည်တွေကို အုပ်စိုးမှု မပြုကြဘဲနဲ့ အဂတိတရားလေးပါး လိုက်စားပြီးတော့ တိုင်းပြည်ကို အုပ်ချုပ်ကြလိမ့်မယ်၊ အဂတိလေးပါးလိုက်စားလို့ တရားဥပဒေရဲ့ဆန့်ကျင်ဘက်နဲ့ တိုင်းပြည်ကို အုပ်စိုးရုံမျှမက တရားဥပဒေဖြင့် ရုံးပြင်ကနားတွေမှာ အဆုံးအဖြတ်ပေးရမယ့်အစား ‘ငွေများ တရားနိုင်’ ဆိုတာလို တန်စိုးလက်ဆောင်ပေးတဲ့ပုဂ္ဂိုလ်တွေကို အနိုင်ပေးလေ့ရှိကြတယ်၊ အနိုင်ပေးလေ့ရှိတော့ ‘ရလေလိုလေ အိုတစ္ဆေ’ ဆိုတဲ့အတိုင်း အဲဒီငွေကြေးဓနေ ရလေလေပိုပြီးတော့ လိုချင်လေလေ၊ **‘မနလောလ’** လို့ ခေါ်တာ၊ ဥစ္စာပစ္စည်းတွေအပေါ်မှာ ပိုပိုပြီး လိုချင်လောဘတွေဟာ ကြီးလာတယ်၊ ကြီးလာရုံမျှမက တရားဥပဒေရင်ဆိုင်ရလို့ ငွေမပေးနိုင်လို့ တရားရှုံးသွားကြပြီး ငိုကြယိုကြတဲ့ပုဂ္ဂိုလ်တွေအပေါ် သနားကြင်နာကရုဏာ မထားနိုင်ဘဲနဲ့ ငွေကြေးဓနပေးနိုင်တဲ့ပုဂ္ဂိုလ်တွေကို အနိုင်ပေးတယ်၊ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံကြ

htpp://www.dhammadownload.com



တယ်၊ မပေးနိုင်တဲ့ပုဂ္ဂိုလ်တွေကို တရားရှုံးအောင် လုပ်ပြီး ပေးနိုင်တဲ့ပုဂ္ဂိုလ်တွေကို အနိုင်ပေး ဆုံးဖြတ်ကြတယ်"။

အဲဒါတင် မကဘူး၊ ဘုရင်နေတဲ့မြို့တော်တွေမှာဆိုရင် အခွန်အတုတ်တွေ များစွာကောက်တဲ့အခါမှာ လူတွေဟာ အခွန်ပေးရလွန်းအားကြီးပြီး ဒုက္ခတွေ ရောက်လာကြတယ်၊ အခွန်နှိပ်စက်သည့်အတွက်ကြောင့် လူတွေဟာ မြို့ထဲရွာထဲမှာ မနေကြတော့ဘူး၊ တောတောင်ဇနပုဒ်တွေ တောတောင်ထူထပ်တဲ့နေရာတွေကို ထွက်သွားကြပြီး အပြင်မှာပဲ နေကြတယ်တဲ့၊ တိုင်းပြည်ရဲ့မြို့တွေမှာ လူဦးရေနည်းပါးသွားတယ်၊ မြို့ထဲရွာထဲမှာလူတွေ နည်းပါးပြီး တောတွေတောင်တွေထဲမှာ သွားရောက်ပြီး ဖြစ်သလို လုပ်ကိုင်စားသောက်နေကြတယ်၊ ဒီလို ဆိုတယ်၊ အဲဒီလို ဖြစ်သလို လုပ်ကိုင်စားသောက်တော့ တောတွေတောင်တွေ မြို့စွန်တွေမှာ လူစည်ကားပြီး မြို့ထဲမှာကျတော့ ခြောက်ကပ်နေတယ်တဲ့၊ အဲဒီအချိန်ကျတော့ အဲဒီအနေအထားမျိုးတွေ ဖြစ်လာမယ်။

ဒါကြောင့်မို့လို့ ဒီရေကန်ကြီးဟာ အနားမှာ ကြည်နေပြီးတော့ အလယ်ခေါင်မှာ ရေနောက်နေတယ်ဆိုတာ အဲဒီသဘောကို ဆောင်တယ်၊ 'အနားကြည်၍ အလယ် ရေနောက်' တဲ့ရေအိုင်ကြီးလိုပဲ အလယ်ဖြစ်တဲ့ မင်းစိုးရာဇာတွေနေတဲ့ နေရာတွေမှာ လူဦးရေတွေ လျော့သွားပြီး စည်ကားမှု မရှိတော့ဘူး၊ တောတွေတောင်တွေမှာ သွားပြီးတော့ လူတွေ

htpp://www.dhammadownload.com


စည်ကားနေကြတယ်၊ အနားကြည့်ပြီးတော့ အလယ်နောက်တာနဲ့ တူတယ်။

မြတ်စွာဘုရားက "နောင်တစ်ချိန် ဖြစ်ပေါ်လာမယ့် အခြေအနေဟာ ဒီပုံစံအတိုင်း လူ့လောကကြီးမှာ ဖြစ်ထွန်းလာလိမ့်မယ်၊ အတိတ်နိမိတ်အနေနဲ့ ဒီအိပ်မက်ကို မက်တာဖြစ်တယ်၊ သင်မင်းကြီးအတွက် ဒီအိပ်မက်ကြောင့် ဘယ်လိုမှ အကျိုးဆက် သက်ရောက်နိုင်ဖွယ်ရာ မရှိဘူး"။

"နောက်အိပ်မက်တစ်ခု ပြောပါဦး" လို့ ဆိုတော့ ကောသလမင်းကြီးက နောက်အိပ်မက်တစ်ခုကို ဆက်လက်ပြီး လျှောက်ထားတယ်၊ သူကလည်း မက်လိုက်တာ၊ အိပ်မက်တွေကလည်း စီကာစဉ်ကာနော် တစ်ရက်တည်း မက်တာမှ ဟုတ်ရဲ့လား မသိပါဘူး။

**အိပ်မက် နံပါတ်-၁၀**

ဘုရင်က ဘယ်လိုလုပ်ပြီး မီးဖိုချောင်ရောက်သွားသလဲ တော့ မသိဘူး၊ မီးဖိုချောင် ရောက်သွားတယ်၊ "အိပ်မက်ထဲမှာ ထမင်းအိုးတစ်လုံး ချက်နေတာ၊ အဲဒီချက်နေတဲ့ ထမင်းအိုးဟာ ထူးထူးဆန်းဆန်း ဖြစ်တယ်၊ ထမင်းအိုးက အိုးတစ်လုံးတည်းမှာပဲ ထမင်းဟာ တစ်နေရာက ပျော့ပြီး တစ်နေရာက မာ၊ ပြီးတော့ တစ်နေရာကမှ ကောင်းကောင်းကျက်တယ်တဲ့၊ ထမင်းအိုးတစ်အိုးတည်းမှာပဲ သုံးမျိုးဖြစ်သွားတယ်၊ တမင် ချက်ရင်တောင် ဖြစ်ဖို့ မလွယ်ဘူးလေ၊ အိုးတစ်အိုးတည်းမှာဆိုရင်

htpp://www.dhammadownload.com


တစ်နေရာက ပျော့ မနပ်, တစ်နေရာက မာ၊ တစ် နေရာကမှ ကျက်တယ်၊ အဲဒီလို ထမင်းအိုးတစ်လုံးတည်းမှာပဲ ထမင်းသုံးမျိုးသုံးစား ဖြစ်ပေါ်လာတာကို တွေ့ရှိရလို့ အလွန်အံ့သြမိပါတယ်၊ အိပ်မက်ထဲမှာ ဒီအိပ်မက်ကို မြင်မက်ခဲ့တာ ဖြစ်လို့ ဒီအိပ်မက်ရဲ့ အကျိုးအပြစ်ကတော့ ဘယ်လိုဖြစ်နိုင်ပါသလဲ ဘုရား"လို့ လျှောက်တော့ မြတ်စွာဘုရားက "ခုအချိန်မှာ ဖြစ်လာမယ့်အခြေအနေ မရှိဘူး"။

ဒါရဲ့သင်္ကေတက ဘာတွေတုန်းဆိုရင် နောင်နှစ်ပေါင်းကြာလာတဲ့အခါ လူ့လောကမှာ တိုင်းပြည်အုပ်ချုပ်တဲ့မင်းတွေဟာ တရားဓမ္မနဲ့အညီ မအုပ်စိုးကြတော့ဘူး၊ မင်းစိုးရာဇာတွေ တရားပျက်တဲ့အခါကျတော့ မင်းမှုထမ်းတွေကလည်းပဲ တရားပျက်လာတယ်တဲ့၊ မင်းမှုထမ်းတွေ တရားပျက်လာတဲ့အခါမှာ တိုင်းသူပြည်သားတွေလည်း တရားပျက်လာတယ်၊ အဲဒါကို ပြောတာ 'ခေါင်က မိုးမလုံဘူး'ဆိုတာ။

တိုင်းပြည်အုပ်ချုပ်တဲ့ မင်းစိုးရာဇာတွေဆိုတာ ဦးစီးခေါင်းဆောင်တွေ၊ ဘုရင်က တရားမစောင့်ဘူးဆိုတော့ မင်းမှုထမ်းတွေကလည်း တရားမစောင့်ကြတော့ဘူး၊ သူတို့ တရားမစောင့်ရင် တိုင်းသူပြည်သားတွေက ကောင်းလာလားဆိုတော့ မကောင်းဘူး၊ သူတို့လည်း တရားမစောင့်ကြတော့ဘူး၊ ကိုယ်ကျင့်တရားတွေ ပျက်ပြားလာကြတယ်၊ လူတွေဟာ တရားမစောင့်တဲ့အနေအထားမျိုးတွေ ဖြစ်ပြီးတော့ မတရားမှုတွေ များလာတယ်၊ တရားဥပဒေနဲ့ ဆန့်ကျင်ဘက်တွေ လုပ်

htpp://www.dhammadownload.com



လာကြတယ်။

လူ့လောကမှာ ရွှေခေတ်လို့ဆိုရတဲ့အချိန်အခါတုန်းက စကြဝတေးမင်းဆိုတဲ့ဘုရင်တွေဟာ တရားသဖြင့် တိုင်းပြည်ကို အုပ်စိုးကြတယ်၊ အုပ်စိုးပြီး အချိန်တန်အရွယ်ရောက်လို့ ထီးနန်းစည်းစိမ်ကို ဆက်ခံမယ့်သားတော်ကြီးကို လွှဲအပ်တဲ့အခါမှာ သူ့သားတော်ကို မှာတယ်၊ မှာတဲ့စကားမှာ **"မာ တေ တာတ ဝိဇိတေ အဓမ္မကာရော ပဝတ္တယိတ္ထ"** "ငါ့သားမင်းအုပ်ချုပ်တဲ့နိုင်ငံမှာ မတရားမှုတွေ မဖြစ်စေနဲ့နော်"၊ ဒီစကားကို ထည့်မှာတယ်ပေါ့။ ဘာဖြစ်လို့တုန်းဆိုရင် ဦးစီးခေါင်းဆောင်လုပ်တဲ့မင်းက မတရားဘူးဆိုရင် မင်းမှုထမ်းတွေကလည်း တရားမစောင့်ကြတော့ဘူး၊ မင်းမှုထမ်းတွေ တရားမစောင့်သွားရင် တိုင်းသူပြည်သားအားလုံးဟာလည်း တရားမစောင့်တော့ဘူး၊ ဒီတင် ရပ်လားဆိုတော့ မရပ်သေးဘူး၊ လူတွေ တရားကင်းမဲ့သွားပြီဆိုတဲ့အခါ လူတွေနဲ့ ဆက်စပ်နေတဲ့ အိမ်စောင့်နတ်တွေ ကိုယ်စောင့်နတ်တွေလည်း တရားပျက်လာကြတယ်။

လူတွေရဲ့အကျင့်ပျက်မှုက နတ်တွေထိအောင် ကူးစက်တတ်တယ်ဆိုတဲ့ အဓိပ္ပါယ်နော်၊ "လူတွေ ကောင်းမှ နတ်ကောင်းမယ်" ဆိုတဲ့ အဓိပ္ပါယ်မျိုး ရောက်နေတယ်နော်၊ ဒီတော့ လူတွေ တရားပျက်တဲ့အခါမှာ နတ်တွေလည်း တရားပျက်လာတယ်၊ လူတွေရဲ့အပူဇော် **"ဒေဝတာဗလိ"**ကို ခံကြတဲ့ နတ်တွေလည်း တရားပျက်လာကြတယ်၊ ဘုမ္မစိုး ရုက္ခစိုးတွေ

htpp://www.dhammadownload.com



လည်း တရားပျက်လာတယ်၊ ဘုမ္မစိုးတွေ ရုက္ခစိုးတွေ တရားပျက်တော့ ကောင်းကင်ယံဗိမာန်မှာ နေကြတဲ့ **"အာကာသဋ္ဌ"** အာကာသစိုးနတ်တွေလည်း တရားပျက်လာကြတယ်တဲ့၊ တရားမစောင့်ကြတော့ဘူး။

အဲဒီလို ဆင့်ကဲဆင့်ကဲနဲ့ တရားပျက်လာတဲ့အခါမှာ ဘာတွေ ဖောက်ပြန်လာတုန်းဆိုရင် လေလမ်းကြောင်းတွေဟာ ပြောင်းလာတယ်၊ လေတွေက လမ်းမမှန်တော့ ကောင်းကင်မှာရှိကြတဲ့နတ်ဗိမာန်တွေကို လေတိုက်တဲ့အခါမှာ ဗိမာန်တွေက လှုပ်ရှားသွားတယ်၊ ရာသီဥတု မကောင်းတဲ့အခါ လေယာဉ်ပျံစီးတော့ လှုပ်သလို နေမှာပေါ့၊ နတ်ဗိမာန်ကြီးတွေဟာလည်း ကောင်းကင်မှာ ရှိနေတော့ လေနဲ့ တွေ့တဲ့အခါ လှုပ်ကုန်ကြတယ်၊ အဲဒီလို ဗိမာန်ကြီးတွေ လှုပ်လာတဲ့အခါ ဗိမာန်ထဲမှာနေတဲ့နတ်တွေက စိတ်ဆိုးတယ်၊ လေယာဉ်ပျံစီးတဲ့အခါလည်း လေယာဉ်ပျံလှုပ်သွားပြီဆိုရင် ခါးပတ်တွေ ပတ်ထားပြီး **ဣတိပိသော** ရွတ်ကြ, **အဋ္ဌာန မေတ္တံ** ရွတ်ကြနဲ့ လုပ်ကြရ မဟုတ်လား။

နတ်တွေကလည်း သူတို့ဗိမာန်တွေ လှုပ်လာတဲ့အခါကျ စိတ်ဆိုးကြတယ်၊ "ဘာဖြစ်လို့ ဒီလို ဖြစ်ရတာလဲ၊ ခါတိုင်းတို့ဗိမာန်တွေ ဘာမှ မဖြစ်ဘူး၊ အခု လေတိုက်လို့ လှုပ်လာပြီ"၊ လှုပ်တော့ နတ်တွေက စိတ်ဆိုးပြီး မိုးမရွာအောင် လုပ်လိုက်တယ်။

လူ့လောကမှာ မိုးကွက်ကြား ရွာလာခဲ့ပြန်တယ်၊ ဟို

htpp://www.dhammadownload.com



နားလေး ရွာတယ်၊ ဒီနားကျတော့ မရွာပြန်ဘူးနော်၊ မိုးကွက်ကြားတွေ ရွာလာတယ်၊ မိုးကွက်ကြားရွာလာတဲ့အခါ မိုးကောင်းတဲ့နေရာက ကောင်း, မကောင်းတဲ့နေရာက မကောင်း၊ မိုးခေါင်တဲ့နေရာတွေ ခေါင်, မိုးလွန်တဲ့နေရာတွေက လွန်။

လူတွေ သီးနှံတွေ စိုက်ပျိုးကြတယ်၊ စိုက်ပျိုးတဲ့အခါ မိုးကောင်းလွန်းအားကြီးတော့ ပျက်စီးသွားပြန်တယ်၊ မိုးခေါင်လွန်းအားကြီးတဲ့နေရာတွေကလည်း တစ်ခါ ပျက်စီးသွားပြန်တယ်၊ မိုးရေမရလို့ စိုက်ပြီးသားသီးနှံတွေ ညှိုးကုန်ကြပြန်တယ်ပေါ့၊ ဒီလို မိုးမှန်မှန်မရွာသည့်အတွက်ကြောင့် မိုးမှန်တဲ့နေရာလေးတွေက သီးနှံလေးတွေ ဖြစ်သော်လည်း မိုးလွန်ကဲတဲ့နေရာက ပျက်စီးပြန်တယ်၊ မိုးခေါင်သွားတဲ့နေရာတွေကျတော့ သစ်ပင်တွေ ခြောက်တယ်။

လူ့ပြည်မှာ နယ်တစ်နယ်ထဲမှာပဲ မိုးခေါင်တဲ့နေရာက ခေါင်, မိုးလွန်တဲ့နေရာက လွန်, မှန်မှန်ရွာတဲ့နေရာက ရွာ၊ သုံးမျိုးသုံးစား ကွဲပြားသွားတယ်တဲ့၊ အဲဒီလို သုံးမျိုးကွဲပြားသွားတဲ့အခါမှာ တိုင်းပြည်မှာ ဖြစ်ပေါ်လာတဲ့ စိုက်ပျိုးတဲ့သီးနှံတွေဟာလည်း ကောင်းတဲ့နေရာ ကောင်း, မကောင်းတဲ့နေရာ မကောင်း, ခြောက်တဲ့နေရာက ခြောက်နဲ့၊ အဲဒီလို သီးနှံအထွက်တွေက မှန်ကန်မှုမရှိ ဖြစ်လာတယ်တဲ့။

ထမင်းအိုးတစ်အိုးတည်းမှာ ပျော့တာက ပျော့, မာတာက မာ, နပ်တာက နပ်နဲ့ ဆိုပြီးတော့ ပျော့ မနပ်နဲ့, မာမနပ်နဲ့, နပ်တာက နပ်ဆိုပြီးတော့ အဲဒီလို သုံးမျိုးသုံးစား ကွဲပြားပြီး

htpp://www.dhammadownload.com



တော့ သွားတာဟာ နောင်တစ်ချိန်ကျလို့ရှိရင် နေရာတစ်နေရာမှာပဲ အခုလိုအခြေအနေမျိုးတွေ ဖြစ်ပေါ်လာနိုင်တယ်ဆိုတာကို ကြိုတင်ပြီးတော့ အရိပ်နိမိတ်ပြတဲ့အနေနဲ့ ဒီအိပ်မက်မက်တာ ဖြစ်တယ်၊ "ဒီအိပ်မက်ကြောင့် သင်မင်းကြီးရဲ့လက်ထက်မှာ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး၊ ဒီအိပ်မက်အတွက် စိတ်မပူနဲ့"။

### အိပ်မက် နံပါတ်-၁၁

"အေး တစ်ဆယ့်တစ်ခုမြောက်အိပ်မက်ကို ပြောပါဦး" လို့ဆိုတော့ ကောသလမင်းကြီးက ဆက်ပြီးတော့ လျှောက်တယ်၊ "တပည့်တော်အိပ်မက်ထဲမှာ ထူးဆန်းတဲ့အဖြစ်အပျက်တစ်ခုကို မြင်တယ်ဘုရား"တဲ့၊ တစ်သိန်းတန်တဲ့စန္ဒကူးနံ့သာတုံး၊ sandal wood ၊ စန္ဒကူးနံ့သာအနှစ်ကို ဘာမှ တန်ဖိုးမရှိတဲ့ယက်တက်ရည်နဲ့ လဲစားတာကို တပည့်တော် တအံ့တသြသွားတွေ့ရတယ်"။

စန္ဒကူးနှစ်က သိန်းချီတန်တယ်၊ ယက်တက်ရည်က ပြားလောက်ပဲ တန်တာ၊ လူတွေဟာ လဲပြီးတော့ အသုံးပြုနေကြတာတဲ့၊ စန္ဒကူးနှစ်နဲ့ ယက်တက်ရည် တန်ဖိုးချင်း မညီမျှတဲ့ အရာနှစ်ခု အရောင်းအဝယ် အလဲအလှယ် ပြုနေကြတာကို တပည့်တော်အိပ်မက်ထဲမှာ မြင်ပါတယ်တဲ့။

အဲဒီအိပ်မက်ရဲ့အကျိုးက ဘာဖြစ်မှာတုန်းဆိုတော့ မြတ်စွာဘုရားက "နောင်တစ်ခေတ် ငါဘုရားရဲ့ သာသနာ

htpp://www.dhammadownload.com



နောက်ပိုင်း ရောက်လာတဲ့အခါမှာ ရဟန်းတွေဟာ ပစ္စည်းလာဘ်လာဘ လောဘတွေ ကြီးလာမယ်၊ ပစ္စည်းရဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဘုရားဟောတရားတွေကို ဟောကြမယ် ပြောကြမယ်၊ ရလာတဲ့ပစ္စည်းတွေအပေါ်မှာ မက်မက်မောမော နဲ့ သုံးကြပြုကြမယ်။

နိဗ္ဗာန်ကိုဦးတည်ပြီး တရားဟောတာ မဟုတ်ဘဲ အပြောကောင်း အဟောကောင်း အငိုကောင်းဆိုတာတွေနဲ့ သံသရာဝဋ်က လွတ်ဖို့ မရည်ရွယ်ဘဲ ဇာတ်သဘင်ဆန်ဆန်တွေ ဟောပြောလာကြလိမ့်မယ်၊ ဒါလည်း အင်မတန်မှ သတိထားစရာကောင်းတဲ့အချက်ပဲ၊ ဘုန်းကြီးတွေနဲ့ ပတ်သက်တယ်။

မြန်မာနိုင်ငံမှာ တစ်ချိန်တုန်းက ခေတ်စားပြီး ဟောလာခဲ့ကြတာ၊ ရှေးတုန်းကတော့ "ယပ်ထောင်တရား" ဆိုပြီးတော့ ယပ်ကြီးကို ထောင်ပြီး ကျက်မှတ်ခဲ့တာတွေ ရွတ်တယ်၊ **"ဗုဒ္ဓါတိတိ ဗုဒ္ဓေါ"** ဝိဂြိုဟ်ဆိုတဲ့အတိုင်း သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားကုန်စင်သိတော်မူတတ်သောကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ဖြစ်သည်ဆိုတဲ့ ကျက်ထားအတိုင်းပဲ ရွတ်ဆိုဟောပြောနည်းကို "ယပ်ထောင်တရား"လို့ ခေါ်တယ်။

နောက်ပိုင်းကျတော့ ဘာဖြစ်လာတုန်းဆိုရင် "ယပ်လှဲတရား" ပေါ်လာတယ်၊ ယပ်လှဲတရားကျတော့ ဇာတ်သဘင်ဆန်ဆန် အငိုတွေနဲ့ အဆိုတွေနဲ့ ဟောကြပြောကြတယ်၊ အဲဒီလို တရားပွဲတွေမှာ တဟားဟား တဝါးဝါး စိတ်ခံစားချက်များနဲ့ ဖြစ်လာတယ်၊ ပျော်စရာအသွင် အဲဒီလိုဟောပြောကြတဲ့

htpp://www.dhammadownload.com



ခေတ်ဟာ မြန်မာပြည်မှာ ဖြစ်ပေါ်လာခဲ့တယ်ပေါ့။ "ယပ်လှဲ့ ခေတ်"တဲ့။

တစ်ချိန်တုန်းက မန္တလေးမှာ နာမည်ကြီးတဲ့ ဆရာတော် ဦးဇနိတဆိုတာ ပေါ်ခဲ့ဖူးတယ်၊ ဆရာတော်ဦးဇနိတတရားပွဲနဲ့ စိန်ခြယ်အငြိမ့် ပြိုင်ပြီး ကျင်းပကြတယ်၊ တရားပွဲနဲ့ အငြိမ့် ပြိုင်တဲ့အခါ အငြိမ့်က ရှုံးသွားသတဲ့၊ တရားပွဲက နိုင်တယ်လို့ ဆိုတယ်၊ အဲဒီလို အဆိုကောင်းအငိုကောင်းတွေနဲ့ ပြိုင်ပြီး ဟောတာ၊ အဲဒီဆရာတော်ကိုလည်း ဦးဇနိတလို့ မခေါ်တော့ဘူး စိန်ဇနိလို့ ခေါ်တယ်၊ အဲဒီလို တစ်ချိန်တုန်းက ဖြစ်ခဲ့ဖူးတယ်နော်၊ စိန်ဇနိဆိုတာ ဧရာဝတီတိုင်းက သမိန်ထောရွာ ဇာတိသား၊ စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင်ဆရာကြီး ကလည်း ညောင်တုန်းနားက ခတ္တိယသူ၊ နောက်ပိုင်းရောက်တဲ့အခါကျတော့ သမိန်ထောရွာကို ပြောင်းသွားတယ်၊ သူရဲ့ အကို တော်တယ်ပေါ့၊ ဒါကြောင့်မို့ ဒေါ်မာလာရီအတ္ထုပ္ပတ္တိထဲ မှာ အဲဒီစိန်ဇနိအကြောင်းလေး ပါတယ်၊ အဲဒီလို အဟော ကောင်း အပြောကောင်းတွေနဲ့ ယပ်လှဲ့တရားတွေ ပေါ်ထွန်းခဲ့ တယ်၊ ဘုန်းကြီးတို့ငယ်ငယ်တုန်းကတောင်မှ အဲဒီတရားမျိုး တွေကို နာခဲ့ရတယ်ပေါ့။

ဒီလို အသံကောင်းကောင်း အဟောကောင်းကောင်းနဲ့ ဓမ္မကထိကတွေရဲ့ တရားဓမ္မ သွားရောက်နာကြတယ်၊ လှူကြ တန်းကြတယ်၊ တစ်ခါတလေများ ကြားလိုက်ရသေးတယ်၊ အဲဒီ မှာ အဟောကောင်းအပြောကောင်းတရားတွေ သွားပြီး နာကြ

htpp://www.dhammadownload.com



တဲ့အခါမှာ အိမ်က လှူစရာ ပါမလာတဲ့လူတွေက လက်စွပ်ချွတ် လှူတာတို့ နားကပ်ချွတ် လှူတာတို့ ရှိခဲ့တယ်၊ အဲဒီလို လှူတာကို တချို့က ဘာပြောတုန်းဆို **“ဇီတံ မေ”** “အောင်ပြီ” ဆိုပြီး “ရှိတာတွေ ပြောင်ပြီ”လို့တောင် ဆိုကြသတဲ့နော်၊ တရားပွဲမှာ သဒ္ဒါတရားတွေ ပေါက်ပြီး လှူပြီးတဲ့အခါ **“ဇီတံ မေ** အောင်ပြီ” ဆိုတာတင် မကဘူး၊ “ရှိတာတွေ ပြောင်ပြီ”ဆိုတာ ဖြစ်ကုန်ရော၊ လူတွေဆိုတာ သဒ္ဒါတရားပေါက်ပြီဆိုရင် ကိုယ့်ပါလာတာ ချွတ်ပြီးတောင် လှူတတ်ကြတယ်၊ အဲဒီလို အဟောကောင်း အပြောကောင်း ဓမ္မကထိကတွေက ဘုရားတရားတော်တွေကို နိဗ္ဗာန်ဦးတည်ပြီး ဟောတာ မဟုတ်ဘဲ ဇာတ်သဘင်ဆန်ဆန် ဟောသွားတဲ့ခေတ်ကြီး ပေါ်လာတယ်တဲ့။

တန်ဖိုးရှိလှတဲ့ စန္ဒကူးနှစ်နဲ့ တူတဲ့ မြတ်စွာဘုရားရဲ့ အဖိုးတန်တရား၊ လေးအသချေ်နဲ့ ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီဖြည့်မှ ဟောနိုင်ပြောနိုင်တဲ့, အင်မတန်မှလေးနက်တဲ့, နိဗ္ဗာန်ကို ပို့ဆောင်ပေးနိုင်တဲ့တရားဓမ္မဆိုတဲ့ စန္ဒကူးနှစ်လို တန်ဖိုးရှိတဲ့အရာကို ဘာမှအဖိုးမတန်တဲ့ပစ္စည်းတွေနဲ့ လဲပြီးတော့ ယူတာနဲ့ တူတယ်တဲ့၊ ဒီလို ဆိုတာပေါ့၊ တစ်သိန်းတန် စန္ဒကူးနှစ်ကို ယက်တက်နဲ့ လဲစားသလိုပဲ ဒါလည်း သတိထားစရာ ကောင်းတယ်ပေါ့။

ကိုယ်ဟောတဲ့တရားဟာ နိဗ္ဗာန်ကို ဦးတည်ပြီး ဟောမှ အဖိုးတန်တဲ့တရားဖြစ်မှာ၊ ပစ္စည်းလေးပါးရလိုမှုနဲ့ မဟောသင့်ဘူး၊ တရားဟောပြီဆိုကတည်းက “သိကြပါစေ သဘောပေါက်

htpp://www.dhammadownload.com


ကြပါစေ”ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ ဟောရမှာ၊ **“ဟောသူနာသူ စိတ်ထားဖြူ”** ဆိုတဲ့အတိုင်း ဟောတဲ့သူကလည်း စိတ်ထားဖြူဖို့ လိုတယ်၊ နာတဲ့သူကလည်း စိတ်ထားဖြူဖို့ လိုတယ်၊ ပစ္စည်းလေးပါးကို ရလိုမှုနဲ့ မဟောသင့်ဘူး၊ ဓမ္မပူဇာရလို့ ဟောတာမျိုး မဖြစ်စေရဘူး၊ တရားဟောလို့ ဓမ္မပူဇာရတာမျိုးကသာ ဖြစ်သင့်တယ်။

ဓမ္မပူဇာဆိုတာ တရားနာသူတွေဘက်က လုပ်သင့်တဲ့ အလုပ်ကို လုပ်တာ၊ တရားဟောတဲ့ပုဂ္ဂိုလ်က ဓမ္မပူဇာရချင်တဲ့ စိတ်ဓာတ်ထားပြီဆိုရင် အဲဒီတရားဟာ ယက်တက်နဲ့ လဲစားတဲ့ပုံစံမျိုး ဖြစ်သွားနိုင်တယ်ပေါ့၊ ဒါကြောင့်မို့ ဟောသူလည်း စိတ်ထားဖြူရမယ်၊ နာတဲ့ပုဂ္ဂိုလ်ကလည်း စိတ်ထားဖြူရမယ်လို့ ဒီလိုဆိုတာ။

ကောသလမင်းကြီးရဲ့အိပ်မက်ထဲမှာ အင်မတန်တန်ဖိုးရှိလှတဲ့ တစ်သိန်းတန်တဲ့စန္ဒကူးနှစ်ကို ယက်တက်ရည်နဲ့ လဲစားနေကြတယ်ဆိုတဲ့အဓိပ္ပါယ်ဟာ နောင်တစ်ခေတ်မှာ ပစ္စည်းလေးပါးကို မက်မောပြီး အောက်တန်းကျတဲ့စိတ်ဓာတ်ရှိတဲ့ အလဇ္ဇီရဟန်းတွေ အရှက်ကင်းမဲ့တဲ့ရဟန်းတွေဟာ မြတ်စွာဘုရားဟောကြားတဲ့ တန်ဖိုးရှိတဲ့တရားတွေကို ပစ္စည်းလေးပါးရလိုမှုနဲ့ ဟောပြောကြလိမ့်မယ်၊ လူ့အကြိုက် လိုက်ပြီးတော့ ဟောတယ်ဆိုတာဟာတဲ့ ယက်တက်ရည်နဲ့ တန်ဖိုးရှိတဲ့တရားကို လဲစားတာမျိုး ဖြစ်လာတတ်တယ်တဲ့၊ ဒါကြောင့်မို့ သတိကြီးစွာထားပြီး တရားဟောသင့်တယ်။

htpp://www.dhammadownload.com


**"အနုဒ္ဒယတံ ပဋိစ္စ"** လို့ ဆိုတဲ့အတိုင်း မသိသေးတာတွေ သိစေချင်တဲ့စိတ်ဓာတ်မျိုးနဲ့သာ တရားဓမ္မကို ဟောပြောကြရမှာ ဖြစ်တယ်ပေါ့၊ အကယ်၍ ဒီလို မဟောနိုင်ဘူးဆိုရင် စန္ဒကူးနှစ်ကို ယက်တက်နဲ့ လဲစားသလို ဖြစ်လိမ့်မယ်၊ ဒါလည်း သတိချပ်စရာပဲ၊ "သင်မင်းကြီးရဲ့လက်ထက်မှာတော့ ဘာမှ အကျိုးသက်ရောက်မှု ဖြစ်မှာ မဟုတ်ဘူး၊ နောင်ကျတော့ ဖြစ်လာနိုင်တဲ့ အနေအထားတစ်ခုကို အတိတ်နိမိတ်ပြတဲ့အနေနဲ့ ပေါ်ထွန်းလာတာသာ ဖြစ်တယ်"လို့ မိန့်ကြားပြီးကဲ ဆယ့်နှစ်ခုမြောက်အိပ်မက်အကြောင်းကို ပြောပါဦးဆိုတော့ ကောသလမင်းကြီးက ဆယ့်နှစ်ခုမြောက်အိပ်မက်အကြောင်းကို လျှောက်တယ်။

## အိပ်မက် နံပါတ်-၁၂

"တပည့်တော်ဘုရား ထူးထူးဆန်းဆန်း ဘာသွားတွေ့ရတုန်းလို့ဆိုရင် မြစ်ကြီးတစ်မြစ်အနီးအပါး ရောက်တဲ့အခါ အဲဒီမြစ်ထဲကို လှမ်းကြည့်လိုက်တယ်၊ ဘာတွေ တွေ့ရတုန်းဆိုတော့ အင်မတန်မှ ပေါ့ပြီး ဘာမှမရှိတဲ့ ဘူးတောင်းတွေ ရေထဲချလိုက်ရင် မြုပ်, မြုပ်သွားတယ်ဘုရားတဲ့၊ ဘူးတောင်းတွေ ရေထဲ ချလိုက်တာနဲ့ တစ်ပြိုင်နက် မြုပ်သွားတာကို တွေ့ရပါတယ်၊ အဲဒီလို ဘူးတောင်းတွေ ရေထဲ မြုပ်မြုပ်သွားတာကို မြင်ရတော့ တပည့်တော်စိတ်ထဲမှာ အံ့ဩတယ်၊ ဘာ့ကြောင့် ဒီဘူးတောင်းဟာ ရေပေါ်ပေါ်ရမယ့်အစား မြုပ်သွား

htpp://www.dhammadownload.com



ရသလဲလို့ စဉ်းစားမိတယ်၊ ဒီအိပ်မက်ရဲ့အကျိုးအပြစ်ကရော ဘယ်လိုဖြစ်လာနိုင်ပါသလဲ”။

မြတ်စွာဘုရားက “ဒီအိပ်မက်ဟာလည်းပဲ ခုအချိန်မှာ အကျိုးသက်ရောက်ဦးမှာ မဟုတ်သေးဘူး၊ နောင်အနာဂတ် ကျတော့ တရားမစောင့်တဲ့တိုင်းပြည်ကို အုပ်ချုပ်တဲ့မင်းမျိုး တွေ လောကမှာပေါ်လာမယ့်အချိန်ကျရင် ဒီလိုအနေအထား မျိုးတွေ ဖြစ်လာနိုင်တယ်”တဲ့။

တိုင်းပြည်ကို မတရားအုပ်ချုပ်ကြတဲ့ မင်းစိုးရာဇာခေတ် မှာဆိုရင် အရည်အချင်းမရှိတဲ့ ပုဂ္ဂိုလ်တွေကို ရာထူးပေးပြီး အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေကိုတော့ ဖယ်ရှားပစ်လိမ့်မယ် တဲ့၊ အဲဒီလို ဖယ်ရှားပစ်လိုက်တဲ့အခါ အရည်အချင်းမရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ရာထူးဌာနန္တရတွေ ရလာကြတယ်၊ အရည် အချင်းရှိတဲ့ပုဂ္ဂိုလ်ကျတော့ ရာထူးဌာနန္တရ မရကြဘူး၊ တကယ့် အရေးပါတဲ့တရားရုံးတွေမှာလည်း အရည်အချင်းမရှိတဲ့ပုဂ္ဂိုလ် တွေ မျိုးရိုးမမြတ်တဲ့ပုဂ္ဂိုလ်တွေကို ခန့်ထားတယ်၊ တကယ့်ကို မျိုးရိုးအစဉ်အလာကောင်း ရှိတဲ့ ပုဂ္ဂိုလ်တွေကို ရာထူးက ဖယ် ရှားပြီး အဲဒီလို ခန့်ထားလာတဲ့အခါမှာ လောကမှာ အရည် အချင်းရှိတဲ့ပုဂ္ဂိုလ်တွေဟာ မြုပ်သွားပြီး အရည်အချင်းမရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ထင်ရှားပေါ်ပေါက်ပြီးတော့ လာတာ။

ငါဘုရားရဲ့သာသနာမှာ အရည်အချင်းမရှိတဲ့ရဟန်း တွေက ထိပ်ရောက်လာတယ်၊ စီမံခန့်ခွဲတဲ့နေရာမှာ ရာထူး အာဏာတွေ ရှိလာတယ်၊ ရာထူးအာဏာတွေ ရှိလာတဲ့အခါ

htpp://www.dhammadownload.com


မှာ ကိုယ်ကျင့်တရားမကောင်းတဲ့ကိုယ်တော်တွေက ရှေ့တက်လာပြီး ကိုယ်ကျင့်တရားကောင်းတဲ့ပုဂ္ဂိုလ်တွေက နောက်ဆုတ်သွားကြတယ်။

ဘူးတောင်းတွေဟာ မြုပ်ကုန်တယ်ဆိုတာ ထင်ပေါ်ရမယ့်ပုဂ္ဂိုလ်တွေက မထင်ပေါ်ဘဲနဲ့ မထင်ပေါ်ရမယ့်ပုဂ္ဂိုလ်တွေက ထင်ပေါ်လာရတယ်ဆိုတဲ့အဓိပ္ပါယ်ပဲ၊ ဖြစ်ပေါ်လာမယ့်အခြေအနေတစ်ရပ်ကို စွဲပြီးတော့ အခု အိပ်မက်မက်တာပါ၊ သင်မင်းကြီးလက်ထက်မှာ ဘာမှမဖြစ်သေးဘူး၊ သင်မင်းကြီး ဒီအိပ်မက်မက်ခြင်းကြောင့်လည်း တစ်စုံတစ်ခုအကျိုးအပြစ်မဖြစ်ပါဘူးလို့ မြတ်စွာဘုရားက ဒီလို အိပ်မက်အကြောင်းကို ရှင်းပြဟောတော်မူတယ်။

## ၁၃-ခုမြောက် အိပ်မက်

"ကဲ ဒါဖြင့် နောက်ထပ် အိပ်မက်တစ်ခုအကြောင်းကို ပြောပါဦး"လို့ဆိုတော့ ဆယ့်သုံးခုမြောက်အိပ်မက်ကို လျှောက်ထားပြန်တယ်၊ "အရှင်ဘုရား ဒီအိပ်မက်ထူးဆန်းတာက ဘာတုန်းဆိုလို့ရှိရင် ခုနက ပေါ့တဲ့ဘူးတောင်းတွေ မြုပ်သွားသလို အင်မတန်မှလေးလံတဲ့ အိမ်ထွင့်ပမာဏလောက်ရှိတဲ့ ကျောက်တုံးကြီးတွေကျ ရေပေါ်မှာ ပေါလောပေါ်နေကြတယ်ဘုရားတဲ့၊ မြုပ်ရမယ့်ကျောက်တုံးကြီးတွေကျတော့ ရေပေါ်မှာ ပေါလောပေါ်နေတာကို တပည့်တော်မြင်ရတယ်တဲ့၊ အဲဒီအိပ်မက်ရဲ့အကျိုးအပြစ်ကရော ဘာများ ဖြစ်လာနိုင်သလဲ"လို့ ဘုရား

htpp://www.dhammadownload.com



ကို လျှောက်တော့ မြတ်စွာဘုရားက ဒီအိပ်မက်ဟာလည်းပဲ အခုအချိန်မှာ အကျိုးသက်ရောက်မှု မဖြစ်သေးဘူး။

နောင်တစ်ခေတ် ရောက်လာတဲ့အခါမှာ ခုနကလို တရားနဲ့မညီ တိုင်းပြည်အုပ်ချုပ်တဲ့မင်းစိုးရာဇာတွေလက်ထက် ရောက်လာတဲ့အခါ မျိုးရိုးမစစ်တဲ့ပုဂ္ဂိုလ်တွေ ရာထူးတွေ ရလာကြလိမ့်မယ်၊ အရည်အချင်းမရှိတဲ့ပုဂ္ဂိုလ်တွေ ရာထူးရလာကြလိမ့်မယ်၊ မျိုးရိုးစစ်တဲ့ပုဂ္ဂိုလ်တွေဟာ ဆင်းရဲဒုက္ခကြုံကုန်ကြလိမ့်မယ်၊ ဒီတော့ မျိုးရိုးစစ်ပြီး အရည်အချင်းရှိတဲ့ပုဂ္ဂိုလ်တွေ အပေါ်မှာ သူတို့က တလေးတစား မဆက်ဆံကြတော့ဘူး၊ ဘုရင့်ရဲ့မျက်မှောက်မှာပဲဖြစ်စေ အမတ်ကြီးတွေရဲ့မျက်မှောက်မှာပဲဖြစ်စေ တရားရုံးဌာနတွေမှာဖြစ်စေ တရားဓမ္မနဲ့ ပတ်သက်ပြီး လိမ္မာကျွမ်းကျင်ကြတဲ့ပုဂ္ဂိုလ်တွေရဲ့စကားဟာ တရားမဝင်တော့ဘူး ဖြစ်သွားလိမ့်မယ်၊ သူတို့စကားကို နားထောင်တဲ့ပုဂ္ဂိုလ်တွေ မရှိကြတော့ဘူး၊ ပျက်ရယ်ပြုပြီး အပြောင်အလှောင် ခံရလိမ့်မယ်၊ သူတို့ဝင်ပြောရင် အခုခေတ်ပြောတာလိုပေါ့၊ တကယ့်ကို စာအုပ်နဲ့ပြောရင် "ဟော့ ဒီလူက စာအုပ်ကြီးသမား"ဆိုပြီးတော့ အပြောခံရတာမျိုးလိုပေါ့၊ တကယ့် သေသေချာချာ တရားဥပဒေအတိုင်း လုပ်တဲ့အခါကျတော့ အပြောခံရပြီတဲ့၊ အဲဒီလို အရည်အချင်းရှိတဲ့ပုဂ္ဂိုလ်တွေ အပြောခံရတယ်။

သံဃာတွေထဲမှာလည်းပဲ ထို့အတူပဲတဲ့၊ ကိုယ်ကျင့်သီလကောင်းတဲ့ပုဂ္ဂိုလ်တွေဟာ နောက်ရောက်သွားပြီး ကိုယ်ကျင့်သီလမရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့စကားဟာ အောင်သွားတယ်၊

htpp://www.dhammadownload.com



ဘယ်အရာပဲဖြစ်ဖြစ် အကျင့်မကောင်းတဲ့ပုဂ္ဂိုလ်တွေ အရည်အချင်းမရှိတဲ့ပုဂ္ဂိုလ်တွေရဲ့စကားဟာ ရှေ့တန်းရောက်လာပြီး အရည်အချင်းရှိတဲ့ပုဂ္ဂိုလ်တွေရဲ့စကားဟာ နောက်ရောက်သွားတယ်၊ ဆိုလိုတာက ကျောက်တုံးဆိုတာ မြုပ်ရမှာ အရည်အချင်းမရှိတဲ့ပုဂ္ဂိုလ်တွေက မြုပ်သွားရမှာ၊ ဒီတော့ မြုပ်ရမယ့်ဟာတွေက ပေါ်လာတယ်လို့ ဒီလိုအဓိပ္ပါယ် ရတယ်ပေါ့။

အဲဒီလို လောကကြီးမှာ ဘူးတောင်းတွေကျတော့ မြုပ်ပြီးတော့ ကျောက်တုံးကြီးတွေကျတော့ ပေါ်လာတဲ့ ဆန့်ကျင်ဘက်အနေအထားတွေဟာ ဖြစ်ပေါ်လာတာ ဖြစ်တယ်၊ အဲဒါမျိုးလိုပဲ အခုလို အိပ်မက်အရ ဖြစ်လာတာဟာ နောင်တစ်ချိန်လောကကြီးပျက်ပြားလာတဲ့အချိန်မှာ အရည်အချင်းမရှိတဲ့လူတွေရဲ့စကားဟာ တည်ပြီးတော့ အရည်အချင်းရှိတဲ့ပုဂ္ဂိုလ်တွေရဲ့စကားဟာ ပျက်ရယ်ပြုခံရပြီး သူတို့စကားတွေဟာ နောက်ရောက်သွားမှာ ဖြစ်တယ်၊ ဒါကို အကြောင်းပြုပြီးတော့ ဒီအိပ်မက်မက်တာသာ ဖြစ်တယ်၊ ဒီကနေ့အချိန်မှာတော့ ဘာမှမဖြစ်သေးဘူး၊ ဒီအိပ်မက်ကြောင့် သင်မင်းကြီးမှာ ဘာမှဘေးရန်မဖြစ်နိုင်ပါဘူးလို့ မြတ်စွာဘုရားက ဟောကြားတော်မူတယ်။

## ၁၄-ခုမြောက် အိပ်မက်

"နောက် ဆယ့်လေးခုမြောက် အိပ်မက်အကြောင်းကို ပြောပါဦး"ဆိုတော့ ဆယ့်လေးခုမြောက်အိပ်မက်ကတော့ ဘာ

htpp://www.dhammadownload.com



မက်သလဲဆိုရင် "ထူးထူးဆန်းဆန်း ဖားကောင်ကလေးတွေက သေးသေးလေးတွေနော်၊ သစ်မယ်ဇယ်အပွင့်ပမာဏလောက် ရှိတယ်၊ လက်သည်းခွံလောက်ပမာဏ ရှိတယ်၊ အဲဒီဖားပေါက်စ လေးတွေက အလွန်ကြီးမားတဲ့မြွေဟောက်ကြီးတွေနဲ့ တွေ့တဲ့ အခါ ဖားပေါက်စလေးတွေက ခုန်ပြီး မြွေကြီးတွေကို လိုက်ပြီး ကိုက်စားတာ၊ မြွေဟောက်ကြီးတွေက အဲဒီဖားလေးတွေ မြင် လိုက်တာနဲ့ ပြေးကြတယ်၊ အဲဒီပြေးကြတာကို ခုန်ပြီးတော့ အတင်းလိုက်တယ်၊ မြွေဟောက်ကြီးတွေကို ကြာရိုးကြာစွယ် ကိုက်သလို ဖားတွေက ကိုက်စားပြီး မျိုနေတာကို ထူးထူး ဆန်းဆန်း အံ့ဩဖွယ်တွေ့ရပါတယ်တဲ့၊ "ဖားက မြွေမျိုတယ်" ဆိုတာ ရံဖန်ရံခါ ကြားကြရတယ်ပေ့ါ၊ အခု ဖားငယ်ငယ်လေး တွေက ကြောက်စရာကောင်းလောက်အောင် ကြီးမားတဲ့မြွေ ဟောက်ကြီးတွေကို လိုက်ပြီး ကိုက်ပြီးစားကြတယ်ဆိုတာဟာ တော်တော်ထူးဆန်းတဲ့အိပ်မက်ပဲ၊ အဲဒီအိပ်မက်ရဲ့အကျိုးအပြစ် ရော ဘယ်လိုများဖြစ်လာနိုင်ပါသလဲ"။

မြတ်စွာဘုရားက "လူ့လောက နောင်တစ်ခေတ် ဆုတ် ယုတ်လာတဲ့အခါမှာ ဒီလိုအခြေအနေမျိုးတွေ ဖြစ်ပေါ်လာလိမ့် မယ်တဲ့၊ လောကမှာ လူတွေဟာ ကိလေသာစိတ်တွေ လွှမ်းမိုး ကြီးစိုးလာကြမယ်၊ လွှမ်းမိုးကြီးစိုးလာတဲ့အခါမှာ ကိလေသာစိတ် ကို မနိုင်ကြတဲ့အခါ ဘာလုပ်တုန်း"။

ဒါကနော် ဟို ပြောရမယ်ဆိုလို့ရှိရင် ဒါက အိမ်ထောင် ရေးကိစ္စတွေနဲ့ ပတ်သက်လာတယ်၊ အမျိုးသားကြီးတွေဟာ

htpp://www.dhammadownload.com



small လေးတွေ ထားလာတာကို ပြောချင်တာပေါ့၊ အဲဒီလို ဆိုတယ်။

ငယ်ရွယ်တာတွေကို ထားလာကြတဲ့အခါမှာ နောက်ဆုံးမှာ ငယ်ရွယ်တဲ့ဇနီးတွေရဲ့စကားကို မလွန်ဆန်နိုင်ကြဘူး၊ ဖားမငယ်လေးတွေကို မြွေဟောက်ကြီးတွေက ကြောက်ပြီး ပြေးရသလိုပဲ အမျိုးသားယောကျ်ားကြီးတွေဟာ အမျိုးသမီးငယ်ငယ်လေးတွေကို ကြောက်ရပြီး အအော်အငေါက် ခံပြီးတော့နော် ဒီလိုနေကြရမယ်ဆိုတဲ့အနေအထားတစ်ခုကို ပြောတာတဲ့၊ စာထဲ ပါတဲ့အတိုင်း ပြောရတာနော်။

အဲဒီမှာ စာထဲပါတဲ့အတိုင်း ဘာသာပြန်ပြရမယ်ဆိုရင် **“တိဗ္ဗရာဂဇာတိကာ”၊ တိဗ္ဗရာဂ** ဆိုတာ ထက်သန်ပြင်းပြတဲ့ တဏှာရာဂစိတ်ရှိသူတွေ၊ **ကိလေသာနုဝတ္တကာ-** ကိလေသာနောက်လိုက်ကြသူတွေ၊ **ဟုတွာ-** ဖြစ်လာပြီးတဲ့နောက် **“တရုဏာ တရုဏာနံ ဘရိယာနံ အတ္တနော ဝသေ ဝတ္တိဿန္တိ”**တဲ့၊ ငယ်ကုန်သော ဇနီးသည်လေးတွေရဲ့ အလိုကို လိုက်ကြရတယ်တဲ့၊ ဒီလိုဆိုတယ်နော်၊ ဒီလိုဖြစ်လာလိမ့်မယ်တဲ့။

အဲဒီလိုဖြစ်လာတဲ့အခါ အိမ်ထောင်ရှင်အမျိုးသားကြီးတွေဟာ ဇနီးသည်လေးတွေရဲ့အလိုကို လိုက်ပြီးတော့ အားလုံးပစ္စည်းဥစ္စာတွေရော ဘာတွေရော သူတို့ကို ပေး၊ သူတို့က အကုန်လုံးလက်ဝါးကြီးအုပ်ထားပြီး သူတို့စီမံသမျှ ခံရတယ်၊ ချက်ကျွေးသမျှ စား၊ သူတို့ ပေးသမျှလေးနဲ့ ကျေနပ်ပြီးတော့ အဲဒီလိုလုပ်တာတောင် မကျေနပ်ဘူးတဲ့၊ ရံဖန်ရံခါ စောင်း

htpp://www.dhammadownload.com


စောင်းမြောင်းမြောင်း ပြောပြီးတော့ အရေးမပါသလို လုပ်ထားပြီးတော့ မိမိရဲ့ဒီအိမ်ရှင်ယောက်ျားအမျိုးသားကိုပဲ ဆဲလို ဆဲ, မာန်လို မာန်, ငေါက်လို ငေါက်နဲ့ ချောင်ကုပ်နေကြရမယ်တဲ့၊ ဒီလိုဆိုလိုတာနော်၊ အဲဒီလိုအနေထားမျိုးတွေ ဖြစ်လာမယ်တဲ့။

လောကကြီးဟာ ပြောင်းပြိပြောင်းပြန် ကမောက်ကမတွေ ဖြစ်လာတော့ အခုဖားမငယ်ငယ်လေးတွေက မြွေဟောက်ကြီးတွေကို ကိုက်စားတယ်ဆိုတာမျိုးလို ဖြစ်လိမ့်မယ်တဲ့၊ ဒီလိုဆိုလိုတယ်နော်၊ အဲဒါ တစ်ချိန်ကျတော့ ဒါတွေ ဖြစ်ပေါ်လာမယ်ဆိုတာကို အတိတ်နိမိတ်ပြတဲ့အနေနဲ့ အိပ်မက်မက်တာပါ။ သင်မင်းကြီးအတွက် ဘာမှ ဘေးအန္တရာယ် မရှိပါဘူး၊ လူ့လောကကြီးဟာ ဆုတ်ယုတ်လာလို့ ရှိရင် ဒီအနေအထားမျိုးတွေဟာ များသထက် များလာပါလိမ့်မယ်တဲ့၊ ဒီလိုဆိုတယ်။

## ၁၅-ခုမြောက် အိပ်မက်

မြတ်စွာဘုရားက ဒီအိပ်မက်ရဲ့အကျိုးအပြစ်ကို ဟောကြားပြီးတဲ့နောက်မှာ ကဲ နောက်ထပ်အိပ်မက်ကို ပြောပါဦးလို့ဆိုတော့ ကောသလမင်းကြီးက ဘာလျှောက်တုန်းလို့ ဆိုတော့ "မြတ်စွာဘုရား တပည့်တော်အိပ်မက်ထဲမှာ ဘာတွေ့တုန်းဆိုတော့ ငှက်တွေထဲမှာ အယုတ်ညံ့ဆုံးဖြစ်တဲ့ကျီးငှက်တစ်ကောင်ကို (ကျီးငှက်ဆိုတာဟာ ငှက်ထဲမှာတော့ အယုတ်

htpp://www.dhammadownload.com



ညှဲ့ဆုံးလို့ ဆိုတယ်၊ ငှက်တကာတွေထဲမှာ အယုတ်ညှဲ့ဆုံး) ရွှေဟင်္သာတွေက ဝန်းရံနေတာ တွေ့ရပါတယ်"။

ကျီးငှက်ဆိုတာ မသူတော်တရားအင်္ဂါဆယ်ပါးနဲ့ ပြည့်စုံတယ်လို့ အင်္ဂုတ္တရနိကာယ်မှာ ဟောထားတာ ရှိတယ်၊ မသူတော်တရားဆယ်ပါးကို **'အသဒ္ဓမ္မကာကသုတ်'**မှာ ကျီးရဲ့ အကျင့် မကောင်းမှုတွေဟာ ဆယ်မျိုး ရှိတယ်ပေါ့၊ **အသဒ္ဓမ္မ** ဆိုတာ အတော်ယုတ်ညှဲ့တဲ့ စိတ်နေသဘောထားတွေပဲ၊ တခြား ငှက်တွေနဲ့ မတူဘူးတဲ့၊ ကျီးဟာ အလွန်ယုတ်ညှဲ့တယ်၊ သူက ဘာလုပ်တတ်တုန်းဆိုရင် **ဓံသီ** - သိပ်ကျေးဇူးကန်းတယ်တဲ့၊ ကျီးကန်းက သူများရဲ့ဂုဏ်ကျေးဇူးကို အလေးမထားဘူး၊ ကျေးဇူးတရားကို ချေဖျက်တတ်တယ်။

**ပဂဗ္ဘ** - ကြမ်းတမ်းတယ် ရက်စက်တယ်၊ ဟုတ်တယ် ကျီးဆိုတဲ့သတ္တဝါဟာ တခြားငှက်ကလေးတွေရဲ့ဥတွေ အကောင်လေးတွေ လိုက်စားတယ်၊ သူက ကြမ်းတမ်းတယ် ရက်စက်တယ်တဲ့။

**တိန္တိဏ** - တဏှာရာဂလည်း ကြီးတယ်တဲ့၊ **မဟဂ္ဃသ**- တခြားငှက်တွေနဲ့ မတူဘူး၊ အစားလည်း ကြီးတယ်၊ ကျီးကန်းဆိုတာ အမြဲတမ်း ချောင်းနေတတ်တယ်၊ ဟင်းကောင်းကောင်း ချက်ပြီဆိုလို့ရှိရင် အိမ်ခေါင်မိုးကနေပြီး အနံ့ရပုံ ရတယ်၊ အဲဒီမှာ ချောင်းနေတာ၊ အခွင့်သာလို့ရှိရင် ဝက်သားတုံးတို့ ကြက်သားတုံးတို့ ဝင်ဆွဲတတ်တယ်၊ သူက အဲဒါကြောင့်မို့လို့ အစားလည်း ကြီးတယ်တဲ့။

htpp://www.dhammadownload.com



**လုဒ္ဒ** - ရက်စက်ကြမ်းကြုတ်တယ်။

**အကာရုဏိက**- ကြင်နာတရား အလွန်ကင်းမဲ့တယ်။

**ဒုဗ္ဗလ** - ကျီးငှက်ဟာ တကယ်တော့ သိန်းငှက်ကြီးတို့လို အင်အားကောင်းတဲ့အကောင် မဟုတ်ဘူးတဲ့၊ အင်အားမရှိဘူးတဲ့။

**ဩရဝိတ** - ကျီးဆိုတာ ဆူဆူညံညံ တအာအာ လုပ်တတ်တဲ့အကောင်ပဲ၊ ဟုတ်တယ် တစ်ခါတစ်ခါ ကျီးလေးတစ်ကောင် မိပြီဆိုလို့ရှိရင် ဝိုင်းအာကြတာလေ၊ ကျီးကန်းဆိုတာ ဝိုင်းအာလေ့ရှိတယ်၊ ဆူညံတတ်တယ်တဲ့။

နောက်တစ်ခု **မုဋ္ဌဿတိ** - ကျီးကန်းတွေဟာ အလွယ်တကူနဲ့ မေ့ပစ်တတ်တယ်တဲ့၊ သတိကင်းမဲ့တတ်တယ်။

**နေစယိက** - သူဟာ ချီသွားပြီးတော့ စားစရာလေးတွေ အသိုက်ထဲမှာ သိမ်းထားတတ်တယ်တဲ့။

ဒါ ကျီးရဲ့ယုတ်ညံ့တဲ့အနေအထားအနေနဲ့ ပတ်သက်ပြီးတော့ အင်္ဂုတ္တရနိကာယ်မှာ ဟောကြားထားတဲ့အချက် ဆယ်ချက်ပဲ၊ **အသဒ္ဓမ္မလို့** ဒီလိုပြောတာ၊ ကျီးရဲ့မသူတော်တရားတွေပေါ့။ မကောင်းတဲ့အခြေအနေတွေ။

"အဲဒီလို ငှက်ထဲမှာ အလွန်ယုတ်ညံ့ပြီးတော့ မကောင်းတဲ့အခြေအနေတွေရှိတဲ့ ကျီးကန်းကို အလွန်လှပတဲ့ရွှေရောင်တောက်နေတဲ့ ရွှေဟင်္သာကြီးတွေက ဝန်းရံခစားကြတယ်တဲ့၊ အောက်တန်းကျတဲ့ကျီးကန်းကို ဝန်းရံပြီးတော့ အလေးပေးနေကြတာကို တပည့်တော်မြင်မက်ပါတယ်တဲ့၊ ဒီအိပ်မက်ရဲ့အကျိုး

htpp://www.dhammadownload.com



အပြစ်ကရော ဘယ်လို ဖြစ်လာနိုင်ပါသလဲ"။

မြတ်စွာဘုရားက "ဒါလည်း နောင်အနာဂတ် ရောက်တဲ့အခါမှာ အသိဉာဏ်ကင်းမဲ့ပြီး အင်အားမရှိတဲ့မင်းစိုးရာဇာတွေ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့အခါမှာ ဖြစ်လိမ့်မယ်တဲ့၊ အဲဒီမင်းစိုးရာဇာတွေဟာ ဆင်စီးခြင်းအတတ် မြင်းစီးခြင်းအတတ်ဆိုတဲ့ စစ်ပွဲအတတ်တွေနဲ့ ပတ်သက်ပြီး ကျွမ်းကျင်မှုမရှိဘူးတဲ့၊ ပြီးတော့ စစ်တိုက်ရမှာလည်း ကြောက်တယ်တဲ့၊ အဲဒီလို မင်းစိုးရာဇာလုပ်နေပြီးတော့ ပညာအရည်အချင်းကလည်း ကင်းမဲ့လာတယ်၊ ကင်းမဲ့လာတဲ့အခါကျတော့ သူနဲ့အရည်အချင်းတူတဲ့ ပုဂ္ဂိုလ်တွေကိုတော့ ရာထူးမပေးရဲဘူး၊ ဘာပြုလို့တုန်း၊ သူ့ရာထူးကို လုသွားမှာစိုးလို့၊ ဒါကြောင့်မို့လို့ သူ့အောက်က အင်မတန်မှ နိမ့်ကျတဲ့လူတွေ သူ့ရဲ့ကျေးကျွန်တွေ ဘုရင်ကို ခစားရတဲ့ ကျေးကျွန်တွေ အောက်တန်းစားအနေအထား၊ ဒီလိုမင်းမှုထမ်းအောက်တန်းစားတွေကို ရာထူးပေးတယ်၊ ရာထူးပေးတဲ့အခါကျတော့ တကယ့်ကို အရည်အချင်းရှိတဲ့ပုဂ္ဂိုလ်တွေက ဘုရင့်ထံက ချီးမြှောက်မှုကို မရဘူး၊ အရည်အချင်းမရှိတဲ့လူတွေက ဘုရင့်ထံကနေ ရာထူးတွေ ရတယ်"။

"အဲဒီလို ဖြစ်လာတော့ ရာထူးမရတဲ့ပုဂ္ဂိုလ်တွေဟာ အသက်မွေးလမ်းကြောင်း ခက်ခဲလာကြတယ်၊ အသက်မွေးလမ်းကြောင်း လုပ်ဖို့ရာ မဖြစ်ဘူး၊ ခုနက အောက်တန်းစားတွေက အပေါ်မှာ အထက်တန်းလုပ်ပြီး မင်းကို ကပ်မြှောက်ပြီး

htpp://www.dhammadownload.com


တော့ အုပ်ချုပ်ရေးလုပ်နေကြတဲ့အခါကျတော့ အရည်အချင်း ရှိတဲ့ပုဂ္ဂိုလ်တွေဟာ အရည်အချင်းမရှိတဲ့သူကိုပဲ ခယပြီးတော့ အသက်မွေးရတယ်၊ အဲဒါဟာ အရည်အချင်း မရှိတဲ့ကျီးကန်း ကို အရည်အချင်းရှိတဲ့ လှပတဲ့ ဟင်္သာငှက်ကြီးတွေက ဝန်းရံ ခံစားကြရတာ အိပ်မက်မက်ခြင်းပဲ ဖြစ်တယ်ပေါ့၊ အဲဒီအနေ အထားဟာလည်းပဲ နောင်တစ်ချိန်မှာ ခုလိုဖြစ်လာနိုင်တဲ့အနေ အထားတွေ စွဲပြီးတော့ မက်ခြင်းသာ ဖြစ်တယ်၊ ဒီအိပ်မက် ကြောင့် သင်မင်းကြီးမှာ ဘယ်လိုမှ အကျိုးအပြစ်မဖြစ်နိုင် ဘူး" လို့ ဟောပြောရှင်းပြတယ်။

## ၁၆-ခုမြောက် အိပ်မက်

နောက်ဆုံးအိပ်မက်ကို ပြောပါဦးဆိုတော့ ဆယ့်ခြောက်ခု မြောက်အိပ်မက်ကို ပြောတယ်၊ အဲဒါကျတော့ တောတွင်း တစ်နေရာရောက်သွားတာ၊ တောတွင်းတစ်နေရာရောက်သွား တော့ ဘာတွေတွေ့ရတုန်းလို့ဆိုတော့ သစ်ကျုတ်ဆိုတဲ့ ခပ် သေးသေးအကောင်, ကျားသစ်ထက် နည်းနည်းငယ်တဲ့ အကောင်၊ အဲဒီသစ်ကျုတ်ဆိုတဲ့အကောင်က ပုံမှန်အားဖြင့် သိုးတွေသမင်တွေကို ကိုက်ပြီး စားလေ့ရှိတာ၊ သို့သော် အဲဒီ အိပ်မက်ထဲမှာကျတော့ အဲဒီသစ်ကျုတ်တွေဟာ သိုးကိုလည်း မြင်လိုက်ရော လန့်ဖြန့်ပြီး ထွက်ပြေးကြတယ်တဲ့၊ သိုးတွေက အဲဒီသစ်ကျုတ်ကို နောက်က အတင်းလိုက်ပြီး ကိုက်စားကြ တာ တွေ့ရတယ်ဆိုတော့ ဒီနေရာ ဘာသာပြန်တာများ မှား

htpp://www.dhammadownload.com



သလား မသိဘူး၊ **ဋ္ဌေက** ဆိုတဲ့စကားလုံးကို ဘာသာပြန်ရင် သိုးလို့ပဲ ပြန်လေ့ရှိကြတယ်ပေါ့နော်၊ သိုးလို့ ပြန်တာ ရှိတော့ သိုးဆိုတဲ့သတ္တဝါက အသားစားတဲ့သတ္တဝါ မဟုတ်ဘူး၊ မြက်စားတဲ့သတ္တဝါ ဖြစ်တယ်နော်၊ သစ်ကျုတ်ဆိုတဲ့အကောင်ကတော့ အသားစားတဲ့အကောင် မှန်တယ်၊ ဒီနေရာမှာ လွဲမှားမှုများ ရှိသလားလို့ စဉ်းစားမိတယ်ပေါ့နော်၊ ဘာဖြစ်လို့တုန်းဆိုတော့ ဒီသိုးဆိုတဲ့အကောင်က သတ္တဝါတစ်ကောင်ကို ကိုက်စားဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ သူက သက်သတ်လွတ်စားတဲ့အကောင်လေ၊ သက်သတ်လွတ်စားတာ၊ မြက်တို့ သစ်ရွက်တို့ စားတဲ့ အကောင်က သစ်ကျုတ်ကို ကိုက်စားတယ်ဆိုတာ ကိုက်လောက်အောင်လည်းပဲ သူ့သွားက ဒီလိုအစွယ်တွေ ချွန်ထက်တာတွေ မရှိဘူးလို့ ထင်တယ်၊ ဒီတော့ ဒီ **ဋ္ဌေက** ဆိုတဲ့စကားလုံးကို ဘာသာပြန်တာဟာ ဟုတ်မှ ဟုတ်ရဲ့လားလို့လည်း စဉ်းစားမိတယ်ပေါ့၊ တခြားအကောင်များ ဖြစ်နေမလား။

သို့သော်လည်း ဒီသိုးဆိုတဲ့အကောင်က စားတာမဟုတ်ဘဲနဲ့ သစ်ကျုတ်ဆိုတဲ့အကောင်ဟာ သိုးကို မြင်တာနဲ့ လန့်ပြီး ပြေးတော့ သိုးကောင်ကို ကြောက်နေတဲ့အမိပ္ပါယ်မျိုးလောက်ဆိုရင်တော့ ဒီအဓိပ္ပါယ်ဟာ နည်းနည်း နီးစပ်တယ်ပေါ့၊ အခုတော့ စာထဲမှာ ဘာပါတုန်းဆို **"မုရူမုရူတိ ခါဒန္တေ အဒ္ဒသာ"**တဲ့၊ ကျွတ်ကျွတ်ဝါးစားတာကို တွေ့ရတယ်လို့ ဆိုတော့

htpp://www.dhammadownload.com



သိုးက အဲဒီလောက် စားလို့ ရမလားဆိုတာကို စဉ်းစားကြည့် မိတာပေါ့နော်။

ဒီတော့ အခုလို အိပ်မက်မက်တဲ့အခါမှာ တစ်ခါတစ်ခါ ကျတော့လည်း ဒီ ဘာသာပြန်တဲ့စကားလုံးလေးတွေဟာ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာမှာ စဉ်းစားစရာလေးတွေတော့ ရှိနိုင်တာပေါ့။ နှစ်ပေါင်းများစွာ ကြာလာတဲ့အခါမှာ စကားလုံးတစ်လုံးရဲ့ ပြောင်းလဲသွားမှုတွေ တစ်ခါတစ်ရံကျလို့ရှိရင် အဓိပ္ပါယ် ပြန်ဆိုမှုတွေဟာ လွဲမှားတာလေးတွေ ရှိကောင်း ရှိနိုင်တယ်။

ဒီကနေ့ခေတ်မှာ ဘုန်းကြီးတို့စဉ်းစားရှာဖွေပြီး အမျိုးမျိုး ပြောနေကြတဲ့စကားတစ်ခု ရှိတယ်၊ **"တရစ္ဆ"** အောင်းဆိုတဲ့ အကောင်ရဲ့အသားကို မစားရဘူးလို့ ရဟန်းတွေမှာ မအပ်တဲ့ အသားကြီးဆယ်မျိုးဆိုတာ ရှိတယ်၊ အဲဒီအသားကြီးဆယ်မျိုး ထဲက အောင်းဆိုတဲ့သတ္တဝါရဲ့အသားကို မစားရဘူးဆိုတာ အဲဒီအောင်းဆိုတဲ့အကောင်ဟာ ဘယ်လိုဟာလဲ၊ တချို့ကလည်း နွားနောက်သတ္တဝါလို့ ပြောတယ်၊ နွားနောက်သားက စားကြတယ်လေ၊ ဒီတော့ ဘယ်လိုအကောင် ဖြစ်နိုင်တုန်းဆိုတော့ သုံးသပ်ကြည့်မယ်ဆိုရင် သူက အသားစားတဲ့သတ္တဝါမျိုးထဲက ဖြစ်သင့်တယ်ပေါ့၊ ဒီတော့ **တရစ္ဆ**ဆိုတဲ့စကားလုံးကို အင်္ဂလိပ်လိုပြန်တဲ့ စာအုပ်တွေထဲမှာ ကြည့်မယ်ဆိုလို့ရှိရင် သူက **hyena** လို့ ပြန်တယ်၊ **hyena** ဆိုတဲ့ အကောင်ဟာ ဘယ်လို အကောင်တုန်းဆိုလို့ရှိရင် သူက ဝံပုလွေလောက်လည်း မကြီးဘူး၊ တောခွေးလောက်လည်း မသေးဘူး၊ အဲဒီနှစ်ခုကြားမှာ

htpp://www.dhammadownload.com


ခါးကုန်းကုန်းလေးနဲ့ နေတဲ့ ဝံပုလွေလို ပုံစံမျိုး, တောခွေးလို ပုံစံမျိုး အကောင်ကို hyena လို့ ခေါ်တယ်ပေါ့၊ အဲဒီ hyena လို့ဆိုတဲ့အကောင်ကတော့ သားစားသတ္တဝါပဲ၊ တစ်ခါတစ်ရံ သူတို့က အုပ်လိုက်နေသည့်အတွက်ကြောင့် ခြင်္သေ့ဆီက အစာကိုတောင် လုစားတတ်တယ်၊ ကျွဲတွေ ဘာတွေ တွေ့ရင် လည်း သူတို့ဝိုင်းလိုက်တယ်၊ ဝိုင်းလိုက်ပြီး ကျွဲစိတ်ညစ်အောင် လုပ်ပြီး နောက်ဆုံးကျတော့ ကျွဲကို သတ်စားတဲ့အနေအထား မျိုးအထိ ရှိတယ်ပေါ့၊ **တရစ္ဆ** အောင်းဆိုတဲ့ သတ္တဝါဟာ hyena ဖြစ်လောက်တယ်လို့ ဘုန်းကြီးတို့က ယူဆမိတယ်။

အခုလည်းပဲ သစ်ကျုတ်တွေကို ဝါးစားတယ်ဆိုတာ သိုးက ဝါးစားနိုင်ပါ့မလားလို့ စဉ်းစားကြည့်မိတာပေါ့၊ သိုး ဆိုတဲ့သတ္တဝါက အကောင်ကို ဝါးစားတယ်ဆိုတာ မဖြစ်နိုင် ဘူး၊ ခါတိုင်းက ရှုံးနေကျအကောင်တစ်ခုကနေ အနိုင်ရသွား တဲ့အနေအထားမျိုးကတော့ ဖြစ်ကောင်း ဖြစ်နိုင်တယ်၊ ခုနက ဖားနဲ့ မြွေလို, မြွေက ဖားကို မျိုတယ်, ဖားက မြွေကို မျိုတယ် ဆိုတာ အပြန်အလှန်အားဖြင့်တော့ ဖြစ်နိုင်ကောင်း ဖြစ်နိုင် လိမ့်မယ်၊ အခု သက်သတ်လွတ်စားတဲ့အကောင်တစ်ကောင် က သားစားကောင်တစ်ကောင်ကို ဝါးစားနိုင်တယ်ဆိုတာ တော့ စဉ်းစားစရာပဲ၊ တခြားအကောင်မျိုးများ ဖြစ်နိုင်မလား လို့ စဉ်းစားမိတာကို ပြောပြတာ။

ဒီတော့ ဆယ့်ခြောက်ခုအိပ်မက်အကြောင်း စာထဲမှာ ဆိုထားတာကတော့ "**ဒီပိနော** - ကျားသစ်တွေဟာ (အဲဒီကျား

htpp://www.dhammadownload.com


သစ်ကိုပဲ နောက်ကျတော့ **ဝက**လို့ သုံးတယ်၊ **ဝက**ကို မြန်မာလို ပြန်တော့ သစ်ကျွတ်လို့ ဘာသာပြန်လေ့ရှိတယ်၊) **ဒီပိနော** - ကျားသစ်တွေဟာ၊ **ဋ္ဌေကေ**- သိုးကောင်တို့ကို၊ **ခါဒန္တိ**-စား လေ့ရှိကြကုန်၏၊ ဒါ ပုံမှန်က ကျားသစ်က သိုးကောင်ကို သတ် စားတယ်၊ **"ဋ္ဌေကေ ဒီပိနော အနုပဗ္ဗိတွာ မုရူမုရူတိ ခါဒန္တေ အဒ္ဒသံ"** သစ်ကျွတ်တွေကို လိုက်ဖမ်းပြီး တကျွတ်ကျွတ်ဝါး စားတဲ့သိုးတွေကို မြင်မက်တယ်။

ယုန်နဲ့ခွေးလိုပေါ့၊ ယုန်ဆိုတဲ့သတ္တဝါလည်းပဲ သက်သတ် လွတ်စားတဲ့ကောင်ပဲ၊ ခွေးက ယုန်တွေ့ရင် လိုက်တယ်၊ အခု ဒီတစ်ချိကျတော့ ယုန်ကနေ ခွေးကို လိုက်တယ်၊ အဲဒီလိုပုံစံ မျိုးတော့ ဖြစ်နိုင်တယ်၊ သိုးက ကျားသစ်ကို လိုက်တယ်ဆိုတာ ဖြစ်နိုင်တယ်၊ သို့သော် ဝါးစားတယ်ဆိုတဲ့အဆင့် ရောက်ဖို့ ကျတော့ မှတ်ယူဖို့ရာ ခက်ခဲတယ်ပေါ့နော်၊ ဒီတော့ ဒီနေရာမှာ ခုနကလို ယုန်နဲ့ခွေးလို ပြောင်းပြန်ပြန်တာမျိုးတော့ ဖြစ်ကောင်း ဖြစ်နိုင်တယ်၊ ကျားသစ်တွေဟာ သိုးကိုမြင်လို့ ကြောက်လန့် ပြီးတော့ ထွက်ပြေးသွားကြတာကို တပည့်တော်မြင်မက်ပါ တယ်လို့ဆိုရင် ဒီအဓိပ္ပါယ်ဟာ ဖြစ်နိုင်တယ်ပေါ့၊ သိုးကောင် တွေမြင်လို့ သစ်ကျွတ်တွေဟာ ကြောက်လန့်တကြီးထွက်ပြေး ပြီး ချုံထဲမှာ ပုန်းအောင်းနေကြတယ်ဆိုတဲ့စကားကတော့ မှန် တယ်၊ "ဝါးစားတယ်" ဆိုတဲ့ စကားကိုတော့ နည်းနည်းသတိ ထားရမယ့်အနေအထားမျိုး ရှိတယ်။

htpp://www.dhammadownload.com



နောက်ပိုင်းဆိုလိုက်တဲ့ စကားကျတော့ "**ဝကာ** - သစ်ကျုတ်တို့ဟာ၊ **ဧဠကေ** - သိုးတို့ကို၊ **ဒူရတောဝ ဒိသွာ** - အဝေးကြီးက မြင်ပြီးတဲ့နောက်၊ **တသိတာ တာသပတ္တာ ဟုတ္ဂာ**- ထိတ်လန့်ကြောက်ရွံ့တကြီးဖြစ်ကြပြီး၊ **ဧဠကာနံ ဘယာ** - သိုးတွေကို ကြောက်ပြီး၊ **ပလာယိတ္ဂာ**- ထွက်ပြေးပြီး၊ **ဂုမ္ဗဂဟနာဒိနိ** - တောချုံပုတ်စသည်တို့သို့၊ **ပဝိသိတ္ဂာ**- ဝင်၍၊ **နိလီယိံသု**- ပုန်းနေကြကုန်၏"၊ အဲဒီအနေအထားကတော့ ဖြစ်နိုင်တယ်၊ အဲဒီအိပ်မက်ကို တပည့်တော်မက်ပါတယ်တဲ့၊ အဲဒီအိပ်မက်ဟာ ဘယ်လိုမျိုး အကျိုးအပြစ် ဖြစ်နိုင်ပါသလဲ။

မြတ်စွာဘုရားက ရှင်းတယ်၊ "ဒီအိပ်မက်ဟာလည်း နောင်အနာဂတ်မှာ အကျိုးသက်ရောက်မယ့်နိမိတ်ပဲ"၊ ဒီမှာ မင်းစိုးရာဇာချည်းတွေပဲ ပြောတာဟာ တခြားမဟုတ်ဘူး၊ တိုင်းပြည်တစ်ခု ကောင်းဖို့ဆိုတာလည်းပဲ ခေါင်းဆောင်နဲ့ သက်ဆိုင်တယ်ပေါ့၊ တိုင်းပြည်အုပ်ချုပ်မင်းစိုးရာဇာတွေဟာ တိုင်းပြည်ကောင်းဖို့ သူတို့အပေါ်မှာ တည်တယ်၊ တိုင်းပြည်မကောင်းဖို့ဆိုတာလည်း သူတို့အပေါ်မှာ တည်တယ်။

"ရှေ့ဆောင်နွားလား အကောက်သွားက နောက်နွားတစ်သိုက် အကောက်လိုက်၏"၊ ဘုရားဟောတဲ့ဒေသနာတော်တွေကို ကြည့်ရင် ခေါင်းဆောင်ဟာ သိပ်အရေးကြီးတယ်ပေါ့၊ "ရှေ့ဆောင်နွားလား အကောက်သွားက၊ နောက်နွားတစ်သိုက် အကောက်လိုက်၏၊ ရှေ့ဆောင်နွားလား အဖြောင့် သွားမှ နောက်နွားတစ်သိုက် အဖြောင့်လိုက်၏"ဆိုတဲ့အတိုင်းပဲ။

htpp://www.dhammadownload.com


"မင်းစိုးရာဇာတွေ တရားမစောင့်ဘူးဆိုတဲ့အခါမှာ အရည်အချင်းမရှိတဲ့ပုဂ္ဂိုလ်တွေဟာ မင်းနဲ့အကျွမ်းဝင်ပြီး ရာထူးအာဏာတွေ ရလာတယ်၊ အရည်အချင်းရှိတဲ့ပုဂ္ဂိုလ်တွေက မင်းနဲ့ အကျွမ်းမဝင်တော့ သူတို့ ရာထူးအာဏာ မရဘူး၊ မင်းနဲ့ ရင်းနှီးမှုမရှိသည့်အတွက်ကြောင့် သူတို့ရဲ့စကားတွေဟာ မအောင်ဘူး၊ မင်းနဲ့ အကျွမ်းဝင်တဲ့ပုဂ္ဂိုလ်တွေရဲ့စကားတွေသာ အောင်ပြီး နောက်ဆုံးမှာ သူတို့ပိုင်ဆိုင်တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ တရားတဘောင်ရောက်တဲ့အခါမှာလည်းပဲ တကယ့်ကို အစဉ်အလာရှိတဲ့ပုဂ္ဂိုလ်တွေဟာ တရားရှုံးပြီး မင်းကျွမ်းဝင်တဲ့ပုဂ္ဂိုလ်တွေရဲ့စကားက အောင်မြင်ပြီး ပစ္စည်းဥစ္စာတွေ လက်လွှတ်ဆုံးရှုံးကြ အကြိမ်းမောင်းခံကြရ၊ အဲဒီလို လူ့လောကကြီးမှာ ပြောင်းပြိုပြောင်းပြန်တွေ အကုန်လုံးဖြစ်ပြီးတော့ တစ်ချိန်ကျလို့ရှိရင် ပျက်စီးသွားနိုင်တယ်"တဲ့။

"အဲဒါလိုပဲ ရဟန်းသံဃာတွေအတွင်းလည်း စိတ်ဓာတ်ညံ့ဖျင်းတဲ့ရဟန်းယုတ်တွေဟာ တကယ့်ကို ကိုယ်ကျင့်တရားကောင်းတဲ့ ရဟန်းတွေကို စိတ်တိုင်းကျ အနိုင်ကျင့်ကြတယ်၊ ကိုယ်ကျင့်တရားနဲ့ပြည့်စုံတဲ့ရဟန်းတွေဟာ တောထဲတောင်ထဲပုန်းပြီးတော့ နေကြရတာ၊ အဲဒါလိုအခြေအနေမျိုးတွေ ဖြစ်လာနိုင်တယ်"။

သစ်ကျုတ်တွေဟာ သိုးတွေကို တွေ့တဲ့အခါမှာ ကြောက်လန့်ပြီး တောထဲမှာ ပုန်းကြရသလို အခုလို လူတော်လူကောင်းတွေဟာလည်းပဲ မကြောက်ရမယ့်ပုဂ္ဂိုလ် သိုးဆိုတဲ့အကောင်

htpp://www.dhammadownload.com



ဟာ အလွန်ထုံထိုင်းတဲ့အကောင်၊ သူ့မြင်ပြီး ကြောက်လန့်တကြား ပုန်းကြရသလို လူတော်လူကောင်းတွေဟာ နောက်ဆုတ်သွားရတယ်ဆိုတဲ့အနေအထားမျိုးတွေ ဖြစ်လာနိုင်တယ်တဲ့၊ ဒါ့ကြောင့်မို့လို့ ဒီအိပ်မက်ကို မြင်မက်တာ ဖြစ်တယ်၊ ဒါလည်းပဲ အနာဂတ်ကို အစွဲပြုပြီးတော့ မက်တာသာ ဖြစ်တယ်၊ သင်မင်းကြီးမှာ ဘာအန္တရာယ်မှ မရှိပါဘူး"။

မြတ်စွာဘုရားက အိပ်မက်ဆယ့်ခြောက်မျိုးရဲ့ အကျိုးအပြစ်ကို ရှင်းပြပြီးနောက် ကောသလမင်းကြီးကို ဘာဆက်ပြောတုန်းဆိုတော့ "ဒီလိုအိပ်မက်မျိုးတွေ မက်တာဟာ သင်မင်းကြီးသာ မက်တာ မဟုတ်ဘူး၊ လွန်ခဲ့တဲ့အတိတ်ကာလတုန်းကလည်း မက်ဖူးတယ်" ဆိုပြီးတော့ ဗာရာဏသီပြည်က ဗြဟ္မဒတ်မင်းကြီးမက်တဲ့ အိပ်မက်အကြောင်းကို ဟောတယ်၊ ဒါလည်း ထပ်တူညီမျှပဲ၊ အဲဒီတုန်းက အိပ်မက်ကို ဖြေရှင်းဆုံးဖြတ်ပေးတဲ့ပုဂ္ဂိုလ်ကလည်း ဘုရားအလောင်းစျာန်အဘိညာဉ်ရတဲ့ရသေ့ကြီးပဲ ဖြစ်တယ်၊ အဲဒီလို ဇာတ်ကြောင်း လှန်ပြီးတော့ မြတ်စွာဘုရားက ဒီအိပ်မက်တွေကြောင့် တစ်စုံတစ်ခုဘေးရန်အန္တရာယ် မရှိဘူး"။

"သို့သော် နန်းတော်မှာ ပုဏ္ဏားတွေက စားပေါက်ထွင်တဲ့အနေနဲ့ ယဇ်ပူဇော်ဖို့ရာ လုပ်ကြတာ၊ သားကောင်တွေ သတ်ပြီးတော့ လုပ်တယ်ဆိုတာ သဘာဝမကျဘူး၊ သူများအသက်ကို သတ်ပြီး ကိုယ့်အသက်ရှည်ဖို့ရာ ကြိုးစားတယ်ဆိုတာ တရားမျှတမှု မရှိဘူး၊ သူများအသက်ကို သတ်ပြီး ကိုယ့်အသက်

htpp://www.dhammadownload.com



ရှည်တယ်ဆိုတာလည်း ယုတ္တိမရှိဘူး”လို့ မြတ်စွာဘုရားက ကောသလမင်းကြီးကို ဆုံးမတော်မူတယ်၊ အဲဒီအခါ ကောသလ မင်းကြီးက နန်းတော်မှာ ချက်ချင်းပဲ အမိန့်ပြန်ခိုင်းလိုက်တယ်၊ “ဖမ်းထားတဲ့သတ္တဝါတွေအားလုံးကို အကုန်လွှတ်၊ ယဇ်ပွဲကြီး ကို ဖျက်သိမ်း”၊ အားလုံးသတ္တဝါတွေဟာ ပျော်ပျော်ရွှင်ရွှင်နဲ့ သေဘေးက လွတ်မြောက်သွားကြတယ်တဲ့။

ဒါ တစ်ချိန်တုန်းက ကောသလအိပ်မက်ရဲ့အခြေအနေ တွေပဲ ဖြစ်ပါတယ်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ကောသလအိပ်မက်တွေရဲ့အကျိုးဆက်တွေဟာ နောင်တစ်ခေတ် ကျမှ ဖြစ်ပေါ်လာမှာ ဖြစ်သည့်အတွက်ကြောင့် ယနေ့ကမ္ဘာနဲ့ ချိန်ဆပြီးတော့ ကြည့်ကြရမှာ ဖြစ်တယ်၊ မြတ်စွာဘုရားဟော ကြားခဲ့တဲ့အိပ်မက်ဆိုးကျိုးတွေဟာ ယနေ့ကမ္ဘာမှာ တချို့တစ် ဝက် ဖြစ်ပေါ်နေပြီဆိုတာ ထင်ရှားတယ်၊ အပြည့်အစုံဖြစ်လာ နိုင်တယ်ဆိုတာ သတိကြီးစွာထားပြီး အဆိုးတရားတွေ မဖြစ် ကြရလေအောင် ကိုယ်ကျင့်သီလနဲ့ ပြည့်စုံအောင် နေကြဖို့နဲ့ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရား အလေး ထားလို့ စိတ်ကောင်းနှလုံးကောင်း မွေးမြူကြပြီး လောကကြီး မှာ အားလုံးကြီးပွားတိုးတက်အောင် ကြိုးစားအားထုတ်နိုင် ကြပါစေကုန်သတည်း။

**သာဓု သာဓု သာဓု။**

htpp://www.dhammadownload.com

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဇမ္ဗူ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

htpp://www.dhammadownload.com

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

htpp://www.dhammadownload.com


၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်

၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

၂၄။ မင်္ဂလသုတ်အနှစ်ချုပ်

၂၅။ သာရဏီယတရား

၂၆။ ရသတဏှာ

၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း

၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ

၂၉။ မဟာဒါန

၃၀။ စိတ်၏ထွက်ပေါက်များ

၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ

၃၃။ န စ သော၊ န စ အညော

၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်

၃၅။ စိတ်၏အတွေးများ

၃၆။ ဥပါဒါနပစ္စယာဘဝေါ

၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း

၃၈။ အတ္တာဟိအတ္တနောနာထော

၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်

၄၀။ ဟောသူ နာသူ စိတ်ထားဖြူ

၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

htpp://www.dhammadownload.com

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘောဇ္ဈင်္ဂ
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝဓါဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

htpp://www.dhammadownload.com

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူ့တိုင်းမှာ
၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

htpp://www.dhammadownload.com


၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အဲ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ မွေသံဝေဂနှင့် ဘဝဆည်းဆာ

htpp://www.dhammadownload.com


၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး

၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း

၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး

၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ

၁၁၀။ မွေးနေ့လက်ဆောင်

၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ

၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ

၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း

၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ

၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ

၁၁၆။ ဉာတပရိညာ

၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ

၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား

၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ

၁၂၀။ အားကိုးခြင်း

၁၂၁။ သဒ္ဓမ္မပတိရူပကာသုတ် အနှစ်ချုပ်

၁၂၂။ အတ္တဟိတ နှင့် ပရဟိတ

၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ

၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ

၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်

၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

၁၂၇။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ

htpp://www.dhammadownload.com

htpp://www.dhammadownload.com

htpp://www.dhammadownload.com